# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မည်သည့်ဘေးမျှမရှိတော့**

ကောင်းမှု၊ မကောင်းမှုကို ပယ်ပြီးသော၊ ရာဂ ဒေါသ စသည်တို့ကို ပယ်ပြီးသော နိုးကြားသောပုဂ္ဂိုလ်(ရဟန္တာ)၏ စိတ်သည် ပညာနှင့် ပြည့်စုံသဖြင့် မည်သည့်ဘေးမျှ မရှိတော့ဘဲ ချမ်းသာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၉)


၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ 19, Wednesday July 2017 (၈၉၉၀)




## အာဇာနည်စိတ်မျိုး မွေးမြူ

မိမိတို့ယုံကြည်သောဝါဒအတွက် အသက်ကိုပင်စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲ မွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

# နှစ် (၇၀) ပြည့် အာဇာနည်နေ့

# 19 JULY




သခင်မြ


ဒီးဒုတ်ဦးဘချို


ဦးဘဝင်း


စဝ်စံထွန်း


မန်းဘခိုင်


ဦးရာဇတ်


ဦးအုန်းမောင်


ရဲဘော်ကိုထွေး

ကြေးမုံ

# အာဇာနည်ခေါင်းဆောင်ကြီး၏ ထူးခြားသည့်ဝိသေသ

**ဒုလ္လဘော ပုရိသဇညော၊ န သော သဗ္ဗတ္ထဇာယတိ**
**ယတ္ထသော ဇာယတိ ဓီရော၊ တံကုလံ သုခမေဓတိ။**
*(ဓမ္မပဒ ပါဠိ၊ ဗုဒ္ဓဝဂ်)*

အထက်ပါ ပါဠိလို စာအဆိုရှိသည့်အတိုင်း "ယောကျ်ားအာဇာနည်ဟူသည် နေရာဒေသတိုင်း၌ အခါခပ်သိမ်း မပေါ်ပေါက်။ အကြင်အရပ်၊ အကြင်နိုင်ငံ၌ မတစ်ထောင် တစ်ကောင်ဘွား၊ ယောကျ်ား အာဇာနည် ပေါ်ပေါက်ခဲ့သော် ထိုဒေသ၊ ထိုနိုင်ငံ၊ ထိုလူမျိုးတို့မှာ အဖိုးတန်သမျှ အကျိုးအနန္တ"ဟု ဆိုထားသည်။

ဗိုလ်ချုပ်အောင်ဆန်းတည်းဟူသော တကယ့်အာဇာနည်ဂုဏ်မြောက်သော ဤပုဂ္ဂလဝိသေသ၊ တိဟိတ်ဥက္ကဋ္ဌ၊ ပုရိသအာဇာနည်သည်ကား မြန်မာပြည်သမိုင်းတွင် ပေါ်ပေါက်ခဲ့သောပုဂ္ဂိုလ်ဖြစ်သည်။ မတစ်ထောင် တစ်ကောင်ဘွား ထူးခြားသောဤယောကျ်ားအား မသမာသူအဖျက်သမားများက လွန်ခဲ့သည့် နှစ် ၇၀ ဤရက်တွင် အကြံပက်စက် ယုတ်မာချက်ဖြင့် လုပ်ကြံသတ်ဖြတ်ခံခဲ့ရ၍ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း၌ ရာဇဝင်ရိုင်းခဲ့ချေပြီ။

ဗိုလ်ချုပ်အောင်ဆန်းသည်ကား အမြင်ကျယ်၊ အသိကြွယ်ဝ၏။ တွေးခေါ်မြော်မြင်ဉာဏ်ကောင်းလှ၏။ ဆင်ခြင်သုံးသပ်ကာ ကောက်နုတ်ချက်ချမှတ်နိုင်သူဖြစ်၏။ ဆုံးဖြတ်ပြဌာန်းရည်ကောင်း၏။ အခြေအနေကိုလည်းကောင်း၊ အကြောင်းခြင်းရာကိုလည်းကောင်း စိစစ်ဝေဖန်နိုင်စွမ်း ထူးကဲ၏။ စီမံခန့်ခွဲမှု အထူးကျွမ်းကျင်၏။ သို့သော် ပညာရှိသတိဖြစ်ခဲ မသမာသူတို့က ခြေတစ်လှမ်းဦးသွားခဲ့၏။

ဗိုလ်ချုပ်အောင်ဆန်းသည် အယူမတောင့်သော လူဖြောင့်တို့၏ သဘာဝအတိုင်း ဒိုးခနဲ ဒေါက်ခနဲ ပြတ်ပြတ်သားသား တိတိကျကျ ပြောတတ်သည်။ ဟောတတ်သည်။ ပြောသောစကား ရိုင်းချင်ရိုင်းသွားပါစေ ပြတ်သားသည့်စကားလုံးဖြစ်လျှင် ဗိုလ်ချုပ်၏နှုတ်မှ မထွက်ရဲဟူ၍ မရှိချေ။ ဗိုလ်ချုပ်သည်ကား ကိုယ်ကျိုး၊ ကိုယ့်ဆွေမျိုးအကျိုး၊ ကိုယ့်ပါတီအကျိုး သက်သက်သာ ကြည့်တတ်သူမဟုတ်ချေ။ နိုင်ငံ့အကျိုးကိုကြည့်သူ၊ ပြည်သူ ပြည်သားများ၏အကျိုးကို ကြည့်သူ ရှားမှရှား တကယ့်အာဇာနည်ယောကျ်ားဖြစ်သည်။

ဦးအောင်ဆန်း၊ သခင်အောင်ဆန်းဟူသော ပုဂ္ဂိုလ်သည်ကား ငွေကြေးဥစ္စာ၊ ရာထူး၊ ဘွဲ့ထူး၊ ဂုဏ်ထူးတို့ကို မက်မောခြင်းမရှိ။ နာမည်ကြီးလို၍၊ ခေါင်းဆောင်လုပ်လို၍ စွန့်စားသူမျိုးမဟုတ်။ နိုင်ငံနှင့် လူမျိုးအတွက်ဆိုလျှင် မိသားစုကိုမငဲ့ညှာ၊ မိမိအသက်ကိုပင်မငဲ့ကွက်ဘဲ အသက်စွန့်ရဲသူဖြစ်သည်။ ထို့ကြောင့် တကယ်ယောကျ်ားအာဇာနည် မြန်မာပြည်အတွက် ဆုံးရှုံးခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည်ကား ခေါင်းဆောင်ဘဝကို ဖန်တီးရယူလာသူမဟုတ်၊ လွယ်လွယ်ကူကူ ရလာသူလည်းမဟုတ်၊ အတ္တစွဲလုံးဝမဖက်ဘဲ စေတနာဖွဲ့နှင့် ထိရောက်သောလုပ်ဆောင်မှုများကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူများ ဗိုလ်ချုပ်နောက်တွင်ရပ်တည်လာကာ တစ်နိုင်ငံလုံးက ဗိုလ်ချုပ်အောင်ဆန်းကို ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုကြသဖြင့် ဦးစီးခေါင်းဆောင်ဖြစ်လာသူတည်း။ အဖွဲ့အစည်းတစ်ခုက တင်မြှောက်သော ခေါင်းဆောင်အမျိုးအစားမဟုတ်ချေ။ ထို့ကြောင့် တစ်နိုင်ငံလုံးကို သူမတူအောင်စည်းရုံးနိုင်သော ခေါင်းဆောင်ဖြစ်ခဲ့သည်။

ဤမျှအဘက်ဘက်က ပြည့်စုံသော၊ အရည်အသွေး၊ အရည်အချင်းပြည့်ဝသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်ကား အများအကျိုးအတွက်သာ အကာအကွယ်ပြုတတ်ပြီး မိမိအကျိုးအတွက်မူ မကာကွယ်လို၊ မကာကွယ်တတ်သော ဉာဉ်ရှိသည့်အားလျော်စွာ နယ်ချဲ့လက်ပါးစေလူသတ်သမားတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် အသက်ဇီဝိန်ပျက်ကြွေခဲ့ရသည်။ သို့သော် စစ်မှန်သည့်ခေါင်းဆောင်ကောင်းတို့မည်သည် လူသာသေသော်လည်း နာမည်မသေသကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ အမည်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်ပုဒ်များမှာ မည်သည့်အခါမျှမသေ၊ ကမ္ဘာပင်ကြေစေ၊ ပျက်စေ ဗိုလ်ချုပ်အောင်ဆန်း၏ အမည်ကား မကြေမပျက် ထာဝရဆက်လက်တည်နေဦးမည်ပါတကား။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မြောက်ပြင်ပင်မ ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံရှိ Control Room ၊ Protection Room နှင့် ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးအတွက် အထူးအလေးထား ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။



ယင်းနောက် မွန်းလွဲပိုင်းတွင် မန္တလေး လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းရုံးသို့ ရောက်ရှိပြီး ဥက္ကဋ္ဌက ကော်ပိုရေးရှင်းဖွဲ့စည်းခြင်း၊ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညနေပိုင်းတွင် မန္တလေးမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က) အဆင့်၊ ဂေါဝိန်ဆိပ်ကမ်းသို့ ရောက်ရှိပြီး တာဝန်ရှိသူက ဧရာဝတီမြစ်ကြောင်းမှ သင်္ဘောဖြင့် သယ်ဆောင်လာသည့်ဆီများကို ဆီတင်/ဆီချ ဆိပ်ကမ်းမှ စက်သုံးဆီသိုလှောင်ကန်ကြီးများသို့ တင်ပို့ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြသမှုအခြေအနေကိုလည်းကောင်း၊ စက်သုံးဆီသိုလှောင်ကန်ကြီး များနှင့် ဆီသယ်ယာဉ်များ ထားရှိသည့်နေရာတွင် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လက်တွေ့သရုပ်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းရုံးသို့ ရောက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းသည် ဓာတ်ငွေ့ ပိုက်လိုင်းကြောင်းတစ်ခုနှင့် ရေနံပိုက်လိုင်းကြောင်းတစ်ခု စုစုပေါင်း ပိုက်လိုင်းနှစ်လိုင်း သွယ်တန်းထားရှိပြီး ဓာတ်ငွေ့ပိုက်လိုင်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရမ်းဗြဲကျွန်းမှ စတင်ပြီး ရေနံစိမ်းပိုက်လိုင်းသည် မဒေးကျွန်းမှစတင်၍ ပိုက်လိုင်း နှစ်လိုင်း အပြိုင်သွယ်တန်းထားရှိသည်။ ပိုက်လိုင်းများသည် မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ကို ဖြတ်သန်းပြီး တရုတ်နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ အသီးသီးဝင်ရောက်သွားပြီး ရေနံစိမ်းပိုက်လိုင်းသည် စုစုပေါင်း ၇၇၁ ကီလိုမီတာ ရှည်လျားပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် စုစုပေါင်း ၇၉၃ ကီလိုမီတာ ရှည်လျားကြောင်း သိရသည်။

**(သတင်းစဉ်)**

## စံပြကျေးရွာတွင် ကွင်းသရုပ်ပြပွဲဆောင်ရွက်



**မိုးမိတ် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် ရွှေဇာလီကျေးရွာ ကွင်းအမှတ် (၁၁) တောင်သူ ဦးဘမောင်နှင့် ဦးထွန်းအေးတို့၏ လယ်မြေတွင် ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြတ်မွန်က တောင်သူများ၏ အကျိုးကိုရည်မျှော်၍ စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းပိုမိုရရှိရေးအတွက် စိုက်ပျိုးနည်းစနစ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ခင်မျိုးဝင်းက ဘက်စုံသီးနှံကာကွယ်ရေးနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော တောင်သူများက သိရှိလိုသည့် အချက်အလက်များကို ပြန်လည်မေးမြန်းခဲ့ကြသည်။

အဆိုပါ စံပြကျေးရွာတွင် တောင်သူ ၁၅၄ ဦးနှင့် ဧက ၆၀၀ ပါဝင်ပြီး GAP နည်းစနစ်ဖြင့် ၁၀၄ ဧက ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ခရိုင်စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်(ရွှေဈေး) ၈၉၈၀၀၀ - ၈၉၈၀၀၀၊ မန္တလေး(ရွှေဈေး) ၈၉၈၀၀၀ - ၈၉၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၅ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၀၀/၇၁၅ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၆၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၈၅ ကျပ်၊ | ၆၇၀/၆၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၉၅/၆၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉/၆၂၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၈၀/၅၉၀ ကျပ်

**၁၁-၇-၂၀၁၇ ရက်နေ့မှ ၁၇-၇-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၅၈၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၁၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၀၄ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၁၅ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၄. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁. ၇၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၆၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၅၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၁၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၆. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၁၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆. ၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၈. ၇၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ဆက်လက်ထွက်ခွာ

**ဆိုးလ် ဇူလိုင် ၁၈**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ကျင်းပမည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးသို့တက်ရောက်ရန် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၇ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ယနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် တာဝန်ရှိသူများက အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားလေကြောင်းလိုင်းဖြင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**



**ရခိုင်ပြည်နယ် အခြေအနေနှင့်စပ်လျဉ်း၍ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ရှင်းလင်းပြောကြားစဉ်။**

**❂ မြန်မာနိုင်ငံမှ**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနှင့် နိုင်ငံရေးဆွေးနွေးပွဲများ**

အဆိုပါရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတော်အစိုးရ၏ လက်ရှိဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကအစိတ်အပိုင်းဖြစ်သောနိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ဦးစွာရှင်းလင်းပြောကြားသည်။

ထို့ပြင် မကြာမီကကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ရလဒ်အဖြစ်ရရှိခဲ့သော ဖက်ဒရယ်ဆိုင်ရာအခြေခံမူ(၃၇)ချက်မှာ သိသာထင်ရှားသော တိုးတက်မှုများဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်များသည် ပြည်ထောင်စုသဘောတူစာချုပ်(Union Peace Accord) ၏ အစိတ်အပိုင်းဖြစ်ပြီး မြန်မာပြည်သူများ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံမူများဖြစ်လာမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံဒုတိယအစည်းအဝေး ပြီးစီးပြီးသည့်နောက် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် နောက်ဆုံးအခြေအနေများကိုလည်း ဆက်လက်၍ ရှင်းလင်းပြောကြားသည်။

**ရခိုင်ပြည်နယ် နောက်ဆုံးအခြေအနေ**

ထို့နောက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ရခိုင်ပြည်နယ် အခြေအနေနှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားရာတွင် ရခိုင်ပြည်နယ်အရေးကိစ္စ၏ ရှုပ်ထွေးနက်နဲသည့် သဘောသဘာဝနှင့် ယင်းအရေးကိစ္စကို ဖြေရှင်းရာတွင် နိုင်ငံတော်အစိုးရ၏ ရေတို၊ ရေရှည်အစီအစဉ်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများနှင့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ချမှတ်ခဲ့သော အချက်အလက်ရှာဖွေရေးအဖွဲ့ (Fact Finding Mission) စေလွှတ်ရန် ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက သဘောတူလက်ခံခြင်းမရှိသည့် ရပ်တည်ချက်ကိုထပ်လောင်း၍ ပြောကြားပြီး ယင်းအချက်အလက်ရှာဖွေရေးအဖွဲ့ (Fact Finding Mission) စေလွှတ်ရန်ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံတွင်းအခြေအနေများကို ပိုမို၍ ဆိုးရွားသွားစေနိုင်ကြောင်း အလေးပေးပြောကြားသည်။

**အစွန်းရောက်လှုပ်ရှားမှုများ မြင့်တက်**

ဆက်လက်၍ ဦးသောင်းထွန်းက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အပြစ်မဲ့အရပ်သား အများအပြားသေဆုံးနေရသော အစွန်းရောက်များ၏ တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ အပြစ်မဲ့အရပ်သား ၄၄ ဦး သတ်ဖြတ်ခြင်းခံခဲ့ရပြီး ၂၇ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်လှုပ်ရှားမှုများ မြင့်တက်လာသည့် အထောက်အထားများ တွေ့ရှိနေရကြောင်း၊ ဇွန် ၂၀ ရက်တွင် မေယုတောင်တန်းပေါ်၌ လူလုပ်ဥမင်လိုဏ်ခေါင်းများ၊ သေနတ်များနှင့် လေ့ကျင့်ရေးစခန်းတစ်ခုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြောကြားသည်။

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာ**

ယင်းနောက် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင်ပါရှိသော အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိုးတက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆိုပါတိုးတက်မှုများသည် ရခိုင်ပြည်နယ်အတွင်း ခိုင်မာသော ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများ တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း။

အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာထုတ်ပြန်ပြီး လေးလတာကာလအတွင်း သိသာထင်ရှားသော တိုးတက်မှုများရှိကြောင်း၊ အစိုးရအနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအတွင်း ထိခိုက်ခံခဲ့ရသည့် နေရာအားလုံး၏ ၉၅ ရာခိုင်နှုန်းနီးပါးသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရောက်ရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လူ့အသိုက်အဝန်းအားလုံးထံသို့ အကူအညီများ ပေးအပ်လျက်ရှိကြောင်း၊ ရွေ့လျားဆေးခန်းများဖြင့် လူပေါင်းတစ်သိန်းကျော်အား ကုသပေးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်၌ စုစုပေါင်းကျောင်း ၃၀၀ ကျော် အဆင့်မြှင့်တင်ခဲ့ကြောင်း၊ လူထောင်ပေါင်းများစွာအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချပေးခဲ့ကြောင်း၊ အစိုးရအနေဖြင့် အောင်မြင်တိုးတက်မှုများ ရရှိနေသော်လည်း တစ်ဖက်တွင် နေ့ချင်းညချင်း ပြောင်းလဲမရနိုင်သည့် အခက်အခဲများလည်း ရှိနေသေးကြောင်း ဦးသောင်းထွန်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တွေ့ဆုံပွဲကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းခဲ့သည်။

ယနေ့ကျင်းပသည့်တွေ့ဆုံပွဲသို့ ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ဒီမိုကရေစီနေ့ အထိမ်းအမှတ် ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၈**

ဒီမိုကရေစီရုပ်ရှင်ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဒီမိုကရေစီရုပ်ရှင်ပွဲတော်တွင် ဇာတ်ကားငါးကား ပါဝင်ပြသနိုင်ရေး၊ ပြသမည့်ရုပ်ရှင်ဇာတ်ကားများသည် ခေတ်ကာလအခြေအနေနှင့် သင့်လျော်ကိုက်ညီမှုရှိရေး၊ ရုပ်ရှင်ရုံများအလိုက် ရုပ်ရှင်ဇာတ်ကားများ ပြသနိုင်မည့်အချိန်များကို ကြိုတင်ညှိနှိုင်းသတ်မှတ်ရေး၊ ဒီမိုကရေစီရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပြဇာတ်ကပြဖျော်ဖြေမှုအပါအဝင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပရေးတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ပန်းချီစိုးမိုးနှင့် ဦးအောင်လွင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ ရုံတင်ပြသညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ Forever Group Co., Ltd. နှင့် JCGV ရုပ်ရှင်ရုံအုပ်စု(ရွှေတောင်ကုမ္ပဏီလီမိတက်)တို့မှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တက်ရောက်လာကြသူများက ရုပ်ရှင်ပွဲတော်ကျင်းပမည့်နေရာ သတ်မှတ်ရေး၊ ပြသမည့်ဇာတ်ကားများ၊ ရုပ်ရှင်ပွဲတော်သီချင်းနှင့် Logo သတ်မှတ်ရေးစသည်ဖြင့် အကြံပြုဆွေးနွေးတင်ပြကြသည်။

အဆိုပါတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဒီမိုကရေစီ ရုပ်ရှင်ပွဲတော်ကို လာမည့်စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ရက်များအတွင်း ရုပ်ရှင်ဇာတ်ကားငါးကားကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်စသည့် မြန်မာနိုင်ငံတစ်ဝန်းမြို့ကြီးများရှိ ရုပ်ရှင်ရုံများတွင် တစ်ပြိုင်တည်း ပြသသွားမည်ဖြစ်သည်။



ပွဲတော်ရက်များအတွင်း ရန်ကုန်နှင့်မန္တလေးမြို့တို့ရှိ အမျိုးသားကဇာတ်ရုံများတွင် ဖျော်ဖြေရေးအစီအစဉ်အဖြစ် ပြဇာတ်များနှင့် အငြိမ့်ပွဲများ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မုန်တိုင်းငယ် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၈**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေသို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ပူရီမြို့၏အနောက်တောင်ဘက် ၂၅ မိုင်ခန့်၊ ဂိုလ်ပါပူမြို့၏ အရှေ့-အရှေ့မြောက်ဘက်မိုင် ၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားပြီး ယနေ့ညတွင် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ပူရီမြို့နှင့် ဂိုလ်ပါပူမြို့တို့အကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာကို ထွန်းသစ်စနိုင်ငံများသို့ ဂျပန်တင်ပို့မည်



ဂျပန်နိုင်ငံ နာဂါနိုစီရင်စုရှိ မတ်စုကာဝါ ဘူမိအပူစွမ်းအင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။

**တိုကျို ဇူလိုင် ၁၈**
ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု နည်းပါးသည့် ဘူမိအပူစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နည်းပညာရပ်များကို စီးပွားရေး ထွန်းသစ်စနိုင်ငံများသို့ တင်ပို့နိုင်ရန် ဂျပန်အစိုးရအဖွဲ့က စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

**-- အာဏာသက်ဝင် --**

ပါရီ ရာသီဥတု ထိန်းညှိရေးသဘောတူညီချက် အာဏာသက်ဝင်လာခဲ့ပြီးနောက် အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှဒေသတို့ရှိ နိုင်ငံများသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု အလွန်နည်းပါးသော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အတွက် ဝယ်လိုအား မြင့်မားနေသော နိုင်ငံများဖြစ်ကြသည်။

**-- မျှော်လင့် --**

ပြည်ပသို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နည်းပညာ တင်ပို့နိုင်ရေးအတွက် အသေးစိတ်အစီအစဉ်များကို မကြာမီ ရေးဆွဲနိုင်မည်ဟု မျှော်လင့်ရကြောင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြောကြားကြသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ ထူထောင်ရေးအတွက် လုပ်ဆောင်ရာတွင် ကုန်ကျစရိတ်ကြီးလေးသည့် ပြဿနာကို ရင်ဆိုင်ရမည်ဟု ဖွံ့ဖြိုးဆဲနိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြကြောင်း၊ ယင်းပြဿနာ လျော့ပါးသက်သာစေရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေတွေ့ရှိနိုင်ရန်မှာ အဆိုပါ ဝန်ကြီးဌာနများအတွက် စိန်ခေါ်မှု ဖြစ်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**-- အသုံးချဖွယ် --**

ဂျပန်နိုင်ငံသည် ယင်း၏ မဟာမိတ်နိုင်ငံများနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေး ထူထောင်နိုင်ရန် ရည်ရွယ်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာ တင်ပို့မှုကို အသုံးချဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ကျိုဒို။**

## အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ကမ်းရိုးတန်းဒေသ၌ တောမီးလောင်မှုဖြစ်ပွား

**ဆန်တာဘာဘရာ ဇူလိုင် ၁၈**
အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား ပြည်နယ်ရှိ သာယာလှပသော ကမ်းရိုးတန်းဒေသရှိ သစ်တောနယ်မြေတွင် တောမီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးကိုထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပြီး နေအိမ် ၁၆ လုံး မီးလောင်ကျွမ်းခံခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

**-- ရွှေ့ပြောင်းပေး --**

ကာလီဖိုးနီးယားပြည်နယ်ဆန်တာဘာဘရာမြို့အနီး ပါဒရက်စ်အမျိုးသားသစ်တောဥယျာဉ်ဒေသရှိ ဝှိုက်တီယာနယ်မြေ၌ တောမီးလောင်မှုဖြစ်ပွားရာတွင် တောမီးပမာဏ၏ ၄၉ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ကာလီဖိုးနီးယားသစ်တောနှင့် တောမီးကာကွယ်ရေးဌာနက ပြောကြားသည်။ တောမီးလောင်မှုကြောင့် ဒေသခံပြည်သူ ၂၆၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

**-- ခန့်မှန်း --**

ဒေသတွင်းအပူချိန်နှင့် စိုထိုင်းဆတို့၏အခြေအနေမှာ ဖြစ်မြဲအတိုင်း ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း၊ တောမီးလောင်မှုဖြစ်ပွားသော ပင်လယ်ကမ်းရိုးတန်းဒေသ တစ်လျှောက်၌ ကုန်းတွင်းပိုင်းလေအေး ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**-- ထုတ်ပြန်ကြေညာ --**

ဆန်တာဘာဘရာစီရင်စု၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားကြောင်း ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက ပြောကြားသည်။

ပါဒရက်စ် သစ်တောဥယျာဉ်ဒေသရှိ ဝှိုက်တီယာနယ်မြေတွင် ဇူလိုင် ၁၄ ရက် ညနေပိုင်းမှစ၍ တောမီးလောင်ခဲ့ခြင်းဖြစ်သည်။

# ဟဲလ်မန်းပြည်နယ်တောင်ပိုင်းရှိ အရေးပါသည့်ခရိုင်တစ်ခုကို အာဖဂန် လုံခြုံရေးတပ်ဖွဲ့များက ပြန်လည်သိမ်းယူ

**ကဘူး ဇူလိုင် ၁၈**
အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်းပြည်နယ်တောင်ပိုင်းမှ အရေးပါသည့် နာဝါခရိုင်ကို တာလီဘန်တို့လက်မှ အာဖဂန်နစ္စတန်အစိုးရလုံခြုံရေးတပ်ဖွဲ့များက ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း၊ အာဖဂန်စစ်ဘက်က သုံးရက်ကြာ စစ်ဆင်ရေးပြုလုပ်ခဲ့ပြီးနောက် ယင်းသို့ ပြန်လည်သိမ်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဇူလိုင် ၁၇ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။ **(ယာပုံ)**

**-- ဆုတ်ခွာ --**

တာလီဘန်စစ်သွေးကြွများသည် ထိခိုက်သေကျေမှုများစွာ ဖြစ်ပွားပြီး နာဝါခရိုင်အတွင်းမှ ဆုတ်ခွာထွက်ပြေးသွားကြကြောင်း၊ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါခရိုင်ကို အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့များက ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။

တာလီဘန်များအား စစ်ရေးအရ တိုက်ခိုက်ခဲ့ရာ၌ စစ်သွေးကြွ ၅၀ ကျော်သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကာ တစ်ဦးထက်မနည်း ဖမ်းဆီးရမိကြောင်း အာဖဂန်စစ်ဘက်က ပြောကြားခဲ့သော်လည်း ၎င်းစစ်ဆင်ရေးအတွင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုနှင့်ပတ်သက်၍ ဖော်ပြခြင်းမရှိပေ။

**-- အဆုံးသတ် --**

အာဖဂန်အစိုးရလုံခြုံရေးတပ်ဖွဲ့များ၏ စစ်ရေးအရ တိုက်ခိုက်မှုကြောင့် နာဝါခရိုင်ကို တာလီဘန်များက တစ်နှစ်နီးပါးကြာမျှ သိမ်းယူထားမှုကို အဆုံးသတ်သွားစေကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ဟဲလ်မန်းပြည်နယ်သည် ဘိန်းစိုက်ပျိုးမှုရှိသော ပြည်နယ်ဖြစ်ပြီး လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း အဆိုပါပြည်နယ်၌ တာလီဘန် စစ်သွေးကြွသောင်းကျန်းသူများ တိုးပွားလာကြောင်း တွေ့မြင်ရသည်ဆို၏။ **ဆင်ဟွာ။**



## ရုရှားအရှေ့ဖျားဒေသ၌ အင်အားပြင်း မြေငလျင်လှုပ်

**ဗလာဒီဗော့စတော့ ဇူလိုင် ၁၈**
ရုရှားနိုင်ငံအရှေ့ဖျားကမ်ချက်ကာကျွန်းဆွယ်ကမ်းလွန်ရှိ ကွန်မန်ဒါကျွန်းစုတွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ အင်အားပြင်း မြေငလျင်လှုပ်မှုကို ရုရှားသိပ္ပံအကယ်ဒမီဘူမိ-ရူပ လေ့လာရေးဌာနက တိုင်းတာရရှိခဲ့ကြောင်း ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကွန်မန်ဒါကျွန်းစုတွင် ကျွန်းတစ်ကျွန်းအဖြစ် ပါဝင်သည့် ဘာရင်းကျွန်းပေါ်ရှိ နီကိုစလိုရီး လူနေအခြေစိုက်စခန်းမှ ၂၃၃ ကီလိုမီတာအကွာတွင် ငလျင်ဗဟိုချက်တည်ရှိပြီး ရေအောက်အနက် ၄၈ ဒသမ ၃ ကီလိုမီတာတွင် ငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။

အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် အင်အားအနည်းငယ်ရှိ နောက်ဆက်တွဲမြေငလျင်များ ဆက်တိုက်လှုပ်ခဲ့ရာတွင် ငလျင်တစ်ခုမှာ ပြင်းအား အဋ္ဌနီကျူ ၅ အဆင့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

နီကိုစလိုရီး လူနေအခြေစိုက်စခန်း၌ နေထိုင်သူများအား ဆူနာမီသတိပေးချက် ထုတ်ပြန်ထားပြီး အဆောက်အအုံများပျက်စီးမှုနှင့် လူအများထိခိုက်မှုသတင်းများ လတ်တလော ထွက်ပေါ်လာခြင်းမရှိသေးပေ။

ဘာရင်းကျွန်းနှင့် မက်နီကျွန်းနှင့်ကျွန်းငယ်ပေါင်း ၁၅ ကျွန်းပါဝင်သည့် ကွန်မန်ဒါကျွန်းစုသည် မီးတောင်ကျွန်းများဖြစ်ကြသည်။ **ဆင်ဟွာ။**

# မက္ကဆီကိုနယ်စပ်တစ်လျှောက်၌ တံတိုင်းကာရန် ပြင်ဆင်နေဟုဆို

မက္ကဆီကိုစီးတီး ဇူလိုင် ၁၈
အငြင်းပွားဖွယ်ဖြစ်ရသည့် နယ်စပ်တံတိုင်း တည်ဆောက်ရေးအတွက် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်အရှေ့တောင်ပိုင်းဒေသတွင် တိတ်တဆိတ်ပြင်ဆင်ဆောင်ရွက်နေကြောင်း မက္ကဆီကိုနိုင်ငံ နိုတီမက် သတင်းဌာနက ဇူလိုင်လ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တက္ကဆက်ပြည်နယ်အရှေ့တောင်ပိုင်းတွင် နယ်စပ်တံတိုင်း တည်ဆောက်ရေး ပထမအဆင့်အတွက် အမေရိကန် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေးရုံးက သိုသိုသိပ်သိပ် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**-- သတ်မှတ် --**

တံတိုင်းတည်ဆောက်မည့် လမ်းကြောင်းအဖြစ် တက္ကဆက်ပြည်နယ် မက်အယ်လင်မြို့အရှေ့တောင်ဘက်ရှိ ဆန်တာအင်နာ အမျိုးသားတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဥယျာဉ်တစ်လျှောက် နယ်မြေကို သတ်မှတ်ထားကြောင်း တက္ကဆက်အော်ဇာဗာ စာစောင်ပါ ရေးသားဖော်ပြချက်ကို ကိုးကားလျက် နိုတီမက် သတင်းဌာနက သတင်းထုတ်ပြန်သည်။

တံတိုင်းတည်ဆောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုအပေါ် ဦးတည်ကာ အဆိုပါ စာစောင်တွင် ရေးသားဖော်ပြထားသည်ဆို၏။

ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းကို လုပ်ဆောင်နေပြီး တည်ဆောက်မှုလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်ကြောင်း အဆိုပါစာစောင်က ရေးသားသည်။

**-- ရည်ညွှန်း --**

နှစ်နိုင်ငံ နယ်စပ်တွင် စည်းရိုးတစ်ခု တည်ဆောက်ရန် အမေရိကန်က ရည်မှန်းသည်။ ယင်းစည်းရိုးသည် အမြင့် ၅ ဒသမ ၄ မီတာနှင့် အရှည် ၄ ဒသမ ၈ ကီလိုမီတာ ရှိမည်ဖြစ်ကြောင်း၊ လွန်ခဲ့သော ၁၀ နှစ်က တက္ကဆက်ပြည်နယ် ဟီဒါလိုမြို့အနီးတွင် အလားတူ တံတိုင်းတစ်ခု တည်ဆောက်ခဲ့ဖူးကြောင်း ရေးသားထားသည်။

အမေရိကန် - မက္ကဆီကိုနယ်စပ်တွင် စည်းရိုးတည်ရှိသော်လည်း တောင့်တင်းခိုင်မာပြီး ထိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိသော တံတိုင်းသစ်တစ်ခုကို တည်ဆောက်သွားရန် ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့က ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သည်။ **ဆင်ဟွာ။**



အမေရိကန်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ မက္ကဆီကို နယ်စပ်အနီး ကင်းလှည့်စဉ်။

# ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခဲ့ဖူးသည့် သက်ကြီးဂီတပညာရှင်များ၏ အမှတ်တရ ရင်တွင်းစကားသံများ

**ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ဆုံခဲ့ဖူးသည့် သက်ကြီးဂီတပညာရှင်များ၏ အမှတ်တရရင်တွင်းစကားများကို မေးမြန်း၍ ဇူလိုင် ၁၉ ရက်နေ့တွင် ကျရောက်သည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကြေးမုံသတင်းစာဖတ်ပရိသတ်များအတွက် ရေးသားတင်ပြလိုက်ပါသည်။**



ရဲဘော်သိန်းဆောင်



ဦးမောင်မောင်လေး



ဦးအုန်းလွင်



တက္ကသိုလ်ကြည်မာ

**ရဲဘော်သိန်းဆောင်**
**(တေးဆို၊ မဟာဂီတ)**

အာဇာနည်နေ့ ဆိုတာတော့ တစ်သက်လုံး မေ့မရတဲ့နေ့ပေါ့။ ကျွန်တော်တို့ ၁၅ နှစ်သားလောက်က ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီး ဆုံးသွားတယ်ပေါ့။ အဲဒီအခါကျတော့ ကျွန်တော်တို့လွန်ခဲ့တဲ့အနှစ် ၇၀ လောက်ကနေ ယနေ့အထိ မေ့လို့မရပါဘူး။ ကျွန်တော်တို့ကျောင်းသားဘဝထဲက ဆုံးသွားပါတယ်။ နန်းရင်းဝန်ဂဠုန်ဦးစောက အယူအဆလွဲတယ်လို့ ထင်ပါတယ်။ ဗိုလ်ချုပ်ကိုအထင်မှားပြီး အသက်ကိုရန်ရှာလုပ်ကြံတယ်။ ဟိုတုန်းကတော့ အတွင်းဝန်ရုံးပေါ့။ အခုတော့ ဝန်ကြီးများရုံးမှာ အစည်းအဝေးတက်နေတုန်း လုပ်ကြံသွားတယ်လို့ ကြားသိရပါတယ် ။ ဗိုလ်ချုပ်ကလည်း သူ့ကိုယ်သူ ယုံကြည်စိတ်ချပြီးတော့ သူ့ရဲ့လုံခြုံရေးတပ်တွေကို ပြန်လွှတ်တယ်လို့ပြောပါတယ်။ ကျွန်တော့်ရဲ့မိတ်ဆွေ ဦးထွန်းလှကို ဗိုလ်ချုပ်က ပစ္စည်းတစ်ခုသွားဝယ်ခိုင်းလိုက်တာ။ အဲဒီမှာ လုံခြုံရေးကတစ်ယောက်ပဲ ကျန်ခဲ့တယ်။ ပထမကတော့နှစ်ယောက်ရှိတယ်။ ဟိုကလည်း အဓမ္မဝင်လာပြီး လုပ်ကြံလိုက်တော့ ကျဆုံးခဲ့ရပါတယ်။ စိတ်လည်းမကောင်းသလိုဝမ်းလည်းဝမ်းနည်းရပါတယ်။ အခုတော့ အာဇာနည်နေ့မှာ ဘယ်ကိုမှ မသွားနိုင်တော့လို့ အိမ်ကနေပဲ နှစ်စဉ်အလေးပြုဖြစ်ပါတယ်။

**ဂီတစာဆို ဦးမောင်မောင်လေး**

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးတဲ့နှစ်မှာ ကျွန်တော်တို့က မြို့မကျောင်း ၂ တန်းကျောင်းသားဘဝပေါ့။ အဲဒီနေ့က ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားပြီလို့ကြားတော့ ကျွန်တော်တို့ကျောင်းကဆရာမတွေ အပြေးအလွှား ငိုနေကြတယ်။ နံနက် ၁၁ နာရီလောက်မှာ ကျောင်းနေ့တစ်ဝက်ပိတ်တယ်လို့ ကြေညာတယ်။ အဲဒါနဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ရုပ်အလောင်းတွေကို ဂျူဗလီဟောမှာ အများကြည့်လို့ရအောင်ပြသထားတယ်။ တောတွေ၊ မြို့တွေက ပြည်သူတွေ လာကြည့်ပြီး ငိုကြတယ်။ ဗိုလ်ချုပ်ကဘယ်လောက်တော်သလဲဆိုရင် ရွှေတိဂုံဘုရား အလယ်ပစ္စယံမှာ တရားဟောတဲ့နေ့က ကျွန်တော်တို့ကလေးတွေက အောက်မှာ ဆော့ကစားနေကြတယ်။ ဒါပေမယ့် ဗိုလ်ချုပ်က အေးဆော့ဆော့ တိုးတိုးဆော့ဆိုပြီး အဲလိုပြောခံရတယ်။ ဗိုလ်ချုပ်ကျဆုံးတဲ့အချိန် ငိုနေတဲ့အထဲမှာ အမေလည်းပါတယ်။ နောက်ဆုံး ဗိုလ်ချုပ်ကိုမြေချတဲ့အထိ သယ်ထုတ်လာတဲ့ ဆေးရုံကြီးရင်ခွဲရုံမှာ ဘုန်းကြီးတောင်လာကြည့်ပြီး ငိုတယ်။ ကျွန်တော်ဘာမှမသိပေမယ့် အမေနဲ့အတူလိုက်ငိုမိတယ်။ ဗိုလ်ချုပ်က မင်းသားချစ်ဆွေရဲ့ ရုပ်ရှင်တွေကို ကြိုက်တယ်။ အဲဒီတုန်းက ရုပ်ရှင်လက်မှတ်တွေက တစ်မူးတန်း၊ တစ်ပဲတန်းတို့ရှိတယ်။ ကျွန်တော်တို့ကလေးတွေလည်း ရုပ်ရှင်ကြည့်ချင်ရင် လက်မှတ်တိုးဝယ်ရတယ်။ ဗိုလ်ချုပ်က သူ့ရဲဘော်တွေနဲ့လာကြည့်တာ ကြုံဖူးတယ်။ သူကရုပ်ရှင်ကို အလကားလည်း မကြည့်ဘူး။ သူကိုယ်တိုင်လက်မှတ်တိုးဝယ်တယ်။ ကျွန်တော်တို့ကလေးတွေ လက်မှတ်တိုးတဲ့အခါ သူ့ရဲဘော်တွေကို ဟော့ကောင်တွေ ဒီကလေးတွေကို လက်မှတ်တိုးပေးလိုက်ကြစမ်းကွာလို့ ပြောတာကြားဖူးတယ်။ ဗိုလ်ချုပ်က ပြည်သူတွေကြားထဲမှာ အလွှာလည်း မရှိဘူး။ ကလေးလူငယ်တွေအပေါ်မှာ ကြင်နာတတ်တာတွေ့တယ်။

**ဦးအုန်းလွင်(ဂီတနက်သံ)**

ဗိုလ်ချုပ်ကို လေးစားအားကျတယ်။ တော်လှန်ရေးနဲ့ပတ်သက်ပြီးတော့ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ အသက်စွန့်ပြီးတော့ တိုင်းပြည်အတွက် ကြိုးစားခဲ့ရတယ်။ အာဇာနည်နေ့မှာ ဗိုလ်ချုပ်အတွက် ဂုဏ်ပြုပေးခဲ့တဲ့ ဟိုတုန်းက တင်တင်မြဆိုခဲ့တဲ့ ဇာနည်နွယ်သီချင်းက အဘအတွက် အမှတ်တရပဲ။ ဘာကြောင့် ပြန်မလွှင့်၊ မဖော်ထုတ်တာလဲဆိုတာတော့ အဘလဲမသိဘူး။ အဲဒီအတွက် စိတ်မကောင်းဖြစ်ရပါတယ်။ အဘအသက် (၁၄)နှစ်၊ (၁၅)နှစ်လောက်ကတည်းက ရေးထားတဲ့ သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ဗိုလ်ချုပ်နဲ့ပတ်သက်ပြီး အမှတ်တရကတော့ အင်းစိန်မီးရထားဝင်း၊ ပိန်းနွယ်ကုန်းမှာ ဗိုလ်ချုပ်တရားဟောတာသွားကြည့်ပြီး နားထောင်ခဲ့ဖူးတယ်။ အဲဒါကတော့မှတ်မှတ်ရရပါပဲ။

**တက္ကသိုလ်ကြည်မာ(ဒေါ်ခင်ကြည်)**
**တေးရေး၊ တေးဆို**

၁၉၄၇ ဇူလိုင် ၁၉ ရက်နေ့က ဗိုလ်ချုပ်ကျဆုံးတယ်ဆိုပြီး သတင်းကြားတော့ အင်မတန် ယူကျုံးမရဖြစ်ခဲ့ရပါတယ်။ မကြာခင်မှာပဲ ဗိုလ်ချုပ်ကို ဂျူဗလီဟောဆိုတဲ့ ခန်းမမှာ ကျဆုံးသွားကြတဲ့ အာဇာနည်ကြီးတွေအားလုံး ကန်တော့ခံဖို့ ပြင်ဆင်ထားတဲ့ဆီကို အဲဒီတုန်းက ဖ. ဆ. ပ. လ အသင်းအောက်မှာရှိတဲ့ အဖွဲ့တွေအားလုံး အသုတ်လိုက်၊ အသုတ်လိုက်ဝင်ပြီး အလေးပြုကြပါတယ်။ ကျွန်မတို့ဆိုရင် ကျောင်းသားသမဂ္ဂအနေနဲ့လည်းသွားပြီး အလေးပြုရပါတယ်။ ကင်းထောက်အမျိုးသမီးအနေနဲ့လည်းသွားပြီး အလေးပြုရတယ်။ မြန်မာနိုင်ငံ လူငယ်အစည်းအရုံးဝင်အနေနဲ့လည်း အသင်းလိုက်သွားပြီး ကန်တော့ခဲ့ပါတယ်။ အမှတ်တရကတော့ ဗိုလ်ချုပ်အောင်ဆန်းက ဘိလပ်သွားရန်ပုံငွေ ဟောပြောပွဲတွေ လုပ်ပါတယ်။ အဲဒီတော့ အင်းစိန်ကိုရောက်လာတော့ ဟောပြောပွဲအပြီးမှာ အဒေါ်အိမ်မှာ ထမင်းကျွေးပါတယ်။ ဗိုလ်ချုပ်က အဲဒီလိုဟောပြောပွဲမစခင် ပထမဆုံးကြိုတင်စီစဉ်တဲ့အနေနဲ့ လူငယ်အစည်းအရုံး ဘယ်မှာလဲဆိုပြီး ဂျစ်ကားနဲ့ ကျွန်မတို့အိမ်ရှေ့ကို ရောက်ပြီး မေးတာ။ ဟိုဘက်လမ်းမှာ ဒီအိမ်နဲ့ တည့်တည့်ပဲဆိုပြီး ညွှန်လိုက်ရတယ်။ ဗိုလ်ချုပ်ကို အနီးကပ်တွေ့လိုက်ရတယ်။ ဗိုလ်ချုပ်က အဲဒီအချိန်မှာ ရိုးရိုးစစ်ယူနီဖောင်း အရောင်ဖျော့ဖျော့ပဲ ဝတ်ထားတယ်။ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးနဲ့ အသားကညိုတယ်ဆိုပေမယ့် အသားလတ်လို့ ခေါ်မှာပေါ့။ အရပ်အမောင်းကတော့ ဂျစ်ကားပေါ်မှာထိုင်နေတာဆိုတော့ မသိရဘူး။ ဗိုလ်ချုပ်မရှိတော့ အင်မတန်မှ ယူကျုံးမရဖြစ်ခဲ့ရတယ်။ ဗိုလ်ချုပ်သာရှိခဲ့မယ်ဆိုရင် မြန်မာနိုင်ငံကြီးဟာ အခုဆို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနေပြီလို့ ယူဆပါတယ်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ဇာဏီ**

## ကြိုဆိုနေလျက် (၁၉) ရက်

(အချိုးတွဲ)

✻ မပျောက်ရိုးပေဘု
ရောက်နိုးငယ်နဲ့ မျှော်လို့လား…
သည်လ ချိန်ခါ…။
ကြိုင့်လို့သာ
အာဇာနည် ထိုတစ်ရက်…။
မမေ့နိုင်
ယနေ့တိုင် ပြည်လူထုတို့
ဂုဏ်ပြုနေလျက်…။ ။

✻ သမိုင်းအဆက်ဆက်
တိုင်းအထက်နှင့် ပြည်ဇမ္ဗူ…။
ဘာမထီ ဇာနည်သွေးမို့
လေးစားလောက်သူ…။
ဂုဏ်ဖွဲ့လို့ စံမတူ
မြန်မာဟူ၍ ဝင့်ကြွား…။
သည်တစ်ခေတ်မှာ သည်တစ်ယောက်မို့
အံ့လောက်ပေတကား…။ ။

✻ ဂုဏ်မညှိုးလို့ လူမသေ
ကမ္ဘာမြေ အဝှမ်း…။
မည်နာမ ထပ်ထပ်သစ်လေတဲ့
ပြည်ချစ်အောင်ဆန်း…။ ။

လင်းညို



အာဇာနည်နေ့အမှတ်တရ ဆရာကြီး ဦးဘဂျမ်း၏ ဖဆပလခေတ်က စာနယ်ဇင်းတွင် ရေးဆွဲခဲ့သော ခေတ်ကိုထင်ဟပ်သည့်သမိုင်းဝင် ကာတွန်းလက်ရာကို ပြန်လည်ဖော်ပြလိုက်ပါသည်။

## အာဇာနည်နေ့ဂုဏ်ပြု တောင်းဆုတို့ပြည့်စေ

❖ ဗိုလ်ချုပ်ကို တကယ်ချစ်ရင်ဖြင့်
ထားရစ်ခဲ့ လွတ်လပ်ရေးအမွေ
ထိန်းသိမ်းစို့မသွေ။
"အာဇာနည်" မမေ့ကြစေ
တို့တိုင်းပြေ(ပြည်)ခေါင်းဆောင်များ။
သွေးသားနဲ့ အသက်ခန္ဓာ
ကံကြမ္မာအခြေညှိုးလေတဲ့
တစ်ဆယ့်ကိုး ဇူလိုင်
တို့နိုင်ငံတစ်ဝှမ်းမှာလ
ကျမျက်ရည်ဖြိုင်ဖြိုင်ဝေပေါ့
မဖြေနိုင် အလွမ်းတွေနဲ့
ပန်းခွေမှာ စာစီလို့ဆုခြွေတောင်းတယ်
(အာဇာနည်ခေါင်းဆောင်အပေါင်း)
ကောင်းရာဘုံ ကောင်းရာဘဝ
ရကြစေသား။ ။

အောင်မြင့်စိုး(ရေစကြို)

နှစ် (၇၀) ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# အာဇာနည်နေ့ အာဇာနည်စိတ်ဓာတ်

**မော်လင်း**

မိုးရာသီဖြစ်သည့်အားလျော်စွာ ထိုနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှာ မိုးရွာနေသည်။ ဖွဲဖွဲရွာလိုက်၊ ဖြိုင်ဖြိုင်ရွာလိုက်နှင့် ကောင်းကင်တစ်ခုလုံး အုံ့မှိုင်း၊ ညိုမှုန်နေ၏။ မနက်ခင်းတစ်ခုလုံး မိုးလုံးဝစဲသွားသည်ဟူ၍ မရှိပါ။ မြန်မာနိုင်ငံ၏ ကံကြမ္မာက ထိုနေ့မှစ၍ အဆိုပါအုံ့ပျညို့ညို့ မိုးကောင်းကင်ကဲ့သို့ မှုန်မှိုင်းသွားခဲ့ရလေသည်။

ထိုနေ့နံနက်ခင်း နေအိမ်မှ ထွက်လာသော ဗိုလ်ချုပ်အောင်ဆန်းမှာ ရွှင်ရွှင်ပျပျ လန်းလန်းဆန်းဆန်း။ မကြာခင်ကျရောက်လာတော့မည့် မိမိကိုယ်တိုင်၏ ကြမ္မာဆိုးကို လည်းကောင်း၊ မြန်မာနိုင်ငံ၏ ကြမ္မာဆိုးကိုလည်းကောင်း မသိရှာ။ အမြဲတမ်းမြင်နေကျ ကာကီယူနီဖောင်းနှင့်မဟုတ်ဘဲ ဘန်ကောက်လုံချည် သနပ်ခါးရောင် မန္တလေးပိုးတိုက်ပုံ၊ သဲကြီးအဖြူရောင် လေယာဉ်ပျံဖိနပ်တို့ကို ဝတ်ဆင်ပြီး သပ်ရပ်တင့်တယ်နေသော ဗိုလ်ချုပ်အောင်ဆန်းဖြစ်နေ၏။ အိမ်မှအထွက် ပြုံးရွှင်လန်းဆန်းစွာဖြင့် သမီးငယ်ကို ယုယနမ်းရှုပ်နှုတ်ဆက်ကာ အတွင်းဝန်ရုံးဆီသို့ ထွက်လာသည်။

ထိုအချိန်က အထွေထွေနိုင်ငံရေးအခြေအနေမှာ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ ကြိုးပမ်းမှုဖြင့် မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်သောနိုင်ငံဖြစ်ရန် သေချာသလောက်ရှိနေပြီ။ မြန်မာပြည်သူလူထုတို့၏ အနာဂတ်လင်းရောင်ခြည်များ ပေါ်ထွက်နေချိန်လည်းဖြစ်သည်။

ဗြိတိသျှအစိုးရကလည်း ယင်းကာလအတွင်းမှာ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ အဓိကပါဝင်သော အင်္ဂလိပ်ဘုရင်ခံ၏ အမှုဆောင်ကောင်စီ(အစိုးရဝန်ကြီးအဖွဲ့)ဖွဲ့စည်းထားပေးပြီးဖြစ်၏။

မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ ၂၇ စက်တင်ဘာ ၁၉၄၆ တွင် ဖွဲ့စည်းလိုက်သော အမှုဆောင်ကောင်စီတွင် ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယသဘာပတိအဖြစ် တာဝန်ယူထားသည်။ ဒုတိယသဘာပတိဆိုသော်လည်း အစိုးရအဖွဲ့ဝန်ကြီးများ အစည်းအဝေးများတွင် သဘာပတိဖြစ်သူ အင်္ဂလိပ်ဘုရင်ခံက တက်ရောက်ခြင်းမပြုတော့သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်နေပြီ ဖြစ်၏။ ကိုယ့်မင်းကိုယ့်ချင်းအုပ်ချုပ်တော့မည့် မြန်မာနိုင်ငံ၏ တိုင်းရေးပြည်ရာများကို ဗြိတိသျှအစိုးရက ပါဝင်စွက်ဖက်ခြင်းမပြုတော့ ဟူသည့် သဘောဖြစ်ပါသည်။

ပုံမှန်အားဖြင့် ဝန်ကြီးအစည်းအဝေးများကို ဘုရင်ခံအိမ်တော်တွင် ကျင်းပလေ့ရှိသော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှနန်းရင်းဝန်(ဝန်ကြီးချုပ်)ကလီမင့်အက်တလီတို့ လွတ်လပ်ရေးအတွက် သဘောတူသည့် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုသည့် ဇန်နဝါရီ ၁၉၄၇ မှစ၍ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းမှာသာ ကျင်းပလေ့ရှိ၏။

ဝန်ကြီးများအစည်းအဝေးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပနေကျဖြစ်သော်လည်း လွှတ်တော်ကော်မတီအစည်းအဝေးနှင့် တိုက်ဆိုင်နေသဖြင့် ဝန်ကြီးများအစည်းအဝေးကို ၁၉ ဇူလိုင် ၁၉၄၇ (စနေနေ့)သို့ ရွှေ့လိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အကျည်းတန်ဆုံး ကံကြမ္မာ အလှည့်အပြောင်း တစ်ခုဖြစ်လာခဲ့သည်။

အတွင်းဝန်ရုံးသို့ ဗိုလ်ချုပ်ရောက်သည့်အချိန်တွင် အစည်းအဝေးတက်ရောက်မည့်ဝန်ကြီးများ စုံလင်စွာ စောင့်ဆိုင်းနေကြပြီဖြစ်၏။

အစည်းအဝေးခန်းကျယ်မှာ ဝင်ပေါက်သုံးပေါက်ရှိ၏။ ဂငယ်ပုံခင်းကျင်းထားသည့် စားပွဲရှည်သုံးခုရှိ ထိပ်ဆုံးစားပွဲ၏ အလယ်တည့်တည့်တွင် ဗိုလ်ချုပ်အောင်ဆန်း ထိုင်သည်။ ကပ်လျက်ရှိလက်ဝဲဘက်စားပွဲတွင် ဦးဘဂျမ်း၊



ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြနှင့် မိုင်းပွန်စော်ဘွား စဝ်စံထွန်းတို့ ထိုင်နေကြ၏။ အဝင်လမ်းကို ကျောပေးထားသော လက်ယာဘက်စားပွဲတွင် သခင်မြ၊ ဒီးဒုတ် ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ အစဉ်အလိုက် ထိုင်နေကြ၏။

ဦးကျော်ငြိမ်း၊ ဦးဝမ်ကိုဟော၊ စောစံဘိုးသင်၊ ဆမားဒူးဝါး ဆင်ဝါးနောင်တို့ကား နိုင်ငံခြားရောက်နေကြသောကြောင့် အစည်းအဝေးတွင် မပါဝင်နိုင်ကြ။

လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဌာနဆိုင်ရာဝန်ကြီး ဦးဘဂျမ်းနှင့် စက်မှုလက်မှုနှင့် အလုပ်သမားဌာနဝန်ကြီး မန်းဘခိုင်တို့မှာ နေမကောင်းဖြစ်နေကြသော်လည်း အရေးကြီးနေသည့် အချိန်အခါဖြစ်နေသည့်အလျောက် အစည်းအဝေးကို မဖြစ်မနေတက်ရောက်နေကြ၏။ လမ်းပန်းဆက်သွယ်ရေးဌာနဆိုင်ရာကိစ္စများ ပြောဆိုရန် အတွင်းဝန် ဦးအုန်းမောင်လည်း အစည်းအဝေးခန်းတွင်းသို့ ရောက်ကာ သခင်မြ၏အနီး၌ ဝင်ရောက်နေရာယူထားသည်။

ယင်းအခိုက် စွေရွာနေသည့် စနေနေ့ မိုးဖွဲဖွဲအောက်တွင် AC 1814 နံပါတ်ပြား တပ်ထားသော ဂျစ်ကားတစ်စီး အတွင်းဝန်ရုံး အနောက်တောင်ထောင့် အဆောင်သို့ ဆိုက်ရောက်လာ၏။ ထိုကားပေါ်မှ ၁၂ နံပါတ် တပ်မတော်တံဆိပ်များ တပ်ထားသည့် စစ်ယူနီဖောင်းများကို ဝတ်ဆင်ပြီး ကင်းဘတ်ဖိနပ်အဖြူများ စီးထားသည့် လူလေးဦးကားပေါ်ကဆင်းကာ ဘေးလှေကားမှပတ်၍ အပေါ်ထပ်သို့ လျင်မြန်စွာတက်လာကြ၏။ အမှတ်တမဲ့ဆိုလျှင် စစ်ဘက်မှ အရေးတကြီးရောက်လာသည့်ရဲဘော်များဟု ထင်မြင်နိုင်၏။

ထို့နောက် ရုတ်ခြည်းဆိုသလို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ ကျင်းပနေသည့် အစည်းအဝေးခန်းအတွင်းသို့ အခန်းစောင့်ကို ဖယ်ရှားဝင်ရောက်လာကာ တော်မီဂန်းသုံးလက်၊ စတင်းဂန်းတစ်လက်ဖြင့် ပစ်ခတ်တော့သည်။

သေနတ်ကျည်ကတ်များ ကုန်သည်ထိ ပစ်ခတ်ပြီးနောက် ချက်ချင်းဆိုသလို ပြန်လည်ထွက်ခွာသွားကြလေ၏။ အစည်းအဝေးခန်းမှအထွက် အပြင်စင်္ကြံတွင် ပက်ပင်းတိုးတွေ့သော ဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်ကိုထွေးကိုပစ်ခတ်ရင်း ဗိုလ်အောင်ကျော်လမ်းဘက်ရှိ လှေကားကြီးမှ အောက်ထပ်သို့ ဆင်းပြေးပြီး ဂျစ်ကားပေါ်တက်ကာ မောင်းထွက်သွားကြတော့၏။

ထိုပစ်ခတ်လုပ်ကြံမှုကြောင့် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာ၊ ဗမာ့တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သေနတ်ကျည်ဆန် ၁၃ ချက် ထိမှန်ကာ ထိုနေ့နံနက် ၁၀ နာရီ ၃၇မိနစ်တွင်နေရာ၌ပင် ကျဆုံးခဲ့ရရှာသည်။

ဗိုလ်ချုပ်နှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့သည်လည်း ထိုနေ့မှာပင် ကျဆုံးခဲ့ရသည်။

ဒဏ်ရာရရှိထားသော မိုင်းပွန်စော်ဘွား စဝ်စံထွန်းသည်ကား နောက်တစ်နေ့ ၂၀ ဇူလိုင် ၁၉၄၇ တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့ရရှာသည်။

ဝန်ကြီးများဖြစ်ကြသော ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ နှင့် ပျော်ဘွယ်ဦးမြတို့ ကံကြီးစွာဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြပါသည်။

ထိုနေ့ နေ့တွင်းချင်းပင် အင်းလျားကန်စောင်းရှိ ဂဠုန်ဦးစောအိမ်သို့ သောင်းကျန်းမှုနှိမ်နင်းရေးတပ် အမှတ်(၁) တပ်ဖွဲ့မှူး ဗိုလ်သိန်းဟန်နှင့်အဖွဲ့တို့ မသင်္ကာမှုဖြင့် သွားရောက်ရှာဖွေရာ ဦးစော၏ တပည့်များက ကာကွယ်ပစ်ခတ်ခုခံခဲ့ကြသေးသော်လည်း ဦးစောအပါအဝင် သူ၏အဖွဲ့သား ၂၀ ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးမေးမြန်းချက်များနှင့် တရားရုံးထွက်ဆိုချက်များအရ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသည့် အဓိက ကြိုးကိုင်ခေါင်းဆောင် ဂဠုန်ဦးစောနှင့်အတူ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ၊ မှုံကြီး၊ ဘညွန့်တို့ကို တရားစွဲဆိုခဲ့ကာ ဘညွန့်က အစိုးရသက်သေအဖြစ်ထွက်ဆိုပြီး အမှုမှလွတ်မြောက်ခဲ့သည်။ ကျန်သူအားလုံး သေဒဏ်အမိန့်ချမှတ်ခံရသော်လည်း နောင်တွင် သုခ၊ ခင်မောင်ရင်၊ မောင်နီတို့ သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲကျခံခဲ့ရသည်။

တရားရုံး၏ ဆုံးဖြတ်ချက်အရ ဦးစော၊ မှုံကြီး၊ မောင်စိုး၊ သက်နှင်းတို့ကို အင်းစိန်ထောင်တွင်လည်းကောင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ရန်ကုန်ထောင်တွင် လည်းကောင်း ၈ မေ ၁၉၄၈ တွင် ကြိုးဒဏ်ပေးလိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရခြင်းအတွက် မြန်မာပြည်သူတစ်ရပ်လုံးသာမက နိုင်ငံတကာကပါ ယူကျုံးမရဖြစ်ခဲ့ကြသည်။

မြန်မာ့သမိုင်းတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရခြင်းသည် အရုပ်ဆိုးအကျည်းတန်ဆုံး ဖြစ်ရပ်ဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုအတွက် အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးလည်း ဖြစ်ခဲ့ပါသည်။

**ဒုလ္လဘော ပုရိသဇညော၊န သော သဗ္ဗတ္ထဇာယတိ**
**ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခ မေဓတိ။**

*(ဓမ္မပဒ ပါဠိ၊ ဗုဒ္ဓဝဂ်)*

လူယောက်ျားမြတ် အာဇာနည်ဟူသည် လွန်စွာ ဖြစ်ခဲရခဲလှ၏။

အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသော ထိုအာဇာနည်ယောက်ျားမျိုးသည် အကြင်သို့သော တိုင်းနိုင်ငံ၊ အကြင်သို့သော အရပ်ဒေသ၊ အကြင်သို့သော လူမျိုး၌ တစ်ရံတစ်ဆစ် ဖြစ်ထွန်းလာသည် ဖြစ်လေအံ့။ ထိုတိုင်းနိုင်ငံ၊ ထိုအရပ်ဒေသ၊ ထိုလူမျိုးသည် ချမ်းသာခြင်းရှိသည်ဖြစ်၍ ကြီးပွားလေ၏။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများကား မြန်မာနိုင်ငံမှ အာဇာနည်များ ဖြစ်ပါ၏။ ဤသို့သော အာဇာနည်များ မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့ပါ၏။ သို့သော်လည်း နိုင်ငံရေးအာဏာကို ပြည်သူ့ထောက်ခံမှုဖြင့် ရယူနိုင်ရန်မကြိုးပမ်းဘဲ လက်နက်အားကိုး အချောင်ရယူလိုသည့် အကြမ်းဖက် လူသတ်ဝါဒ၏ အဖျက်အဆီးကြောင့် မြန်မာ့အာဇာနည်များ ဆုံးရှုံးခဲ့ရခြင်းသည်ကား ဝမ်းနည်းယူကျုံးမရဖွယ်ရာတည်း။

အာဇာနည် စိတ်ဓာတ်ဆိုသည်ကား လက်ရုံးရည်၊ နှလုံးရည် (သတ္တိဗျတ္တိ) ပြည့်စုံပြီး အမြော်အမြင်ကြီးကြီး ကိုယ်ကျင့်ဖြူစင်စွာဖြင့် အများအကျိုးအတွက် မိမိ၏ အသက်ကိုပင် စွန့်လွှတ်ရန် ပိုင်းဖြတ်ထားသည့် စိတ်ဓာတ်ဖြစ်ပါ၏။

မြန်မာနိုင်ငံတွင်း၌ အာဇာနည်စိတ်ဓာတ်ရှိသူ အများအပြားပေါ်ထွန်းလာရန် အားထုတ်ကြိုးပမ်းကြပါစို့။ ။

**ကိုးကား။**

- **တက္ကသိုလ်နေဝင်း-မမေ့နိုင်သောဇူလိုင်(၁၉)ရက်**
- **ဦးမြတ်မင်း(ရှုဒေါင့်)-ဗိုလ်ချုပ်တို့ကျဆုံးစဉ်က**
- **ဒဂုံမြတ်လေးနွယ်-သူတို့(၉)ဦးနှင့် သူတို့ ၉ ဦး**
- **မူဝံ-ဂဠုန်ဦးစော၏ နောက်ဆုံးနံနက်**
- **ဦးသန်းမြင့်(သာယာဝတီ)ဂဠုန်ဦးစော၏ နောက်ဆုံးနေ့**
- **တို့ဗမာအစည်းအရုံးသမိုင်း**

❖ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများကား မြန်မာနိုင်ငံမှ အာဇာနည်များ ဖြစ်ပါ၏။ ဤသို့သော အာဇာနည်များ မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့ပါ၏။ သို့သော်လည်း နိုင်ငံရေးအာဏာကို ပြည်သူ့ထောက်ခံမှုဖြင့် ရယူနိုင်ရန်မကြိုးပမ်းဘဲ လက်နက်အားကိုး အချောင်ရယူလိုသည့် အကြမ်းဖက် လူသတ်ဝါဒ၏ အဖျက်အဆီးကြောင့် မြန်မာ့အာဇာနည်များ ဆုံးရှုံးခဲ့ရခြင်းသည်ကား ဝမ်းနည်းယူကျုံးမရဖွယ်ရာတည်း။

# နှမြောတသ ဝမ်းနည်းကြေကွဲရသော
# မမေ့နိုင်သည့်နေ့








### တစ်မြို့လုံး တုန်လှုပ်ချောက်ချား

ကမ္ဘာ့ရာဇဝင်တွင် မှတ်တမ်းတင်ခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများအား မသမာသူလူသတ်သမားများက ရန်ကုန်မြို့ အတွင်းဝန်ရုံးရှိ ဝန်ကြီးများအစည်းအဝေးခန်းတွင် **၁၉-၇-၁၉၄၇ စနေနေ့** နံနက် ၁၀ နာရီခွဲပြီးချိန်တွင် လုပ်ကြံသတ်ဖြတ်ခဲ့ရာ သေဆုံးသူ ခေါင်းဆောင်ကြီးများ၏ အလောင်းများနှင့် ဒဏ်ရာရရှိထားသူ မိုင်းပွန်စော်ဘွားကြီးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သူနာပြုကားများဖြင့် ပို့ဆောင်ကြသည်။ အတွင်းဝန်ရုံးတွင် ဗိုလ်ချုပ်တို့ကို သေနတ်ဖြင့်ပစ်သည်ဟု ကြားရသည်နှင့်တစ်ပြိုင်နက် ရန်ကုန်တစ်မြို့လုံး ချောက်ချားသွားပြီး အရောင်းအဝယ်အလုပ်အကိုင်များရပ်ဆိုင်းသွားကာ ရုပ်ရှင်ရုံများ၊ ဈေးများ၊ ဆိုင်များပိတ်ထားလိုက်ကာ နေဝင်မီးငြိမ်း ယာယီအမိန့်ထုတ်ပြန်လိုက်သည်။

### အများပြည်သူငိုကြွေးဂါရဝပြု

ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဗဟန်းမြို့နယ် တာဝါလိန်းလမ်း(ယခုနတ်မောက်လမ်း) နေအိမ်သို့ ပို့ဆောင်ထားသော ဗိုလ်ချုပ်အောင်ဆန်း၏အလောင်းကို **၂၀-၇-၁၉၄၇ ရက် တနင်္ဂနွေနေ့** မွန်းလွဲ နှစ်နာရီတွင် ဗိုလ်ချုပ်နေအိမ်မှ ဆူးလေဘုရားလမ်း၊ ထို့နောက် ဖရေဇာလမ်း(ယခုအနော်ရထာလမ်း)မှ ရွှေတိဂုံဘုရားလမ်းတစ်လျှောက် လှည့်လည်သယ်ဆောင်ကြပြီး ဂျူဗလီဟော (ယခုတပ်မတော်စစ်သမိုင်းပြတိုက်နေရာဟောင်း)သို့ ပို့ဆောင်ခဲ့ရာ တစ်မြို့လုံးရှိလူထုပရိသတ်များ အုန်းအုန်းကျွက်ကျွက် လိုက်ပါပို့ဆောင်ခဲ့ကြသည်။ ထို့နောက် ပြည်သူ့စျာပနအမှုဆောင်ကော်မတီဖွဲ့စည်း၍ စျာပနအခမ်းအနားကို တစ်လကြာပြုလုပ်ပြီး အများပြည်သူတို့ လာရောက်ငိုကြွေးဂါရဝပြုကြသည်။

### ဆွမ်းသွတ်အမျှဝေငိုကြွေးဆုတောင်း

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခြင်းရက်လည်နေ့၊ ဇူလိုင်လ ၂၆ ရက်၊ စနေနေ့တွင် တစ်တိုင်းတစ်ပြည်လုံးရှိပြည်သူများအားလုံး အလုပ်အကိုင်များရပ်ဆိုင်းကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းသွတ်အမျှဝေ ဆုတောင်းအဓိဋ္ဌာန်ပြုကြပြီး လွမ်းဆွတ်သတိရ ဝမ်းနည်းပူဆွေးငိုကြွေးခဲ့ကြသည်။

### တစ်မျိုးသားလုံးဝမ်းနည်းသောနေ့

မသမာသူလူတစ်စု၏လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားရရှာသော အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဇူလိုင်လ ၂၆ ရက်နေ့ကို တစ်မျိုးသားလုံး၏ ဝမ်းနည်းတသသောနေ့အဖြစ် မြန်မာတစ်ပြည်လုံးတွင် အသိအမှတ်ပြုခဲ့ကြသည်။ အစိုးရရုံးများအားလုံးနှင့် ပျော်ပွဲရွှင်ပွဲများအားလုံးကို ထိုနေ့တွင် ပိတ်ထားရပြီး အစိုးရအဆောက်အအုံများအားလုံးတွင် အလံများကို တိုင်တစ်ဝက်လွှင့်ထူထားခဲ့ကြသည်။

### အာဇာနည်ကုန်းသို့ပို့ဆောင်

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦး စျာပနကို တစ်လကြာထားရှိပြီးနောက် ပြည်သူ့စျာပနအမှုဆောင်ကော်မတီကဦးဆောင်ကာ အစိုးရခေါင်းဆောင်များ၊ စစ်ဘက်၊ အရပ်ဘက်၊ ပြည်တွင်း၊ ပြည်ပမှ ပြည်သူလူထုတစ်ရပ်လုံးက ရန်ကုန်မြို့ ဂျူဗလီဟောမှတစ်ဆင့် ရွှေတိဂုံဘုရားလမ်းအတိုင်း သယ်ဆောင်ခဲ့ကြပြီး ရွှေတိဂုံဘုရား တောင်ဘက်မုခ်နှင့် အရှေ့ဘက်မုခ် အလယ်ပစ္စယံကိုပတ်ကာ မြင့်မြတ်သော သူရဲကောင်းများ၏ နေရာဖြစ်သော အာဇာနည်ကုန်း (ရွှေတိဂုံလေးဘုရား)နေရာတွင် ဂူသွင်းမြှုပ်နှံသည့်အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့သည်မှာ ယနေ့အခါတွင် နှစ်ပေါင်း ၇၀ ပြည့်ပြီဖြစ်သော်လည်း သတိရ ဝမ်းနည်း မမေ့နိုင်ဆဲ. . .။










အာဇာနည်ကုန်း တောင်ပူဇာလေးများပေါ်တွင် လူထုပရိသတ်ကြီးကို အဝေးမှမြင်ရပုံ။


ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများအား အာဇာနည်ကုန်းသို့ သယ်ဆောင်လာကာ ဂူများသွင်းပြီးနောက် သေနတ်ပစ်ဖောက်အလေးပြုစဉ်။

# မစ္စယန်ဟီလီ ပြည်ထောင်စုဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၈**
ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီအား ယနေ့တွင် သီးခြားစီလက်ခံတွေ့ဆုံကြသည်။



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်သည် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် နံနက် ၁၁ နာရီတွင်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း မစ္စယန်ဟီလီအား သီးခြားစီလက်ခံတွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်တွေ့ဆုံစဉ် **(အပေါ်ယာပုံ)** ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံအတွင်း ကလေးလုပ်သားပပျောက်ရေး၊ အဓမ္မစေခိုင်းမှုပပျောက်ရေးစီမံဆောင်ရွက်မှုနှင့် အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်နှင့် တွေ့ဆုံစဉ် မိုရာမုန်တိုင်းဒဏ်ခံစားခဲ့ရသည့်ဒေသများအတွင်း ထောက်ပံ့ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ အကာအကွယ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားသည့်အစီအမံများနှင့် တနိုင်းဒေသတွင် ပဋိပက္ခကြောင့် ရွှေ့ပြောင်းလာသည့်ပြည်သူများကို ကူညီစောင့်ရှောက်ပေးနိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်တွေ့ဆုံစဉ် သင်ယူမှုအခွင့်အလမ်း မြင့်မားရေးနှင့် အခမဲ့ အခြေခံပညာရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လူတိုင်းအကျုံးဝင် ပညာရေးနှင့် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်နေမှု၊ ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ရွှေ့ပြောင်းလုပ်သား မိသားစုများ၏ ကလေးများ ပညာဆက်လက်သင်ယူနိုင်ရေးဆောင်ရွက်နေမှု၊ တက္ကသိုလ်ပညာသင်ယူမှု အခွင့်အလမ်းများနှင့် ဘဝတစ်သက်တာသင်ယူမှု အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အတွင်းရေးမှူး ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီတို့ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၈**
မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူးဦးဇော်မြင့်ဖေ ဦးဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီတို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံကြသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ကော်မရှင်အတွင်းရေးမှူးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားရာ မစ္စယန်ဟီလီကလည်း သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ဒေါ်ကျိန်ငိုက်မန်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၈/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)**
**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၃၀၄/၃၃၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**အား ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၃)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့အကြို ကဗျာ၊ ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**
ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှကျင်းပသည့် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့အကြို လှုပ်ရှားမှု ကဗျာ၊ ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁) မူလတန်းကြိုကျောင်း၌ ပြုလုပ်သည်။

ပြိုင်ပွဲကျင်းပရခြင်းမှာ ကလေးများသည် ငယ်ရွယ်စဉ်အချိန်မှစ၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ တာဝန်ယူစိတ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အားကျအတုယူနိုင်စေရန်အတွက် စာစီစာကုံးပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကျမည့် လူကောင်းလူတော်များ ဖြစ်လာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က အမှာစကားပြောကြားပြီး စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

အာဇာနည်နေ့အကြို လှုပ်ရှားမှုအနေဖြင့် ဇူလိုင် ၁၄ ရက်က လူမှုဝန်ထမ်းလက်အောက်ရှိ ဌာနငယ်၊သင်တန်းကျောင်းများနှင့် ပရဟိတဂေဟာများမှ ကျောင်းသား ကျောင်းသူ ၇၈ ဦး ပါဝင်ယှဉ်ပြိုင်သည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ရန်ကုန်မြို့ နားမကြားသော ကလေးများကျောင်းတွင်လည်းကောင်း၊ ဇူလိုင် ၁၇ ရက်က မူလတန်းကြိုကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ် ၉၀ ပါဝင်ယှဉ်ပြိုင်သည့် ပန်းချီပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဗဟန်းမြို့နယ် အမှတ်(၁) မူလတန်းကြိုကျောင်းတွင်လည်းကောင်း ပြုလုပ်ခဲ့ရာ စုစုပေါင်း ပြိုင်ပွဲဝင် ၁၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**




# သံအမတ်ကြီး ဦးမောင်မောင်လင်း ဆိုက်ပရပ်စ်နိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၁၈**
ဆိုက်ပရပ်စ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်မောင်လင်းသည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၁၃ ရက်တွင် နီကိုရှားမြို့၌ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ သမ္မတ မစ္စတာနီကို့စ် အင်နက်စ်တာ စီယာဒီးစ်ထံပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁၇/၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)**
**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| လေ ၁၇၉၁ | အစား | ကြည်း ၁၉၄၉၀ |
| ဗိုလ်မှူးချုပ်ကျော်ဆွေဦး | | ဗိုလ်မှူးချုပ်တင့်လွင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်ဝင်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) ဦးခင်မောင်ထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

# ကြီးမြတ်သော လူပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိ

## လင်းအေး

လူပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိကို ပြောကြ၊ ရေးကြမည်ဆိုလျှင် သူလို၊ ကိုယ်လို ရိုးရိုးသာမန်လူတွေ၏အကြောင်းအရာ အတ္ထုပ္ပတ္တိမျိုးမှာ ထွေထွေထူးထူး ပြောစရာ၊ ရေးစရာမရှိ။ ဘယ်နေ့မှာမွေးသည်၊ ဘယ်နေ့မှာ သေသည်။ သည်မျှပါပဲ။ အချို့ တစ်ခွန်းပဲပြောစရာရှိသည်။ တစ်ကြောင်းပဲ ရေးစရာရှိသည်။ စာဖွဲ့စရာဘာမျှမရှိ။ တချို့ပုဂ္ဂိုလ်တွေကြတော့ သူ့အကြောင်းပြောစရာ စကားတစ်ခွန်းတစ်လေပိုသည်။ ရေးစရာ စာတစ်ကြောင်းထက်တော့များသည်။ စာလေးငါး ၁၀ မျက်နှာ သို့မဟုတ် စာအုပ်ပါးပါးတစ်အုပ်စာလောက်တော့ ရေးစရာ၊ မှတ်တမ်းတင်စရာတွေရှိသည်။ အင်မတန် ထူးခြားထင်ရှားသူ အနည်းငယ်(ရှားပါးပုဂ္ဂိုလ်များ)တို့၏ အကြောင်းခြင်းရာ ဘဝဇာတ်ကြောင်းကို မှတ်တမ်းထူမည်ဆိုလျှင်ကား ရေးစရာတွေ တစ်ပုံတစ်ပင်။ ထူထူထဲထဲ စာအုပ်တွေ အတွဲလိုက် ထွက်လာနိုင်သည်။ သို့သော် စာအုပ်ထူတာ၊ ပါးတာထက် ပိုအရေးကြီးသည်မှာ အပြောအရေးခံရသူ အတ္ထုပ္ပတ္တိရှင်သည် ဘဝမှာ အဆိုးတွေများခဲ့သလား။ အကောင်းတွေ များခဲ့သလားဆိုသည့်အချက်ပင် ဖြစ်သည်။ ပုဂ္ဂိုလ်ထက် လူသားတွေမှန်သမျှ မည်သူမျှတော့ စင်းလုံးချောမဖြစ်နိုင်။ ခြောက်ပစ်ကင်း သဲလဲမစင်နိုင်။ အနည်းနှင့်အများဆိုသလို ချို့ယွင်းချက်၊ အားနည်းချက်တွေ အမှားတွေ ရှိခဲ့ကြမည်သာဖြစ်သည်။ “မဆုံးမကုန်နိုင်၊ မကြံစည်နိုင်၊ မအံ့သြနိုင် ထွေပြားများပြားကျယ်ဝန်းသော ကျေးဇူးတော်အဖုံ၊ ဂုဏ်တော်အပေါင်း၌ ပြည့်စုံတော်မူထသော”ဟူသည့် မြတ်စွာဘုရား၏ ဂုဏ်ပုဒ်မျိုးတော့ရှိနိုင်မည်မဟုတ်။ တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်း၏ လူတစ်ယောက်အပေါ် အကဲဖြတ်သတ်မှတ်သည့် နှုန်းစံကတော့ ၇၀-၃၀ ဖြစ်သည်။ လူတစ်ယောက်(သို့မဟုတ်) ဖြစ်ရပ်တစ်ခု (ယဉ်ကျေးမှုတော်လှန်ရေးကို ရည်ညွှန်းခြင်းဖြစ်သည်။)သည် အကောင်း ၇၀၊ အဆိုး ၃၀၊ အမှန် ၇၀၊ အမှား ၃၀ ရှိသည်ဆိုလျှင် လက်ခံကျေနပ်လောက်သည်ဟု ဆိုသည်။ (တိန့်ရှောင်ဖိန်သည်ပင် သူသည် အကောင်း ၅၀၊ အဆိုး ၅၀ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် အကဲဖြတ်ခဲ့သည်။)

သာမန် စာတစ်ကြောင်း၊ စာလေး၊ ငါးမျက်နှာလောက်သာ ရေးစရာရှိသည့် လူမျိုးကို ဖယ်ထား၍ စာအုပ်ထူကြီး ရေးသားပြုစုမှတ်တမ်းတင်ရမည့် ပုဂ္ဂိုလ်များတွင် အမျိုးအစားနှစ်မျိုးရှိသည်။ တစ်မျိုးမှာ ဘဝတွင် အမှားတွေ၊ အဆိုးတွေ အများကြီး လုပ်ခဲ့သည့်သူများဖြစ်ပြီး နောက်တစ်မျိုးမှာ ဘဝတွင် အမှန်တွေ၊ အကောင်းတွေ အများကြီး လုပ်သွားခဲ့သည့် ပုဂ္ဂိုလ်များဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် အကောင်းအဆိုး ၇၀-၃၀ ထက်ပိုလုပ်ကြသူများဖြစ်သည်။ ၈၀-၂၀၊ ၈၅-၁၅ ရရှိပြီး ဂုဏ်ထူးရကြသူများဖြစ်သည်။

ထိုသို့ ဂုဏ်ထူးရကြသူများ၌ လုပ်ကြံမှုကြီးတွင် ကျဆုံးခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ပါဝင်ပါသည်။ ထိုနေရာတွင် လူတစ်ယောက်၏ အဆိုးအကောင်း၊ အမှားအမှန်ကို ဘာနှင့် သတ်မှတ်မလဲ။ မည်သည့် ပေတံနှင့် တိုင်းတာမလဲဟု စဉ်းစားစရာရှိသည်။ လူတစ်ယောက်သည် သူ့ဘဝ တစ်သက်တာတွင် ကိုယ်ကျိုးမရှာ၊ လူအများထံမှ မခိုးမဝှက်၊ မလုမယက်၊ ပြည်သူကို မနှိပ်စက်၊ အကျင့်စာရိတ္တဖြူစင်သန့်ရှင်းစွာ၊ ကိုယ်ကျင့်သိက္ခာမြင့်မားစွာဖြင့် နေထိုင်သွားခဲ့သူဖြစ်လျှင် လူကောင်းဟု သတ်မှတ်ရမည်ဖြစ်သည်။ အရေးကြီးသော အချိုးအကွေ့ အလှည့်အပြောင်းများတွင် မှန်မှန်ကန်ကန် ရပ်တည်ဆုံးဖြတ်တတ်သူဖြစ်လျှင် အမှန်ကို သိမြင်နိုင်စွမ်းသူ လူတော်ဟု သတ်မှတ်ရမည်ဖြစ်သည်။

ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဘဝ၊ သူတို့၏ တစ်သက်တာ ဆောင်ရွက်ချက်များ၊ လုပ်ရပ်များကို ဆန်းစစ်ကြည့်လျှင် အားလုံးတူညီနေသော အချက်တစ်ရပ်ကို တွေ့ရမည်ဖြစ်သည်။ ထိုအချက်မှာ ခေါင်းဆောင်ကြီးများ အားလုံးပင် အကျင့်စာရိတ္တကောင်းမွန်ကြခြင်းပင် ဖြစ်သည်။ ကိုယ်ကျင့်သိက္ခာနှင့်ပတ်သက်၍ နာမည်ပျက်မရှိ၊ အစွန်းအထင်းမရှိ၊ ဘဝသက်တမ်းတစ်လျှောက်လုံး တစ်ကြိမ်တစ်ခါမျှပင် ကိုယ်ကျိုးရှာခဲ့ခြင်းမရှိ။ တိုင်းပြည်အကျိုး၊ တိုင်းပြည်လွတ်လပ်ရေးရဖို့အရေးကိုသာ ရှေးရှု၍ ကြိုးစားအားထုတ်ဆောင်ရွက်ခဲ့ကြကြောင်းကို တွေ့ရပေမည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးကွယ်လွန်ပြီးနောက် ကြီးမားသော ဂုဏ်သိက္ခာမှလွဲ၍ မည်သည့်တိုက်တာ၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာမှ ကျန်ခဲ့ခြင်းမရှိ။ အကောင်းအဆိုး နှုန်းစံသတ်မှတ်ချက်နှင့်ကြည့်လျှင် အမြင့်ဆုံးသော ဂုဏ်ထူးအမှတ်ကို ရရှိကြသူများဖြစ်သည်။ အာဇာနည်ကြီးများ၏ လုပ်ဆောင်ချက်များမှာလည်း ချီးမွမ်းဂုဏ်ပြုစရာအကြောင်းအချက်တွေ အမြောက်အမြားနှင့် ပြည့်နှက်နေသော လုပ်ဆောင်ချက်များဖြစ်သည်။ သို့ဖြစ်ရာ ထိုကြီးမြတ်သည့် ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများမှာလည်း စာမျက်နှာတွေအများကြီးနှင့် စာအုပ်အထူကြီးတွေသာ ဖြစ်ပေလိမ့်မည်။ စာအုပ်ထူကြီးများကို ပြုစုရေးသားခြင်း မပြုနိုင်သေးမီ အာဇာနည်ခေါင်းဆောင်ကြီးများ၏ တစ်သက်တာ ဆောင်ရွက်ချက်များကို အချီးနိဒါန်းမျှတင်ပြလိုက်ပါသည်။

### ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅-၁၉၄၇)

တက္ကသိုလ်ကျောင်းသားဘဝ အသက်(၁၈-၁၉)နှစ်အရွယ်ကပင် ကျောင်းသားနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ(တကသ)အမှုဆောင်၊ အိုးဝေမဂ္ဂဇင်းအယ်ဒီတာ (၁၉၃၅-၃၆)၊၁၉၃၆ ကျောင်းသားသပိတ်ခေါင်းဆောင်၊ တကသဒု-ဥက္ကဋ္ဌ (၁၉၃၆-၃၇)၊ တကသဥက္ကဋ္ဌနှင့် ဗကသဥက္ကဋ္ဌ(၁၉၃၇-၃၈)၊ တို့ဗမာအစည်းအရုံးအလုပ်အမှုဆောင်(၁၉၃၈-၃၉)၊ တို့ဗမာအစည်းအရုံးအထွေထွေအတွင်းရေးမှူး(၁၉၃၈)၊ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးအမှုဆောင်(၁၉၃၉)၊ ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး(၁၉၃၉)၊ ဗမာ့ထွက်ရပ်ဂိုဏ်းအထွေထွေအတွင်းရေးမှူး(၁၉၃၉)၊ မြေအောက်တော်လှန်ရေးယူနစ်အဖွဲ့(ပြည်သူ့အရေးတော်ပုံပါတီ) နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံ(၁၉၃၉)၊ ဂျပန်စစ်ပညာသင်ရဲဘော်သုံးကျိပ်ခေါင်းဆောင်(၁၉၄၀-၄၁)၊ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)၏ တပ်မှူး(၁၉၄၂)၊ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)စစ်သေနာပတိ(၁၉၄၂)၊ ဂျပန်ခေတ်ဗမာ့လွတ်လပ်ရေးစီစဉ်ရေးအဖွဲ့အဖွဲ့ဝင်(၁၉၄၃)၊ ဂျပန်ခေတ်မြန်မာအစိုးရအဖွဲ့ကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်စစ်ဦးစီးသေနာပတိ(၁၉၄၃)၊ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်(ဖတဖ)ဦးဆောင်ဖွဲ့စည်းသူနှင့်ဥက္ကဋ္ဌ(၁၉၄၄)၊ ဂျပန်တော်လှန်ရေးတွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖတပလ)ဥက္ကဋ္ဌနှင့် စစ်ရေးခေါင်းဆောင်(၁၉၄၅)၊ ဖက်ဆစ်တော်လှန်ရေးအပြီး ပြန်လည်ဖွဲ့စည်းသော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ဥက္ကဋ္ဌ (၁၉၄၅-၁၉၄၇)၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ထူထောင်သူနှင့်ဥက္ကဋ္ဌ/သဘာပတိ (၁၉၄၅)၊ ဘုရင်ခံအလုပ်အမှုဆောင်ကောင်စီ ဒုတိယသဘာပတိနှင့် အမျိုးသား ယာယီအစိုးရအဖွဲ့ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးတာဝန်ခံ(၁၉၄၆)၊ ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်/အောင်ဆန်း-အက်တလီစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုသူ(၁၉၄၇)၊ ပင်လုံစာချုပ်ကိုမြန်မာကိုယ်စားလှယ်အဖြစ်လက်မှတ်ရေးထိုးသူ(၁၉၄၇)၊ တိုင်းပြည်ပြုလွှတ်တော်အမတ်(၁၉၄၇)၊ တိုင်းပြည်ပြု လွှတ်တော်ကဖွဲ့စည်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကော်မတီ၊ ပြည်ထောင်စုပြည်နယ်ဆိုင်ရာဆပ်ကော်မတီ၊ တရားစီရင်မှုဆိုင်ရာ ဆပ်ကော်မတီ၊ မူလအခွင့်အရေးဆိုင်ရာ ဆပ်ကော်မတီ၊ လူနည်းစုဆိုင်ရာဆပ်ကော်မတီတို့တွင် အဖွဲ့ဝင်(၁၉၄၇)၊ နယ်ခြားဒေသများနှင့် စေ့စပ်ရေးအဖွဲ့ အဖွဲ့ဝင်နှင့် နာယက(၁၉၄၇)။

ဤသည်တို့မှာ ဗိုလ်ချုပ်အောင်ဆန်းပါဝင်ခဲ့သော အဖွဲ့အစည်းများ၊ ဆောင်ရွက်ခဲ့သော လုပ်ငန်းတာဝန်များဖြစ်သည်။ လုပ်ငန်းရပ်များ၏ ခေါင်းစဉ်တစ်ခုချင်းအကြောင်း အသေးစိတ်အကြယ်တဝင့်ရေးလျှင် ရေးစရာတွေ အများအပြားဖြစ်သည်။ ဘုရင်ခံအလုပ်အမှုဆောင်ဝန်ကြီးအဖွဲ့၏ခေါင်းဆောင်ဖြစ်သော်လည်း ကျဆုံးသူ ဝန်ကြီးများတွင် အသက်အငယ်ဆုံးဖြစ်သည်။

### သခင်မြ (၁၈၉၇-၁၉၄၇)

၁၉၂၀ ၏ ပထမကျောင်းသားသပိတ်ခေါင်းဆောင် အမျိုးသားကျောင်းဆရာ၊ ဆရာစံတောင်သူလယ်သမား အရေးတော်ပုံတွင် ပုန်ကန်မှုတရားခံများ (လယ်သမားများ)၏ ရှေ့နေ၊ တို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်၊ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ၊ အမတ်လစာမယူသော (တို့ဗမာအစည်းအရုံး)၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့ဝင်၊ ဥပဒေပြုလွှတ်တော်အမတ်၊ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးအတွက် ဖွဲ့စည်းသောမြေအောက်လျှို့ဝှက်အဖွဲ့အစည်း(ယူနစ်) ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်၊ ဂျပန်ခေတ်မြန်မာပြည်အစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီး၊ ဂျပန်ပေးသော လွတ်လပ်ရေးရပြီးနောက် ဒေါက်တာဘမော်၏ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်၊ စစ်ပြီးခေတ်ဖွဲ့စည်းသော ပြည်သူ့လွတ်လပ်ရေး(ဆိုရှယ်လစ်)ပါတီဥက္ကဋ္ဌ၊ ဖဆပလဌာနချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီး(နောက်ပိုင်း ဘဏ္ဍာရေးနှင့် အခွန်ကောက်ဌာနဝန်ကြီး)၊ ဘိလပ်သွား မြန်မာကိုယ်စားလှယ်အဖွဲ့၏ တိုင်းပြည်ပြု လွှတ်တော်(ယာယီ)သဘာပတိ တာဝန်များ ထမ်းဆောင်ခဲ့သူဖြစ်သည်။ ကျဆုံးသူအာဇာနည်ကြီးများတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အရင်းနှီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းက ဆရာသဖွယ်၊ မိဘသဖွယ် လေးစားရိုသေခြင်းခံရသူဖြစ်သည်။ လူငယ်နိုင်ငံရေးသမား အားလုံးက ဆရာသမား လူကြီးအရာထား၍ အလေးထားဆက်ဆံကြသည်။ ကျဆုံးသူခေါင်းဆောင်ကြီးများတွင် ဒီးဒုတ်ဦးဘချို၊ ပြီးလျှင် ဒုတိယ အသက်အကြီးဆုံးဖြစ်သည့်တိုင် ကျဆုံးချိန်က အသက်ငါးဆယ်ပင် မပြည့်သေးပေ။

### ဒီးဒုတ်ဦးဘချို (၁၈၉၃-၁၉၄၇)

သတင်းစာဆရာပညာရှိ နိုင်ငံရေးသမားဖြစ်သည်။ ပထမတွင် ကျောင်းဆရာ ပညာဝန်အလုပ်များ လုပ်ခဲ့ပြီး ပထမကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာသည့်အခါ သပိတ်ကိုအားပေးခဲ့သည်။ သပိတ်ကြီးအပြီး အမျိုးသားကျောင်းများ ဖွဲ့စည်းတည်ထောင်သည့်အခါ ပညာအလုပ်မှထွက်၍ ဗဟန်းအမျိုးသားကောလိပ်တွင် ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)နှင့်အတူ အခမဲ့ကျောင်းဆရာအဖြစ်လုပ်ကိုင်သည်။ မြန်မာ့ရဲဗျူးဂျာနယ်ကို အယ်ဒီတာချုပ်အဖြစ် ဦးစီးထုတ်ဝေခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် ဒီးဒုတ်ဂျာနယ်ကို ကိုယ်တိုင်ဦးစီး၍ ကိုယ်ပိုင်ထုတ်ဝေသည်။ မြန်မာ့နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ ဂီတ၊ နက္ခဗေဒင်လောကီပညာရပ်မျိုးစုံကို ကလောင်အမည်အမျိုးမျိုးဖြင့် ဒိုင်ခံရေးသားသည်။ မြန်မာပြည်တွင်းသို့ ဖက်ဆစ်ဂျပန်များ ဝင်ရောက်မလာမီ စောစီးစွာကပင် ဖက်ဆစ်ဝါဒအန္တရာယ်ကို ကြိုတင်သိမြင်ခဲ့ပြီး ဖက်ဆစ်ဆန့်ကျင်ရေးဆောင်းပါးများ ရေးသားခြင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးတရားများဟောပြောခြင်းဖြင့် ပြည်သူများကို ကြိုတင်သတိပေးခဲ့သည်။ သိပ္ပံ၊ ဝိဇ္ဇာပညာရပ်အမျိုးမျိုးကို နှံ့စပ်ကျွမ်းကျင်သူပညာရှိကြီးအဖြစ် အများ၏ချီးမွမ်းခြင်းခံရသည်။ ဘဝတစ်လျှောက်လုံး မည်သည့်အစွန်းအထင်းမှမရှိ။ မျိုးချစ်သတင်းစာဆရာကြီးအဖြစ် ပြည်သူဘက်မှ မားမားမတ်မတ်ရပ်တည်ခဲ့သူဖြစ်သဖြင့် ဆရာသမားများ၊ မိတ်ဆွေများ၊ တပည့်တပန်းများက ဆရာကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လှိုက်လှဲစွာ ချီးကျူးထောမနာပြုကြသည်။ ဖက်ဆစ်တော်လှန်ရေးအပြီး ပြင်ဆင်ဖွဲ့စည်းသော ဖဆပလအဖွဲ့ချုပ်တွင် ဗဟိုဦးစီးအဖွဲ့ဝင်တစ်ဦးအဖြစ် တင်မြှောက်ခြင်းခံရသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ယာယီအမျိုးသားအစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးတာဝန်ထမ်းဆောင်နေစဉ်ကျဆုံးခဲ့ခြင်းဖြစ်သည်။

### မန်းဘခိုင် (၁၉၀၃-၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း၏ ယာယီအမျိုးသားအစိုးရအဖွဲ့တွင် အလုပ်သမားနှင့် စက်မှုလက်မှုဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သော ကရင်အမျိုးသားခေါင်းဆောင်ဖြစ်သည်။ ၁၉၃၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျင်းပသော ၉၁ ဌာနအုပ်ချုပ်ရေး၏ ကြားဖြတ်ရွေးကောက်ပွဲတွင် ဥပဒေပြုအောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၄၀ ပြည့် ဇွန်လ ၁ ရက်နေ့တွင် ဇလွန်မြို့နယ် ဒေါင့်ကြီးတရားပွဲ၌ နယ်ချဲ့ဆန့်ကျင်ရေးတရားဟောပြောခဲ့သော သခင်အောင်ဆန်းအား အင်္ဂလိပ်အစိုးရက ဆုငွေ ၅ ကျပ်ဝရမ်းထုတ်ခဲ့သည်။ သခင်အောင်ဆန်းနှင့် ကျုံမငေးသခင်တင်မောင်တို့အား ဟသ်ာတရာဇဝတ်ဝန်ထောက်ကတော် မာရီလှတောက ကိုယ်တိုင်ကားမောင်း၍ ခေါ်ထုတ်သွားပြီး ယုန်တလင်းရွာရှိ မန်းဘခိုင်ထံ ပို့ပေးသည်။ မန်းဘခိုင်က သခင်အောင်ဆန်းတို့အား ငှက်ပျောလှေဖြင့် ရန်ကုန်သို့ပို့ဆောင်ပေးခဲ့သည်။ ထိုစဉ်က မန်းဘခိုင်၏ ကူညီမှုသာမရှိခဲ့၍ သခင်အောင်ဆန်း အဖမ်းခံရလျှင် မြန်မာ့နိုင်ငံရေးသမိုင်း တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်ပေသည်။ ဖက်ဆစ်တော်လှန်ရေးတွင် ဟသ်ာတနယ်မှ စည်းရုံးရေးခေါင်းဆောင်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၆ ခုနှစ် မတ်လ ၂၀ မှ ၂၈ ရက်အထိ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင်ကျင်းပသောအစည်းအဝေး(ပထမပင်လုံ)သို့ ဖဆပလကိုယ်စားလှယ်အဖြစ် သခင်နု၊ ဦးဘဂျမ်းတို့နှင့်အတူ တက်ရောက်ခဲ့သည်။

### မိုင်းပွန်စော်ဘွားစဝ်စံထွန်း (၁၉၀၇-၁၉၄၇)

မျိုးရိုးစဉ်ဆက်ကပင် နယ်ချဲ့ဆန့်ကျင်ရေးမျိုးရိုးဖြစ်သည်။ ဖခင်ဖြစ်သူ စဝ်ခွန်ထီးသည် သီပေါမင်းပါတော်မူစဉ်က လင်းပင်မင်းသားဦးဆောင်မှုကို ခံယူ၍ ဗြိတိသျှတို့အား လက်နက်ကိုင်တော်လှန်ခဲ့သူဖြစ်သည်။ မိုင်းပွန်စော်ဘွားကြီးသည် စာပေဂီတဝါသနာပါသူဖြစ်သည်။ လက်ဆွဲဘာဂျာ၊ ဝါး၊ ပတ္တလားတို့ကို ကောင်းစွာ တီးတတ်မှုတ်တတ်သည်။ သိုင်းပညာကျွမ်းကျင်သည်။ လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ ပိုလို၊ ခရစ်ကတ်၊ ဟော်ကီ၊ တင်းနစ်၊ ဘောလုံးကစားခြင်းတို့ကိုလည်း ဝါသနာပါသည်။ ကိုယ်ပိုင်စာကြည့်တိုက်ထားပြီး ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာများကို သိရှိရန် သတင်းစာဖတ်သည့်အပြင် နိုင်ငံရေးစာပေများကိုလည်း လေ့လာဖတ်ရှုသည်။ ပင်လုံညီလာခံသို့ ရှမ်းပြည်ကိုယ်စားလှယ်အဖြစ် တက်ရောက်ပြီး ပင်လုံသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ပင်လုံစာချုပ်ချုပ်ဆိုသောနေ့တွင်ပင် “တောင်ပေါ်သားများညီညွတ်ရေးဦးစီးအဖွဲ့” ရွေးချယ်တင်မြှောက်ချက်ဖြင့် ပထမဆုံး တောင်တန်းဝန်ကြီးဖြစ်လာသည်။ ကျဆုံးချိန်က ဌာနလက်ကိုင်မရှိ၊ တောင်တန်းဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီး တာဝန်ထမ်းဆောင်စဉ် ကျဆုံးခဲ့ရခြင်းဖြစ်သည်။

### ဆရာကြီး ဦးရာဇတ်(၁၈၉၈-၁၉၄၇)

၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ခေါင်းဆောင် အစ္စလာမ်ဘာသာဝင်မြန်မာမူဆလင်ဖြစ်ပါလျက် ဗုဒ္ဓဘာသာထွန်းကားသော ရဟန်း၊ သံဃာတော်များ အများဆုံးရှိသော မန္တလေးမြို့၏ အမျိုးသားကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် ခန့်ထားခြင်းခံရသူ၊ ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာတို့ကို နိုင်နင်းကျွမ်းကျင်သူ၊ မိမိ၏ တပည့်ကျောင်းသားများကို စာတော်သူ၊ မျိုးချစ်စိတ်ထက်သန်သူ၊ လူချွန်လူမွန်များဖြစ်အောင်ပျိုးထောင်ခဲ့သူ၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်ကျိုးစွန့်အနစ်နာခံသူများ ဆုံးမသွန်သင်ခဲ့သူ၊ အားကစားကို စိတ်ပါဝင်စား ထူးချွန်သူများဖြစ်အောင် မြေတောင်မြှောက်ပေးခဲ့သူ၊ မန္တလေးခရိုင်(အထက်မြန်မာပြည်)လုံးဆိုင်ရာ ဖဆပလဥက္ကဋ္ဌတာဝန်ယူခဲ့သူ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ယာယီအမျိုးသားအစိုးရအဖွဲ့တွင် ဝန်ကြီးခန့်အပ်ရန် မန္တလေးမြို့ရှိ ဆရာတော်ကြီး ၁၀ ပါးက ထောက်ခံစာရေးသားလက်မှတ်ထိုး၍ ဗိုလ်ချုပ်အောင်ဆန်းထံ မေတ္တာရပ်ခံခြင်းခံရသူ၊ ဗိုလ်ချုပ်က ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီးအဖြစ် ခန့်အပ်သည့် တာဝန်ကို ထမ်းဆောင်စဉ် ကွယ်လွန်ခဲ့သည်။

### ဦးဘဝင်း (၁၉၀၁-၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကိုကြီး တော်စပ်သူဖြစ်သည်။ ဗိုလ်ချုပ်ငယ်စဉ်ကပင် ဖခင်ကွယ်လွန်ခဲ့သဖြင့် ဗိုလ်ချုပ်နှင့်ညီအစ်ကိုမောင်နှမများကို ဖခင်သဖွယ်အုပ်ထိန်းသွန်သင်စောင့်ရှောက်ခဲ့သည်။ ၁၉၄၇ ခုနှစ် မေလ ၂၇ ရက်နေ့တွင် ယာယီအမျိုးသားအစိုးရအဖွဲ့၌ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ကျမ်းကျိန်ဆိုသူ၊ ရာထူးအာဏာမက်မောခြင်းမရှိ၊ အင်မတန်ရိုးသားအေးဆေးစွာ နေထိုင်သူ ဦးဘဝင်းသည် မမျှော်လင့်ဘဲ ဝန်ကြီးဖြစ်ခဲ့ကာ ဝန်ကြီးသက်တမ်းနှစ်လမပြည့်မီမှာပင် မမျှော်လင့်ဘဲ ကျဆုံးခဲ့ရသည်။

### ဦးအုန်းမောင် (၁၉၁၃-၁၉၄၇)

အင်္ဂလိပ်၏ ပမ္မညာဉ်ခံဝန်ထမ်းအဖြစ် [ဘီစီအက်(စ်)]စာမေးပွဲအောင်ပြီး သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန ဒုတိယအတွင်းဝန်အဖြစ် ထမ်းဆောင်နေသော်လည်း မျိုးချစ်စိတ်ပြင်းထန်သူဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်ရေးပညာသင်ယူနေစဉ်ကပင် နိုင်ငံရေးစိတ်ဓာတ်အပြည့်ရှိသည်။ တိုင်းပြည်နှင့်လူမျိုးကို ထိလျှင် နည်းနည်းမှ သည်းမခံနိုင်သူဖြစ်သည်။ ထို့ကြောင့် သူ့ကို အင်္ဂလန်ရှိ အငြိမ်းစား အိုင်စီအက်(စ်)အချို့က

စာမျက်နှာ ၁၂ သို့ ☆

# ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ကြေညာချက်အမှတ်(၂/၂၀၁၇)**
**နေပြည်တော် ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)**

ထိုင်းနိုင်ငံတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့်
မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေညာခြင်း

၁။ ထိုင်းနိုင်ငံရှိ အလုပ်ရှင်များထံတွင် လက်ရှိအလုပ်လုပ်ကိုင်နေသော်လည်း အလုပ်ရှင် သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ပါ နေရာကွဲလွဲနေသည့် အလုပ်သမားများ၊ အထောက်အထားရှိသော်လည်း သက်တမ်းကုန်နေသဖြင့် တရားမဝင်ဖြစ်နေသည့် အလုပ်သမားများနှင့် အထောက်အထားမဲ့ အလုပ်သမားများအနေဖြင့် အောက်ပါအတိုင်းဆောင်ရွက်ရပါမည်-

(က) အထက်ဖော်ပြပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် မိမိ၏ အလုပ်ရှင်သို့မဟုတ် အလုပ်ရှင်မှ တရားဝင်ခန့်အပ်တာဝန်ပေးထားသည့် အလုပ်ရှင်ကိုယ်စားလှယ်နှင့်အတူ ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော မှတ်ပုံတင်ရေးဆိုင်ရာ ယာယီဗဟိုဌာနများသို့ **၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့အထိ** (၁၅ ရက်အတွင်း ပိတ်ရက်မရှိ) သွားရောက်စာရင်းသွင်းရမည်ဖြစ်ပြီး တာဝန်ရှိသူများက စစ်ဆေးမှုများပြုလုပ်ပြီးပါက **အလုပ်ရှင်နှင့်အလုပ်သမား**အဖြစ် သတ်မှတ်ပေးမည်ဖြစ်ပါသည်။

(ခ) ထိုင်းနိုင်ငံရှိ မှတ်ပုံတင်ရေးဆိုင်ရာ ယာယီဗဟိုဌာနမှ အလုပ်ရှင်နှင့် အလုပ်သမားအဖြစ် စိစစ်အတည်ပြုပြီးသောအခါ မည်သူမည်ဝါ ဖြစ်ကြောင်းသက်သေခံလက်မှတ် (Certificate of Identity- CI) ပြုလုပ်နိုင်ရန်အတွက် ထောက်ခံချက်စာရွက်စာတမ်းများ ထုတ်ယူရပါမည်။ **(အဆိုပါလုပ်ငန်းစဉ်များအတွက် အခမဲ့ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်)**

(ဂ) မှတ်ပုံတင်ရေးဆိုင်ရာ ယာယီဗဟိုဌာနမှ စိစစ်အတည်ပြုပြီးသည့် ထောက်ခံချက်စာရွက်စာတမ်းများနှင့်အတူ ထိုင်းနိုင်ငံရှိ Counter Service Co., Ltd မှ ဖွင့်လှစ်ထားသော နီးစပ်ရာငွေသွင်းကောင်တာများသို့ သွားရောက်၍ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI) စာအုပ်အတွက် ထိုင်းဘတ်ငွေ ၃၀၀ ပေးသွင်းပြီး ငွေသွင်းပြေစာအား ရယူရပါမည်။

(ဃ) အဆိုပါငွေသွင်းပြေစာနှင့်အတူ ပြေစာပေါ်၌ သတ်မှတ်ပေးထားသည့်နေ့ရက်တွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI) ထုတ်ယူရမည့်စခန်း၌ CI စာအုပ် လျှောက်ထားထုတ်ယူရပါမည်။

(င) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI)စာအုပ်ရရှိပြီးပါက အလုပ်သမားများအနေဖြင့် နေထိုင်ခွင့် (Visa) နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) တို့ရရှိရေး ဆက်လက်ဆောင်ရွက်ရပါမည်။

၂။ နေထိုင်ခွင့်(Visa)၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit)၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လူမှုဖူလုံရေးကတ် ပြုလုပ်ခြင်းများကို ထိုင်းနိုင်ငံ၏ဥပဒေနှင့်အညီ သတ်မှတ်နေရာ၌ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အခက်အခဲရှိပါက ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၏ အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်-

(က) ဦးမိုးအောင်ခိုင် - ၀၀၆၆- ၆၃၃၁၄၁၉၉၂၊
၀၀၆၆-၉၄၈၈၄၅၄၈၄၊
၀၀၆၆- ၈၂၀၇၁၈၇၂၇
(ခ) ဦးအောင်ကိုသန်း- ၀၀၆၆-၆၃၄၄၂၆၂၀၄
(ဂ) ဦးမျိုးထက်သူ - ၀၀၆၆-၆၅၂၂၀၆၉၅၁
(ဃ) ဦးနိုင်မင်းသူ - ၀၀၆၆-၆၅၂၂၀၆၉၅၂
(င) ဦးအောင်ခင်မြင့် - ၀၀၆၆-၆၅၂၂၀၆၉၅၃
(စ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ - ၀၆၇-၄၃၀၁၈၅၊ ၀၆၇-၄၃၀၂၈၅

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ထိုင်းနိုင်ငံမှ ထုတ်ပြန်ခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများနှင့်သက်ဆိုင်သည့် ဥပဒေအသစ်ကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး ထိုင်းနိုင်ငံတွင် ပြန်လည်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများအတွက် အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ကြေညာချက်အမှတ်(၃/၂၀၁၇)**
**နေပြည်တော် ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)**
**ထိုင်းနိုင်ငံမှ ထုတ်ပြန်ခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေအသစ်ကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး ထိုင်းနိုင်ငံတွင် ပြန်လည်အလုပ် လုပ်ကိုင်လိုသည့် အလုပ်သမားများအတွက် အသိပေးကြေညာခြင်း**

၁။ ထိုင်းနိုင်ငံမှ ထုတ်ပြန်ခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများနှင့်သက်ဆိုင်သည့် ဥပဒေအသစ်ကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး ထိုင်းနိုင်ငံ၌ ပြန်လည်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများအနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) အထက်ဖော်ပြပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံတွင် မိမိလုပ်ကိုင်ခဲ့သည့် အလုပ်ရှင်နှင့် ပြန်လည်ဆက်သွယ်ပြီး နှစ်ဦးသဘောတူညီချက်ဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရမည်ဖြစ်ပါသည်။

(ခ) ထိုင်းနိုင်ငံသို့ ရောက်ရှိပါက မိမိ၏ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်မှ တရားဝင်ခန့်အပ် တာဝန်ပေးထားသည့် အလုပ်ရှင် ကိုယ်စားလှယ်နှင့်အတူထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော မှတ်ပုံတင်ရေးဆိုင်ရာ ယာယီဗဟိုဌာနများသို့ **၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့အထိ** (၁၅ ရက်အတွင်း ပိတ်ရက်မရှိ) သွားရောက်စာရင်းသွင်းရမည်ဖြစ်ပြီး တာဝန်ရှိသူများက စစ်ဆေးမှုများပြုလုပ်ပြီးပါက **အလုပ်ရှင်နှင့် အလုပ်သမား**အဖြစ် သတ်မှတ်ပေးမည်ဖြစ်ပါသည်၊

(ဂ) ထိုင်းနိုင်ငံရှိမှတ်ပုံတင်ရေးဆိုင်ရာ ယာယီဗဟိုဌာနမှ အလုပ်ရှင်နှင့်အလုပ်သမားအဖြစ် စိစစ်အတည်ပြုပြီးသောအခါ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI) ပြုလုပ်နိုင်ရန်အတွက် ထောက်ခံချက်စာရွက်စာတမ်းများ ထုတ်ယူရပါမည်။ **(အဆိုပါလုပ်ငန်းစဉ်များအတွက် အခမဲ့ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်)**

(ဃ) မှတ်ပုံတင်ရေးဆိုင်ရာ ယာယီဗဟိုဌာနမှ စိစစ်အတည်ပြုပြီးသည့် ထောက်ခံချက်စာရွက်စာတမ်းများနှင့်အတူ ထိုင်းနိုင်ငံရှိ Counter Service Co., Ltd. မှ ဖွင့်လှစ်ထားသော နီးစပ်ရာငွေသွင်းကောင်တာများသို့ သွားရောက်၍ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI) စာအုပ်အတွက် ထိုင်းဘတ်ငွေ ၃၀၀ ပေးသွင်းပြီး ငွေသွင်းပြေစာအား ရယူရပါမည်။

(င) အဆိုပါငွေသွင်းပြေစာနှင့်အတူ ပြေစာပေါ်၌ သတ်မှတ်ပေးထားသည့် နေ့ရက်တွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI) ထုတ်ယူရမည့်စခန်း၌ CI စာအုပ်လျှောက်ထားထုတ်ယူရပါမည်။

(စ) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI)စာအုပ်ရရှိပြီးပါက အလုပ်သမားများအနေဖြင့် နေထိုင်ခွင့် (Visa) နှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) တို့ ရရှိရေးဆက်လက်ဆောင်ရွက်ရပါမည်။

၂။ နေထိုင်ခွင့်(Visa)၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit)၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လူမှုဖူလုံရေးကတ် ပြုလုပ်ခြင်းများကို ထိုင်းနိုင်ငံ၏ဥပဒေနှင့်အညီ သတ်မှတ်နေရာ၌ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ အဆိုပါလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာရှိပါက ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြဝတီမြို့၊ တာချီလိတ်မြို့၊ ကော့သောင်းမြို့တို့၏ အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်-

(က) ဦးမိုးအောင်ခိုင် - ၀၀၆၆ - ၆၃၃၁၄၁၉၉၂၊ ၀၀၆၆-၉၄၈၈၄၅၄၈၄၊ ၀၀၆၆- ၈၂၀၇၁၈၇၂၇
(ခ) ဦးအောင်ကိုသန်း - ၀၀၆၆ - ၆၃၄၄၂၆၂၀၄
(ဂ) ဦးမျိုးထက်သူ - ၀၀၆၆ - ၆၅၂၂၀၆၉၅၁
(ဃ) ဦးနိုင်မင်းသူ - ၀၀၆၆ - ၆၅၂၂၀၆၉၅၂
(င) ဦးအောင်ခင်မြင့် - ၀၀၆၆ - ၆၅၂၂၀၆၉၅၃
(စ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ-၀၆၇-၄၃၀၁၈၅၊ ၀၆၇-၄၃၀၂၈၅
(ဆ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြဝတီမြို့ - ၀၅၈ - ၅၀၂၂၃
(ဇ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) တာချီလိတ်မြို့ - ၀၈၄ - ၅၁၉၅၄
(ဈ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) ကော့သောင်းမြို့- ၀၅၉ - ၅၁၉၈၂

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# မောင်တောဒေသသို့ သွားလာရာတွင် အသုံးပြုမှုများလာသော အင်္ဂူမော်ဆိပ်ခံတံတား


အင်္ဂူမော်ဆိပ်ခံတံတား

**မောင်တော ဇူလိုင် ၁၈**

စစ်တွေမြို့နှင့် မောင်တောမြို့နယ် တောင်ပိုင်းဒေသအဓိကဆက်သွယ်ထားသော မောင်တော-အင်္ဂူမော် လမ်းပိုင်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုသာမက ဒေသဖွံ့ဖြိုးရေးအတွက်ပါ များစွာအထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"စစ်တွေကနေ မောင်တောကို သွားမယ်ဆိုရင် ဘူးသီးတောင်ကနေအများဆုံး သွားကြပါတယ်။ ဒီလမ်းက သင်္ဘောစီးချိန်၊ ကားစီးချိန်ပေါင်းရင် အချိန် ခြောက်နာရီလောက်ပေးရပါတယ်။ အင်္ဂူမော်ဘက်ကနေ သွားမယ်ဆိုရင်တော့ သုံးနာရီလောက်နဲ့ ရောက်နိုင်ပါတယ်။ မိုးရာသီမှာတော့ လမ်းက သိပ်မကောင်းသေးတဲ့အတွက် ဒီအချိန်နဲ့တော့ မရောက်နိုင်ပါဘူး။ သို့ပေမဲ့ အင်္ဂူမော်ဘက်ကနေ ဌာနဆိုင်ရာ တာဝန်ရှိသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ မောင်တောကို လာရောက်ရာမှာ အသုံးပြုမှုများပြားလာတာတွေ့ရပါတယ်။ ဒီလမ်းကိုသာ ကွန်ကရစ်လမ်းအဖြစ် ခင်းပေးလိုက်မယ်ဆိုရင် စစ်တွေကနေ မောင်တောကို အချိန်တိုအတွင်း သွားလာနိုင်မှာဖြစ်ပါတယ်"ဟု မောင်တောကုန်သွယ်ရေးဇုန်ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

အဆိုပါလမ်းပိုင်းကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့မှ ငါးမြစ်ချင်းကို အင်္ဂူမော်ဆိပ်ကမ်းတွင် ဆိုက်ကပ်ပြီး ယင်းမှတစ်ဆင့် မောင်တောကုန်သွယ်ရေးဇုန်မှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မောင်တောဒေသထွက် ပင်လယ်ငါးများကိုလည်း အင်္ဂူမော်မှတစ်ဆင့် စစ်တွေ၊ ယင်းမှတစ်ဆင့် တရုတ်ပြည်အထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းလမ်းပိုင်းသည် မောင်တောမြို့မှ အင်္ဂူမော်အထိ ၄၉ ဒသမ ၃ ဖာလုံ ကွာဝေးကြောင်း၊ ဥဒေါင်းအထိ ကွန်ကရစ်လမ်းဖြစ်ပြီး ကျန်အပိုင်းမှာ ကျောက်ချောလမ်းဖြစ်ကြောင်း သိရသည်။

အင်္ဂူမော် ဆိပ်ခံတံတားကို ၂၀၀၅ ခုနှစ်က ဂျပန်အကူအညီဖြင့် ဘီအေဂျေကတည်ဆောက်ခဲ့ကြောင်း၊ အင်္ဂူမော်ဆိပ်ခံတံတားမှ စစ်တွေသို့ စက်လှေစီးကာ အချိန်တစ်နာရီတည်းဖြင့် သွားရောက်နိုင်ကြောင်း၊ ယင်းလမ်းကြောင်းကို ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ ယခုအခါ သွားလာမှု များပြားလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ-သတ္တ**

# နဝမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၁၇ ခုနှစ် နဝမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဦးခင်မောင်ချို၊ ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဘောလုံးပွဲကျင်းပခြင်းဖြင့် အားကစားနည်းပညာပိုမိုတိုးတက်လာစေရေး၊ အပြည်ပြည်ဆိုင်ရာကစားပွဲများတွင် အနိုင်ရရှိရေး၊ အားကစားယှဉ်ပြိုင်ခြင်းဖြင့် အားကစားစိတ်ဓာတ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ အသင်းအဖွဲ့စိတ်ဓာတ်များ ပိုမိုကောင်းမွန် မြင့်မားလာစေရေး၊ တစ်ဦးနှင့်တစ်ဦးပံ့ပိုးကူညီပေါင်းစပ်လုပ်ကိုင်ယှဉ်ပြိုင်မှသာ မိမိတို့အသင်း အနိုင်ရမည်ဟူသောစိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အထူးသဖြင့် ဘောလုံးအားကစားသမားကောင်းများ ပိုမိုပေါ်ထွန်းလာစေရေးနှင့် မိမိတို့နိုင်ငံအတွင်းရှိ လူငယ်များ National Fitness ပိုမိုကောင်းမွန်လာပြီး နိုင်ငံ့တာဝန်များကို ပိုမိုထမ်းဆောင်နိုင်စေရေး စသည့်ရည်မှန်းချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယဝန်ကြီးတို့က ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံး(အမျိုးသား)ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက နေပြည်တော်စည်ပင်သာယာရေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။



နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ဘောလုံးအသင်း(၁၆)သင်းမှ အုပ်စုလေးစုခွဲ၍ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဩဂုတ် ၂ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# မန္တလေးခရိုင်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူဦးရေ အများဆုံးဖြစ်နေ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေမှာ လက်ရှိတွင် ၅၅၈ ဦးရှိပြီး မန္တလေးခရိုင် ခုနစ်မြို့နယ်တွင် ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။



လက်ရှိတွင် မန္တလေးခရိုင်အတွင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားသူဦးရေမှာ ၄၀၈ ဦးရှိပြီး မြင်းခြံခရိုင်တွင် ၅၀၊ ပြင်ဦးလွင်ခရိုင်တွင် ၄၄ ဦး၊ ညောင်ဦးခရိုင်တွင် ၂၀၊ ကျောက်ဆည်ခရိုင်တွင် ၁၆ ဦး၊ ရမည်းသင်းခရိုင်တွင် ၁၅ ဦးနှင့် မိတ္ထီလာခရိုင်တွင် ငါးဦး ဖြစ်ပွားနေကြောင်း ယင်းဌာန၏ မှတ်တမ်းများအရသိရသည်။

"ကျွန်မတို့ဌာနအနေနဲ့ မနှစ်က ပြုစုထားတဲ့ စာရင်းတွေအရလည်း မန္တလေးခရိုင်က အဖြစ်အများဆုံး ဖြစ်နေတယ်။ ဒါကြောင့် မန္တလေးမြို့ပေါ်ကို ဦးစားပေးလုပ်ဆောင်နေပါတယ်။ သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးတွေက အဖြစ်အများဆုံးနေရာတွေကို ရွေးပြီးတော့ အဖွဲ့သုံးဖွဲ့နဲ့ ကြိုတင်ကာကွယ်နိုင်ဖို့ မေလကစပြီး အဘိတ်ဆေးခတ်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ အခုအချိန်ထိ သေဆုံးသူတော့ မရှိသေးပါဘူး"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရောဂါနှိမ်နင်းရေး) ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာသင်းသင်းနွယ်က ပြောသည်။

အဆိုပါဌာနအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းလုပ်ငန်းများကို မေလမှ စတင်လုပ်ဆောင်ခဲ့သည့်အပြင် ယခုဇူလိုင်လအတွင်း မြို့နယ် ၂၈ မြို့နယ်မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခေါင်းဆောင်များကို သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများကို သင်တန်းပို့ချပေးခဲ့ပြီး ၎င်းတို့မှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများတွင် ပြန်လည်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၎င်းဌာနမှ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းအသီးသီးသို့ နေ့စဉ်သွားရောက်၍ ကျောင်းကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယမန်နှစ်တွင် တိုင်းဒေသကြီးအတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ၁၄၀၁ ဦးရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကြောင်း ယင်းဌာန၏ မှတ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# "Best Bank in Myanmar 2017" ဆု ကမ္ဘောဇဘဏ် လေးနှစ်ဆက်ရရှိ

**ရန်ကုန် ဇူလိုင် ၁၈**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Euromoney အဖွဲ့အစည်းက ရွေးချယ်ချီးမြှင့်သည့် ၂၀၁၇ ခုနှစ်အတွက် အာရှဒေသဆိုင်ရာနိုင်ငံအလိုက်စွမ်းဆောင်ရည် အကောင်းဆုံးဘဏ်ဆု(Euromoney Awards for Excellence -2017) ချီးမြှင့်ပွဲကို ဇူလိုင် ၁၃ ရက် ညနေပိုင်းက ဟောင်ကောင်မြို့ Island Shangri-La Hotel ၌ ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက်မှ အကောင်းဆုံးဘဏ်ဆု "Euromoney Awards for Excellence - 2017: Best Bank in Myanmar"ဆုကို လေးနှစ်ဆက်အဖြစ်ရရှိခဲ့ပြီး ကမ္ဘောဇဘဏ်လီမိတက်မှ အထွေထွေမန်နေဂျာ ဒေါ်သန်းခင်ဆင့်နှင့် ဒုတိယအထွေထွေမန်နေဂျာ ဒေါ်လေးလေးမြင့်တို့က ဆုကို တက်ရောက်လက်ခံရယူကြကြောင်း သိရသည်။ **(အောက်ပုံ)**

ကမ္ဘောဇဘဏ်လီမိတက်သည် ဘဏ်ခွဲ ၄၇၀ ကျော်နှင့် ATM စက်အမြောက်အမြားကို နိုင်ငံတစ်ဝန်းတွင် ဖြန့်ကြက်၍ ပြည်သူများအား အကောင်းဆုံး ဘဏ်ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ အများပြည်သူမှ ယုံကြည်စွာဖြင့် အပ်နှံထားရှိသော အပ်ငွေ(Deposit) ပမာဏနှင့် ဝန်ဆောင်မှုမှရရှိသော ဝင်ငွေနှင့် အမြတ်ငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံးဖြစ်ခြင်း၊ ခေတ်မီ IT စနစ်ဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အချိန်တိုအတွင်း လုံခြုံတိကျ မှန်ကန်လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်၍ နိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း၊ ပြည်တွင်း/ပြည်ပသုံး Prepaid/Debit နှင့် Credit Card များ အများဆုံးထုတ်ဝေ၍ ဝန်ဆောင်မှုပေးနိုင်ခြင်း၊ စီမံအုပ်ချုပ်မှုကောင်းမွန်ခြင်း၊ နိုင်ငံတော်အတွင်း တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသော စီးပွားရေးလုပ်ငန်းအခြေအနေများနှင့်အညီ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို လိုက်လျောညီထွေစွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ နှစ်စဉ် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်နိုင်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် အများဆုံးပံ့ပိုးလှူဒါန်းခြင်း စသည်တို့ကြောင့် ဤဆုကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း Euromoney အဖွဲ့အစည်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)သည်လည်း ၂၀၀၇ ခုနှစ်မှ ယနေ့အထိ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကျပ်ငွေ ၁၂၈ ဘီလီယံကျော် လှူဒါန်းထားကြောင်း သိရသည်။ **(ဝဝဝ)**






**ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေမြင့်တက်လာပြီး ဘားအံမြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်နှင့် လမ်းများတွင် ရေများဝင်ရောက်နေသည်ကို တွေ့ရစဉ်။** မင်းသူ၊ ထွန်းထွန်းအေး(ဘားအံ)

# ထုံနာကျင်နာနှင့် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးဟောပြောမည်

**ရန်ကုန် ဇူလိုင် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာစုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးတိုင်းရင်းဆေးဆရာအသင်းမှ ဆရာဦးစိုးတင့်က ထုံနာကျင်နာနှင့် တိုင်းရင်းဆေးပညာအကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

✪ **Y-8 မှ**

မတင်ဆယ်ယူနိုင်ခဲ့ပြီး လေယာဉ်ပျက်ရသည့် အကြောင်းအရင်းအား ဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် FDR နှင့် CVR တို့၏ မူလထုတ်လုပ်သည့် ကုမ္ပဏီ Original Equipment Manufacturer (OEM) မှာ တရုတ်နိုင်ငံဖြစ်ပြီး ထုတ်လုပ်သူနှင့် အသုံးပြုသူနှစ်ဦးနှစ်ဖက်အကြား သံသယကင်းရှင်းပြီး မလိုလားသည့် ကြားခံအဖွဲ့အစည်းများ၏ သွေးထိုးမှုရှောင်ရှားနိုင်စေရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တတိယအဖွဲ့အစည်း (Third Party)နှင့် ဖော်ထုတ်ရန် လမ်းညွှန်ချက်အရ FDR နှင့် CVR တို့မှ အချက်အလက်များရယူနိုင်ရန် တပ်မတော်(လေ)မှ ဗိုလ်မှူးချုပ်ထင်လင်း၊ ဒုတိယဗိုလ်မှူးကြီး ဇော်လင်းအောင်တို့ အပါအဝင် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့၊ (MAIB) မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မော်၊ (DDAAFS-Australia) မှ Investigator ဖြစ်သော Maj. David Andrew Wade၊ Mr. David Hilton တို့ပါသော ကိုယ်စားလှယ်အဖွဲ့တို့ဖြင့် ပူးပေါင်းစုံစမ်းစစ်ဆေးဖော်ထုတ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့နှင့် တရုတ်နိုင်ငံ China National Aero-Technology Import & Export Corporation (CATIC) ကုမ္ပဏီမှ ကိုယ်စားလှယ်အဖွဲ့တို့သည် ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပူးပေါင်းစုံစမ်းစစ်ဆေးဖော်ထုတ်ရေးအဖွဲ့သည် တရုတ်နိုင်ငံ၊ စီအန်း(Xian) သို့ ဇူလိုင် ၅ ရက်တွင် ရောက်ရှိခဲ့ပြီး ဇူလိုင် ၆ ရက်နေ့တွင် FDR နှင့် CVR တို့မှ အချက်အလက်များကို Download ပြုလုပ်ပြီး ထိုရရှိသော အချက်အလက်များကို သမားရိုးကျကွန်ပျူတာဖြင့် ဖတ်နိုင်မည့် Readable Format အဖြစ် ပုံစံပြောင်း၍ ရရှိအချက်အလက်များအား ဇူလိုင် ၇ ရက်တွင် (OEM) ဖြစ်သည့် Aviation Industry Corporation of China (AVIC) Qianshan Avionis Co., ltd. ထံမှလွှဲပြောင်းရယူခဲ့သည်။ ထို့ပြင် CVR မှ ရရှိသော လေယာဉ်သားများ အချင်းချင်းဆက်သွယ်ပြောဆိုမှုများကို အကြိမ်ကြိမ်နားထောင်၍ မှတ်တမ်းတင်ခဲ့ပြီး ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ ပဏာမ စိစစ်သုံးသပ်ဖော်ထုတ်ခြင်းများအပါအဝင် အသေးစိတ်စိစစ်သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

FDR မှတ်တမ်းများအရ ဒေသစံတော်ချိန် ၁ နာရီ ၃၂ မိနစ် ၁၈ စက္ကန့်အထိ လေယာဉ်၏ စက်အစိတ်အပိုင်းများ ချွတ်ယွင်းမှုမရှိကြောင်း ထို့အပြင် FDR နှင့် CVR မှတ်တမ်းအရ မြိတ်လေဆိပ်မှ ရန်ကုန်လေဆိပ်သို့ ခရီးလမ်းတစ်လျှောက် လေတိုက်နှုန်းသည် တစ်နာရီ နော့တီကယ် ၉ မိုင်(၁၆ ဒသမ ၇ ကီလိုမီတာ)မှ ၄၄ မိုင် (၈၁ ဒသမ ၅ ကီလိုမီတာ)အထိ တဖြည်းဖြည်းအားပြင်း လာခဲ့ကြောင်း၊ လေယာဉ်၏ ဝဲ/ယာ နှစ်ဖက်စလုံးရှိ Pitot အပူပေးစနစ်ကိုဖွင့်၍ တိမ်ထုကို ထိုးဖောက်ရန်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပျံသန်းချိန် ၁ နာရီ မိနစ် ၃၀ ၁၈ စက္ကန့်မှ ၁ နာရီ ၃၁ မိနစ် ၂၂ စက္ကန့်အထိ အချိန်တိုကာလအတွင်း လေယာဉ်၏ အင်ဂျင်လေဝင်ပေါက်ရေခဲသည့် အချက်ပြမီးထွက်ပေါ်ခဲ့ကြောင်း၊ ပျံသန်းချိန် ၁ နာရီ ၃၁ မိနစ် ၅၀ စက္ကန့် မှ ၁ နာရီ ၃၂ မိနစ် ၁၀ စက္ကန့်အတွင်း လေယာဉ်၏ ဝဲဘက်ကိုယ်ထည်ခြမ်းသို့ (Cross Wind) ၉၀ ဒီဂရီတည့်တည့်မှ ခန့်မှန်းလေတိုက်နှုန်းသည် တစ်နာရီ နော့တီကယ် ၉ မိုင်(၁၆ ဒသမ ၇ ကီလိုမီတာ)မှ ၄၈ မိုင်(၈၈ ဒသမ ၉ ကီလိုမီတာ)အထိ လေတိုက်ခတ်မှုခံခဲ့ရာ (Cross Wind) ကြောင့် လေယာဉ်ဦးတည်ရာ လမ်းကြောင်းမှ သွေဖည်ခြင်း (Drift Angle) မှာ ၃ ဒီဂရီမှ ၁၅ ဒသမ ၈ ဒီဂရီအထိ တိုးမြင့်လာခဲ့ကြောင်း၊ လေယာဉ်သည် ရုတ်ချည်းပြောင်းလဲနေသော ပုံမှန်မဟုတ်သည့် ရာသီဥတုတွင် ပျံသန်းခဲ့ရကာ ဘေးတိုက်လေတိုက်နှုန်းမှာလည်း အရှိန်ပြင်းသည့် အနေအထားကို တွေ့ရှိရကြောင်း၊ ၎င်းအခြေအနေသည် ပုံမှန်ရှိရမည့် ပမာဏထက် stall speed ကို ပိုမိုမြင့်တက်စေသဖြင့် လေယာဉ်ကို ထိန်းချုပ်မောင်းနှင်နိုင်သည့် အခြေအနေမရှိတော့သည့် အဓိကအကြောင်းအရင်းဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ FDR နှင့် CVR တို့မှ ရရှိသည့် အချက်အလက်များ၊ မိုးလေဝသသတင်းပို့ချက်များအရ လေယာဉ်မတော်တဆဖြစ်ပွားမှုဖြစ်စဉ်သည် လေယာဉ်ပျံသန်းရာ၌ ဆိုးရွားသော ရာသီဥတုနှင့် ကြုံတွေ့ရစဉ် lost control ဖြစ်ပေါ်ခဲ့မှုကြောင့် Stall (လေယာဉ်ပင့်အား ဆုံးရှုံးမှု) ဝင်၍ Spin (လေယာဉ်ဦးစိုက်လည်ကျမှု) ဖြစ်ပေါ်ခဲ့သည့်အတွက် pilot က ထိန်းချုပ်မောင်းနှင်နိုင်သည့် အခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိတော့ဘဲ လေယာဉ်မတော်တဆမှုဖြစ်စဉ် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကာ ဆိုးရွားသော ရာသီဥတုတွင် အပေါ်စီးမှ လေဖိ၍တိုက်ခြင်း၊ အောက်မှပင့်၍ တိုက်ခြင်းနှင့် ရေခဲမှုဖြစ်ပေါ်ခြင်းစသည့် အတိအကျမခန့်မှန်းနိုင်သော ရာသီဥတု အခြေအနေများလည်း ပါဝင်နိုင်ကြောင်း သုံးသပ်ဖော်ထုတ်ရရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ရာသီဥတုဆိုးရွားမှုနှင့်ပတ်သက်၍ Vertical Wind၊ Downburst နှင့် Icing ဖြစ်နိုင်မှုများကိုပါ ထည့်သွင်းတွက်ချက်ရန်လိုအပ်ကြောင်းကို ပူးပေါင်းစုံစမ်းစစ်ဆေးရေးအဖွဲ့၏ Minutes of Meeting တွင် ဖော်ပြထားသဖြင့် CATIC အနေဖြင့် China National Meterologic Center မှ Three Strong Cumulonimbus Cloud အတွင်း ဝင်ရောက်ခြင်းကြောင့် အင်အားပြင်း လေပင့်အားနှင့် လေဖိအားများကို ဖြစ်ပေါ်စေသည့် လေဝဲကတော့များနှင့်ကြုံတွေ့နိုင်ခြင်း၊ လျှပ်စီးမုန်တိုင်းခံရနိုင်ခြင်း၊ ကြီးမားသည့် အေးခဲရေမှုန်၊ ရေခဲမှုန်များ လေယာဉ်ကိုယ်ထည်သို့ ကျရောက်ကပ်ငြိနိုင်ခြင်း၊ လေထန်ခြင်း၊ ပြင်းထန်သည့် ဆီးနှင်းမိုးရွာခြင်း အပါအဝင် အောက်သို့ အရှိန်ပြင်းထန်စွာ တိုက်ခတ်သောလေစီးကြောင်း၏ ရိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းခြင်း(Downburst) စသည်ဖြင့် ကြုံတွေ့နိုင်ကြောင်းတို့ကို သုံးသပ်ချက်ပေးပို့သည့်နည်းတူ CNN မှလည်း Downburst နှင့် ပတ်သက်၍ ဖြစ်နိုင်ဖွယ်ရှိသည်ကို ကြေညာထားခဲ့ကြောင်း။




ဖြစ်စဉ်နှင့်ပတ်သက်ပြီး FDR နှင့် CVR တို့အား စိစစ်ဖော်ထုတ်သည့် Australian ပညာရှင်များပါဝင်သည့် Third Party အဖွဲ့အစည်းသည် International Civil Aviation Organization(ICAO) Annex 13 နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်သယ်ယူပို့ဆောင်ရေး (Y-8 F 200 W) လေယာဉ်ပျက်ကျရခြင်းသည် မသမာမှုတစ်ခုခုကြောင့်သော်လည်းကောင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းတစ်ခုခုကြောင့်သော်လည်းကောင်း၊ လေယာဉ်အင်ဂျင်ချွတ်ယွင်းရပ်တန့်မှုကြောင့်သော်လည်းကောင်း ပျံသန်းစဉ်ပျက်ကျခဲ့ခြင်း မဟုတ်ဘဲ ဆိုးရွားသည့် ရာသီဥတုနှင့် ကြုံတွေ့ခဲ့ရပြီးနောက် Lost Control ဖြစ်ပေါ်ခဲ့၍ လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်တွင် လူသတ်မှုနှင့်ပတ်သက်သည့် မသက်ာတရားခံ ခြောက်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မောင်တောမြို့နယ်တွင် ဇူလိုင် ၁၆ ရက်က လူသတ်မှုနှင့်ပတ်သက်သည့် အမျိုးသားခြောက်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက်က မောင်တောမြို့နယ် ဂေါင်ညာကျေးရွာအတွင်း အိမ်ထောင်စုစာရင်းများ စစ်ဆေးစဉ် ဇွန် ၁၆ ရက်က အဘူနာဆဲ ဆိုသူ အသတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်သည့် မသင်္ကာတရားခံ အာမိန်အူလာ ဆိုသူ အပါအဝင် အမျိုးသားခြောက်ဦးအား ဖမ်းဆီးရမိသဖြင့် ပြင်ဖြူနယ်မြေစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## မောင်တောမြို့နယ်အတွင်း၌ WY စိတ်ကြွဆေးပြား ငါးသောင်းခန့် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မောင်တောမြို့နယ်အတွင်း ဇူလိုင် ၁၇ ရက် ညနေက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စိတ်ကြွဆေးပြား ငါးသောင်းခန့်ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ မောင်တောမြို့နယ် မြင်းလွတ်မြို့ ရပ်ကွက်(၄)နေ ဆီရာဇူရ်မောက် နေအိမ်ကို ဇူလိုင် ၁၇ ရက် ညနေ ၅ နာရီက ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဆီရာဇူရ်မောက်၏ ဇနီး ဟာဇီဒါခါတူ (၄၀)နှစ်၊ သဝန်ချောင်းရွာနေ ကာလ်မာ (၄၆)နှစ် တို့အပါအဝင် ငါးဦးနှင့်အတူ ဆန်သိုလှောင်ခန်းအတွင်းမှ ငွေကျပ်သိန်း ၉၉၀ တန်ဖိုးရှိ WY စိတ်ကြွဆေးပြား ၄၉၅၀၀၊ ဆိုင်ကယ်လေးစီး၊ ဖုန်းခြောက်လုံး၊ ငွေကျပ် ၁၀၅၂၀၀ တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ သို့ပါ၍ ဖမ်းဆီးရမိသူ ခြောက်ဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ **အာရှယူ-၂၃ မှ**

၂၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲပွဲစဉ်များမှ မြန်မာဘောလုံးအသင်း ယှဉ်ပြိုင်မည့် ညနေ ၆ နာရီပွဲစဉ်များကို MRTV၊ MRTV Sport Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်များမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

☆ **စာမျက်နှာ ၉ မှ**

"တိုက်ကြက်ကလေးဟု နောက်ကွယ်တွင် ခေါ်လေ့ရှိသည်။ လုပ်ကြံမှုဖြစ်ပွားသည့်နေ့က ဦးအုန်းမောင်သည် အစည်းအဝေးတွင် တင်ပြရန် မိမိအလှည့်မကျသေးမီ ခွင့်တောင်း၍ ဝင်ရောက်တင်ပြနေစဉ် မိနစ်ပိုင်းအတွင်းမှာပင် ကံဆိုးစွာဖြင့် ကျဆုံးခဲ့ရခြင်းဖြစ်သည်။

### ရဲဘော်ကိုထွေး(၁၉၂၉-၁၉၄၇)

လုပ်ကြံသတ်ဖြတ်သူများအစည်းအဝေးခန်းအတွင်း ဝင်ရောက်ပစ်ခတ်စဉ်က အခန်းအတွင်း၌ ရှိမနေ။ လုပ်ကြံသူများကလည်း သတ်ရန်ရည်ရွယ်ချက်မရှိဘဲလျက် ပစ်ခတ်ခြင်းခံရပြီး အစစ်ပါသွားသူမှာ ဆရာကြီးဦးရာဇတ်၏သက်တော်စောင့် ကိုထွေးဖြစ်သည်။ ကျောင်းစာကို စိတ်မပါ ကျောင်းစာထက် ပြည်သူ့ရဲဘော်လုပ်ငန်းကို စိတ်ထက်သန်ပြီး လွတ်လပ်ရေးမပေးလျှင် အင်္ဂလိပ်ကို တီးမည်ဆော်မည်တကဲကဲ လုပ်နေသော ရဲဘော်ကိုထွေးသည် ဆရာကြီးဦးရာဇတ်၏ အပါးတော်မြဲ ဦးချစ်ဆွေ၏အခန်းတွင် ထိုင်နေရင်းက သေနတ်သံများကြား၍ အခန်းထဲက ထွက်ကြည့်စဉ် ပစ်ခတ်ခံရခြင်းဖြစ်သည်။

ကျဆုံးခဲ့ရရှာသူ အာဇာနည်ကြီးများသည် ကျဆုံးသွားကြခြင်းကြောင့်သာ ဂုဏ်ပြုချီးမွမ်းခံရခြင်းမျိုးမဟုတ်ဘဲ သူတို့၏ ပင်ကိုအရည်အချင်း ဂုဏ်ပုဒ်များအရပင် ဂုဏ်ပြုထိုက်သူများဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ကက်ဘိနက်တွင် ခန့်ထားသောဝန်ကြီးများ၏ အရည်အချင်းကို ကောင်းစွာသိရှိသူဖြစ်၍ ရွေးချယ်ခန့်ထားခြင်းဖြစ်ပါသည်။ ဂျူနိဦးစောနှင့် သူ့တပည့်လက်ပါးစေများသည် တိုင်းပြည်၏ အလှဆုံး၊ အဖိုးတန်ဆုံး "ခေါင်ပွင့်" များကို ဖြုတ်ချလိုက်ခြင်းပင်ဖြစ်ပါသည်။

သမိုင်းတွင် အတုယူစရာတွေအများကြီးရှိသလို သင်ခန်းစာယူစရာတွေလည်း အများကြီးရှိပါသည်။ မျိုးဆက်သစ်လူငယ်များသည် သမိုင်းဖြစ်ရပ်များကိုလည်းကောင်း၊ ကြီးမြတ်သောပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း အလေးအနက်ဖတ်ရှုကြ၊ လေ့လာကြပါရန် တိုက်တွန်းလိုပါသည်။

**ကျမ်းကိုး**

**(၁) ထက်ဇော်-ဖြစ်ခဲ့လျှင်နှင့် မဖြစ်ခဲ့"လျှင်"များ အပိုင်း(၁)မှ အပိုင်း(၃၁)**
**[Tomorrow ဂျာနယ် အတွဲ(၃)-အမှတ်(၁၈)မှ အတွဲ(၄)-အမှတ်(၁၈)အထိ]**

**(၂) မောင်ဇေယျာ-အာဇာနည်ခေါင်းဆောင်ကြီးများနှင့် အာဇာနည်နေ့ ဖြစ်စဉ်။**

**(၃) ကျော်ငြိမ်း-ပင်လုံရုပ်ပုံလွှာ**

# မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် လိုင်စင်မဲ့ယာဉ် ခြောက်စီး သိမ်းဆည်းရမိ

**မြဝတီ ဇူလိုင် ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဇူလိုင် ၁၇ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် အထောက်အထားမဲ့ လိုင်စင်မဲ့ယာဉ်ခြောက်စီးအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင်ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ပြီးခဲ့သည့် မတ် ၁ ရက်မှစတင် စစ်ဆေးဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၇ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Wish တစ်စီး၊ Toyota Noah တစ်စီး၊ Toyota Crown တစ်စီး၊ Toyota Probox တစ်စီး၊ Mitsubishi Colt တစ်စီး၊ Honda Airwave တစ်စီးတို့ကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့များက တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်ခြောက်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇ ဒသမ ၅ သန်းခန့်)အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဇူလိုင် ၁၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးနိုင်ခဲ့မှု ရှစ်မှု (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၂၉ သန်း)အား ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

# ရန်ကုန် သတင်းမြင်ကွင်း

## အရင်လို ပြိုင်မောင်း လုမောင်းစရာမလိုဘဲ လစာနဲ့ စိတ်ချမ်းချမ်းသာသာနဲ့ လုပ်ချင်ပါတယ်

**ရန်ကုန်မြို့၏ အရေးပါသော မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရည်အသွေးနှင့် အရည်အချင်းပြည့်မီသော ကျွမ်းကျင်ယာဉ်မောင်းများစွာ လိုအပ်လျက်ရှိရာ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့တို့ ပူးပေါင်း၍ YBS အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၁)ဖွင့်ပွဲကို ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့ လေးထောင့်ကန်လမ်းရှိ YRTA ရုံး၌ ကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော သင်တန်းသား ယာဉ်မောင်းများက ၎င်းတို့၏ အမြင်နှင့် ရည်ရွယ်ချက်များကို ယခုလို ပြောကြားခဲ့ကြသည်။**

**ကျော်မျိုးလွင်**

ကျွန်တော်က ဘတ်စ်ကားမောင်းသက် မရှိသေးပါဘူး။ တက္ကစီမောင်းတဲ့သူပါ။ ဒီသင်တန်းတက်ဖို့ဆိုတာက YBS ယာဉ်လိုင်းကို ယာဉ်အန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်ရေးအတွက် ခရီးသည်တွေရဲ့ အသက်အိုးအိမ်စည်းစိမ်အတွက်၊ အန္တရာယ်ကင်းဖို့အတွက် လာတက်တာပါ။ ကျွန်တော့်မှာ ဘတ်စ်ကားလောက အတွေ့အကြုံမရှိပေမယ့် ဒီသင်တန်းကိုတက်ပြီး အောင်မြင်မယ်လို့ ထင်ပါတယ်။ လုပ်နိုင်မယ်လို့ ထင်ပါတယ်။

**မောင်ကျင်သိန်း**

ကျွန်တော် အခုမှ ဘတ်စ်ကားစမောင်းမှာပါ။ အရင်က အုတ်၊ သဲ၊ ကျောက်ကား မောင်းခဲ့တာပါ။ အခုက ဒီမှာသင်တန်းလာတက်တာပါ။ ဘတ်စ်ကားမောင်းတဲ့ အတွေ့အကြုံမရှိပေမယ့် ဒီသင်တန်းတက်ပြီး အောင်မြင်မယ်လို့တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားပါတယ်။

ကျွန်တော် အုတ်၊ သဲ၊ ကျောက်ကား မောင်းတာကတော့ လစာအနေနဲ့ကတော့ နှစ်သိန်းခွဲလောက်တော့ရပါတယ်။ ဘတ်စ်ကားကြီးတွေနဲ့ စနစ်တကျမောင်းပြီး လစာလည်းရမယ်ပေါ့။ အဲဒီအလုပ်ကို ပြောင်းမယ်ဆိုပြီး လာတက်တာပါ။ ဘတ်စ်ကားခရီးသည်တွေကိုလည်း အတတ်နိုင်ဆုံးတော့ သည်းခံပြီး အန္တရာယ်အကင်းဆုံး ပို့ဆောင်ပေးမယ်လို့တော့ ကျွန်တော် ယုံကြည်ထားပါတယ်။

**အောင်ကျော်စိုး**

ကျွန်တော်က ကုမ္ပဏီကားတွေပဲ မောင်းခဲ့ဖူးတာပါ။ ဘတ်စ်ကား မမောင်းဖူးပါဘူး။ ဒီသင်တန်းခေါ်တာကတော့ သတင်းစာထဲကနေ တွေ့ပါတယ်။ ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းကိုတော့ တစ်ခါမှ မလုပ်ဖူးပါဘူး။ ဒါပေမယ့် လုပ်နိုင်မယ်လို့ ထင်ပါတယ်။



ကျော်မျိုးလွင်



မောင်ကျင်သိန်း



အောင်ကျော်စိုး



ထက်မြက်အောင်

**ထက်မြက်အောင်**

ကျွန်တော်ကတော့ လက်ရှိ ဘတ်စ်ကားမောင်းနေပါတယ်။ မောင်းသက် လေးနှစ်လောက်တော့ရှိပါပြီ။ ပါရမီယာဉ်လိုင်းမှာ မောင်းပါတယ်။ အခု YBS 12 ပါ။ ဘာကြောင့် သင်တန်းတက်ရလဲဆိုတော့ စည်းစနစ်ကျတဲ့ ယာဉ်မောင်းဖြစ်သွားအောင်ရယ်။ ပြီးတော့ လစာနဲ့ဆိုတော့ အေးအေးဆေးဆေးနဲ့မောင်းရမယ်။ အရင်လို ပြိုင်မောင်း လုမောင်းစရာမလိုဘဲ လစာနဲ့ စိတ်ချမ်းချမ်းသာသာနဲ့ လုပ်ချင်ပါတယ်။ ဘယ်စနစ်ကို ပိုကြိုက်လဲဆိုရင် အေးအေးဆေးဆေး လုပ်ရတာ ပိုကြိုက်ပါတယ်။ လူအများနဲ့လုပ်နေရတာဆိုတော့ ယာဉ်မောင်း၊ စပယ်ယာ ရှိုင်းတယ်လို့လည်း ပြောတာပေါ့။ ဒါပေမယ့် တချို့ခရီးသည်တွေကလည်း ပူးပေါင်းဆောင်ရွက်ပေးမယ်ဆိုရင် အဆင်ပြေမှာပါ။ ရှေ့တိုးပါဆို မတိုးတာတို့ အပေါက်ဝကို ပိတ်နေတာတို့ပေါ့။ အချင်းချင်း စေတနာထားပြီး သူများလည်း စီးလို့ရအောင် ရှေ့တိုးပေးတာတို့ လုပ်မယ်ဆိုရင် ပိုအဆင်ပြေမှာပါ။ ကျွန်တော် လေးနှစ်ကျော် မောင်းခဲ့တာမှာ တစ်ရက်ကို အလုပ်ချိန်ဟာ မနက် ၄ နာရီကနေ ည ၉ နာရီကျော်အထိ ရှိပါတယ်။ ကျွန်တော်တို့ရဲ့အလုပ်ချိန် တအားများပါတယ်။ နားတဲ့ရက်လည်း နားသလို ဆက်တိုက်မောင်းရတာလည်းရှိပါတယ်။ လူအများစုနဲ့ ဆက်ဆံရတဲ့အခါ တခြားအလုပ်တွေလိုမျိုး အလုပ်ချိန်နဲ့ လစာနဲ့ စိတ်အေးချမ်းသာစွာလုပ်ရတဲ့စနစ်က ပိုအဆင်ပြေပါမယ်။

**(ဆုနှင်းလှဲ့)**



## YBS အထူးယာဉ်မောင်းသင်တန်း လျှောက်ထားသူ ၄၀၀ ကျော်အနက် အပတ်စဉ်(၁) သင်တန်းသား ၁၀၅ ဦးဖြင့် စတင်ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၈**

YBS အထူးယာဉ်မောင်းသင်တန်းသို့ တက်ရောက်ရန် လျှောက်ထားသူ ၄၀၀ ကျော်အထိရှိခဲ့ပြီး အပတ်စဉ် (၁) အနေဖြင့် သင်တန်းသား ၁၀၅ ဦးဖြင့် စတင်ဖွင့်လှစ်လိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) တို့ ပူးပေါင်း၍ YBS ယာဉ်လိုင်းများတွင် မောင်းနှင်ရန် အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၁) ဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက YRTA ရုံးချုပ်တွင် ပြုလုပ်ခဲ့ပြီး စာတွေ့၊ လက်တွေ့အပါအဝင် နိုင်ငံတကာ ယာဉ်မောင်းသင်တန်းဆင်း အသိအမှတ်ပြုအတိုင်း သင်တန်းဆင်းအောင်လက်မှတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းကို စာတွေ့ထက် လက်တွေ့ပိုင်းတွေ ပိုများများပါဝင်ပြီး သင်ကြားမှာဖြစ်ပါတယ်။ သင်တန်းကို ဒီနေ့စဖွင့်ပေမယ့် ပြီးခဲ့တဲ့အပတ်ကတည်းက ကျန်းမာရေး စစ်ဆေးတယ်။ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးတယ်။ ပြီးတော့ ယာဉ်ကြီးမောင်းနိုင်မှုရှိ၊ မရှိ စစ်ဆေးတယ်။ ဒီလို စစ်ဆေးမှုတွေ လုပ်ပြီးတော့မှ သင်တန်းတက်ရောက်နိုင်တဲ့သူ ၁၀၅ ဦးပေါ့။ သူတို့ကို သင်တန်းတက်ခွင့်ပေးတာပါ။ လျှောက်တာကတော့ ၄၀၀ ကျော်ရှိပါတယ်။ သင်တန်းမှာ သင်ပေးနိုင်တဲ့ လူဦးရေအတိုင်းအတာအရ အပတ်စဉ် (၁)မှာ ၁၀၅ ဦး ဖြစ်ပါတယ်။ နောက်သင်တန်းတွေလည်း ဆက်လက်ဖွင့်လှစ်သွားမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

သင်တန်းတွင် အောင်မြင်သူများကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် သင်တန်းဆင်းအောင်လက်မှတ် ထုတ်ပေးမည်ဖြစ်ပြီး YBS ယာဉ်လိုင်းများရှိ ပုဂ္ဂလိကကုမ္ပဏီတို့တွင် ခန့်အပ်မောင်းနှင်စေမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သင်တန်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သာမက ယဉ်ကျေးပျူငှာစွာ ဆက်ဆံဝန်ဆောင်မှုပြုရေးတို့ အပါအဝင် လက်ရှိဝယ်ယူထားသည့် YBS ကားသစ်များ ကောင်းမွန်စွာ ကိုင်တွယ်မောင်းနှင်နိုင်ရေးကိုလည်း သင်တန်းပေးအပ်သွားမည်ဟု သိရသည်။

အဆိုပါ သင်တန်းကို ယာဉ်မောင်းလိုင်စင် အနိမ့်ဆုံး (ခ)လိုင်စင် သုံးနှစ်သက်တမ်းနှင့် အထက်ရှိသော ယာဉ်မောင်းများအားလုံး လာရောက်လျှောက်ထားနိုင်ကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။ **(၀၀၁)**

## အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး MoU ရေးထိုးမည်

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဗီယက်နမ်နိုင်ငံ အိမ်ခြံမြေအသင်းနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ MoU ရေးထိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

"မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဆောင်ပြီး အသင်းသားတွေ ဇူလိုင် ၁၅ ရက်နေ့ကပဲ ရန်ကုန်လေဆိပ်ကနေ ဗီယက်နမ်ကို သွားကြတယ်။ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမှာ MoU ရေးထိုးမယ်။ MoU ရေးထိုးတော့ နှစ်ဖက်အကျိုးရှိလာမယ်။ မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်လည်း အလားအလာကောင်းလာမယ်"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က ပြောသည်။

ဗီယက်နမ်နိုင်ငံ အိမ်ခြံမြေအသင်းနှင့် MoUရေးထိုးရန်သွားရောက်မည့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်က မြန်မာနဲ့ ဗီယက်နမ်က ဖွံ့ဖြိုးတိုးတက်မှုနီးစပ်တယ်။ ဗီယက်နမ်က စစ်ပွဲကြာရှည်သွားတဲ့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အကြာကြီး နှောင့်နှေးခဲ့တယ်။ နှောင့်နှေးရာကနေ ကြိုးစားခဲ့တဲ့အတွက် ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်မြင်ခဲ့တယ်။အိမ်ခြံမြေလုပ်ငန်းတွေလည်း တိုးတက်လာတယ်။ ဒါကြောင့် ဗီယက်နမ်နိုင်ငံကို အဓိကထားပြီး သွားရောက်လေ့လာတာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်သည် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဈေးကွက်ကောင်းခဲ့ပြီး ၂၀၁၅ ခုနှစ်နောက်ပိုင်းမှစ၍ ဈေးကွက်အေးလာခဲ့ကြောင်း၊ ယခုနှစ်တွင် အိမ်ခြံမြေဈေးကွက် အတန်အသင့် ပြန်လည်ကောင်းမွန်လာကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

"၂၀၁၀ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်းမှာ ရောင်းဝယ်သူတွေရော၊ ရင်းနှီးမြှုပ်နှံသူတွေရော များတဲ့အတွက် နေရာပေါင်းစုံကနေဝင်ပြီး အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံလာကြတယ်။ အဲဒီတုန်းကတော့ အရောင်းအဝယ်ကောင်းတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်း ဈေးကွက်အေးသွားတယ်။ ၂၀၁၇ ခုနှစ်မှာတော့ ပုံမှန်ပြန်လည်လည်ပတ်နေပါတယ်"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ(၂) ဦးထွန်းအောင်က ပြောသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံ၏ အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းများ လေ့လာရန် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မတီမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များသည် ဧပြီ ၂၆ ရက်က ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့ပြီး ယခုခရီးစဉ်သည် ဒုတိယအကြိမ် သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**

❒

## မြို့နယ်ကျန်းမာရေးဦးစီးဌာနက အလုံ အထက(၄)သို့ ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာမေသီရိ ဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းများသည် ယနေ့ နံနက် ၉ နာရီမှစတင်၍ ကျောင်းကျန်းမာရေးကွင်းဆင်းဆောင်ရွက်ခဲ့ရာ မူလတန်း ကလေးငယ်များအား သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ခြင်အန္တရာယ်အကြောင်းကို ကျန်းမာရေးမှူး အဆင့် (၂) ဒေါ်နန့်သန္တာက ဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

ထို့အတူ အထက(၄)ရှိ (၈/၉/၁၀)တန်း ကျောင်းသူများအား မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ အားဆေးများဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ခံတွင်းနှင့်သွားဆရာဝန် ဒေါက်တာမေသီရိက ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ခံတွင်းနှင့် သွားများစစ်ဆေးခြင်း၊ ဆေးကုသခြင်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲရမည်။

(ဂ) မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို သီးခြားစီဘဏ်စာရင်း ဖွင့်လှစ်ထားရှိရမည်။

(ဃ) နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(င) အောက်ပါစာရင်းများကို ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်-
- (၁) ဝန်ထမ်းအင်အားစာရင်း၊
- (၂) ငွေသားအခြေအနေ၊
- (၃) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊
- (၄) အရှုံး၊ အမြတ်စာရင်း၊
- (၅) လက်ကျန်ရှင်းတမ်း။

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

**အခန်း(၆)**

**တားမြစ်ချက်**

၁၃။ မည်သူမျှ-

(က) အောက်ပါပြုလုပ်မှု တစ်ခုခုကို မပြုလုပ်ရ -
- (၁) ရေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကို သုံးစွဲ၍ဖြစ်စေ၊ ရေယာဉ်ခကြိုတင်ပေးဆောင်ခြင်း မပြုဘဲဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါခြင်း၊
- (၂) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် နောက်ထပ်ရေယာဉ်ခကြိုတင်ပေးဆောင်ခြင်းမပြုဘဲ တမင်ဆက်လက်စီးနင်းလိုက်ပါခြင်း၊
- (၃) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ် ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါရေယာဉ်၏ ခရီးစဉ်အဆုံးသို့ ရောက်ရှိသည့်အခါ ရောက်ရှိကြောင်းသိလျက်နှင့် ရေယာဉ်မှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊
- (၄) အမှန်တကယ်ကျသင့်သော ရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် ရေယာဉ်နေရာ အဆင့်အတန်းတစ်ခုအတွက် ရေယာဉ်ခပေးဆောင်လျက် ထိုနေရာအဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း၊
- (၅) ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်တွင် စီးနင်းလိုက်ပါလျက် ရေယာဉ်လက်မှတ် မဝယ်ယူခြင်း သို့မဟုတ် ရေယာဉ်၏ အရာထမ်း၊ အမှုထမ်းများက ရေယာဉ်လက်မှတ် ထုတ်ပြရန် တောင်းဆိုသည့်အခါ ရေယာဉ်လက်မှတ် ထုတ်ပြရန် ပျက်ကွက်ခြင်း၊
- (၆) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် စီးနင်းလိုက်ပါသောသူတစ်ဦးအတွက် ကျသင့်သော ရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်စေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်ကို လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏ လက်မှတ်ကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊ အခြားသူတစ်ဦးဦးက လက်ခံရယူခြင်း၊
- (၇) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ပေါ်တွင် ခရီးသည်အတွက် နေရာကို တစ်နည်းနည်းဖြင့်ရယူလျက် ထိုနေရာကို အဖိုးအခဖြင့် ရောင်းချခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊
- (၈) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခ အပြည့်ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်ပေါ်တွင် တရားမဝင်သော နည်းလမ်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း၊
- (၉) တန်ဆာခပေးဆောင်ရန် သတ်မှတ်ထားသော ပစ္စည်းများအတွက် တန်ဆာခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သော တန်ဆာခကို လုံးဝပေးဆောင်ခြင်းမပြုဘဲ သို့မဟုတ် အပြည့်အဝ ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် မိမိနှင့်အတူ ပစ္စည်းများသယ်ဆောင်ခြင်း။

(ခ) ပုဒ်မခွဲ (က)ပါ ပြုလုပ်မှုတစ်ခုခုကို အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း မပြုရ။

**အခန်း(၇)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၁၄။ မည်သူမဆို ပုဒ်မ ၁၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ပေးအပ်ထားသော စစ်ဆေးပိုင်ခွင့်ရှိသူသည် ထိုသူကို အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ရမည်-

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၇) အထိနှင့် ပုဒ်မခွဲ (ခ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ထိုသူကို ခရီးစဉ်ခရီးသည်လက်မှတ်ခနှုန်း၏သုံးဆနှင့်ညီမျှသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၈) နှင့် ပုဒ်မခွဲငယ် (၉) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ထိုသူကို ခရီးစဉ်ကုန်တင် တန်ဆာခနှုန်း၏ ငါးဆနှင့်ညီမျှသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

၁၅။ (က) ပုဒ်မ ၁၄ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းဒဏ်ငွေကို ပေးသွင်းပြီး အဆိုပါ အမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဦးဆောင်ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

(ခ) ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ယင်းဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဦးဆောင်ညွှန်ကြားရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

**အခန်း(၈)**

**အထွေထွေ**

၁၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်ကို မောင်းနှင်သည့် မည်သည့်ရေယာဉ်အုပ်မဆို ခရီးသည်တင်ရေယာဉ်နှင့် ကုန်စည်တင်ရေယာဉ် အမျိုးအစားအလိုက် ခွင့်ပြုထားသော ခရီးသည်ဦးရေထက် ကျော်လွန်၍ သော်လည်းကောင်း၊ သတ်မှတ်ထားသော ဝန်တင်မျဉ်းအမှတ်အသားမြုပ်သည်အထိသော်လည်းကောင်း၊ ခရီးသည် သို့မဟုတ် ကုန်စည်များကို တင်ဆောင်ပါက ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေအရ အရေးယူခြင်း ခံရမည်။

၁၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ငှားရမ်းအသုံးပြုရာတွင် သတ်မှတ်ထားသည့် ကာလအတွင်းအသုံးပြုသည့် ရေယာဉ်များ ပျက်စီးခြင်း သို့မဟုတ် နစ်မြုပ်ခြင်းများအတွက် ငှားရမ်းသုံးစွဲသူက စတင်ရယူအသုံးပြုစဉ်အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်။

၁၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဤဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရ ကောက်ခံသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်နှင့်အညီအရ ကောက်ခံခွင့်ရှိသည်။

၁၉။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပစ္စည်းများသည် ပြည်သူပိုင်ပစ္စည်းများဖြစ်သည်။

၂၀။ လျော်ကြေးငွေ၊ ကြွေးကျန်များ၊ ပြည်သူပိုင်ပစ္စည်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၁။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပင်လယ်ဇုန်များ**ဆိုသည်မှာ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ အပါအဝင် နိုင်ငံတော်နှင့်သက်ဆိုင်သည့် ပင်လယ်ဇုန်များကို ဆိုသည်။

(င) **အခြေခံမျဉ်းများ**ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ (က) တွင် သတ်မှတ်ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(စ) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့်အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကို ဆိုသည်။

(ဆ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်။

(ဇ) **ရေယာဉ်**ဆိုသည်မှာ ရေပေါ်တွင်သော်လည်းကောင်း၊ ရေအောက်တွင်သော်လည်းကောင်း ရွေ့လျားသွားလာနိုင်သော စက်တပ် သို့မဟုတ် စက်မဲ့ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **နိုင်ငံခြားရေယာဉ်**ဆိုသည်မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံခြားတွင် မှတ်ပုံတင်ထားသော ရေယာဉ်နှင့်မည်သည့်နိုင်ငံတွင်မျှ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားသားပိုင်ရေယာဉ်ကိုဆိုသည်။

(ည) **သဘာဝသယံဇာတ**ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိရေထုနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင် ပါဝင်သော သက်ရှိ သက်မဲ့သယံဇာတများကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က အခါအားလျော်စွာ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတများလည်း ပါဝင်သည်။

(ဋ) **ရေမိုင်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာရေမိုင်ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းမှု ရှိစေရန်၊

(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်းရှိ သဘာဝသယံဇာတများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ စနစ်တကျ ရေရှည်ထုတ်ယူသုံးစွဲရန်နှင့် အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်း ရေထု၊ လေထုနှင့် အဏ္ဏဝါပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုများမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်။

**အခန်း (၃)**

**ပိုင်နက်ပင်လယ်**

၄။ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်သည် အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းသည်။

၅။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပိုင်နက်ပင်လယ်၊ ယင်းအောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိ သက်ရောက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဂ) ပုဒ်မခွဲ (ခ) အရ သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ပြန်မပို့နိုင်မီ ကာလအတွင်း အခြားသင့်လျော်သည့်နေရာ၌ ထိန်းသိမ်းထားရှိနိုင်သည်။

## အခန်း (၂၂)
## ကလေးသူငယ် တရားစီရင်ရေး

၇၉။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် -

(က) နိုင်ငံတော်အတွင်း လိုအပ်ပြီး သင့်လျော်သော နယ်မြေများတွင် ကလေးသူငယ် တရားရုံးများ တည်ထောင်ရမည်။ ထို့အပြင် ကလေးသူငယ်တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်တရားရုံး တည်ထောင်ထားခြင်း မရှိသော နယ်မြေဒေသတွင် မြို့နယ်တရားသူကြီးအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့် အာဏာကို အပ်နှင်းနိုင်သည်။

၈၀။ ကလေးသူငယ်တရားရုံးသည် -

(က) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်ရန် သဘောတူ ညှိနှိုင်းဖြေရှင်း ဆုံးဖြတ်ပြီးသော ကလေးသူငယ်မှုခင်းကို နှစ်ဖက်ကျေအေးခွင့်ပြုရမည်။

(ခ) ပြစ်မှုကျူးလွန်သည့် အချိန်တွင် အသက် (၁၈) နှစ် မပြည့်သေးသော ကလေးသူငယ်ကိုသာလျှင် တရားစီရင်ပိုင်ခွင့် ရှိစေရမည်။ ကလေးသူငယ်မှုခင်းတစ်ရပ်ကို ကြားနာစစ်ဆေးရာ၌ ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ ပြစ်မှုကျူးလွန်သူမှာ ကလေးသူငယ်ဖြစ်ကြောင်း အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားများကို စိစစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ရမည်။ ထိုဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ထားရှိရမည်။

(ဂ) ကလေးသူငယ်မှုခင်းကို ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်း စွပ်စွဲခံရသော ကလေးသူငယ်၏ အသက်မှာ (၁၈) နှစ် ပြည့်သွားသော်လည်း ကလေးသူငယ် ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ဃ) စစ်ဆေးစီရင်နေစဉ်အတွင်း တရားစွဲဆိုတင်ပို့သော ကလေးသူငယ်ကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံသူဖြင့် ခံဝန်ချုပ်ချုပ်ဆိုခြင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ မိဘ၊ အုပ်ထိန်းသူထံသို့ ဖြစ်စေ၊ ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသင့်လျော်သောနေရာသို့ ဖြစ်စေ အုပ်ထိန်းရန် အပ်နှံနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ အာမခံသူဖြင့် ခံဝန်ချုပ်ပြုလုပ်ခြင်း မရှိသည့်အခါ နောက်ဆုံးနည်းလမ်းအဖြစ်သာလျှင် မိဘ၊ အုပ်ထိန်းသူထံသို့ ဖြစ်စေ၊ ယာယီစောင့်ရှောက်ရေးဂေဟာသို့ ဖြစ်စေ၊ အခြားသင့်လျော်သောနေရာသို့ ဖြစ်စေ စည်းကမ်းချက်များကို လိုက်နာစေလျက် ကလေးသူငယ်ကို အပ်နှံနိုင်သည်။ ထိုသို့ အပ်နှံသည့်ကာလသည် အတိုတောင်းဆုံး ဖြစ်စေရမည်။

(စ) မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ ချုပ်မိန့်မပေးရ။

(ဆ) ကလေးသူငယ်ကို မည်သည့်ပြစ်မှုအတွက်မဆို ကလေးသူငယ်တရားရုံး ရှေ့မှောက်သို့ တင်ပို့ပါက ကလေးသူငယ်နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် စွဲဆိုသည့်ပြစ်မှုကို ရှင်းလင်းပြောကြားရမည်။

(ဇ) သေဒဏ် သို့မဟုတ် ထောင်ဒဏ် ၃ နှစ်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ကလေးသူငယ်မှုခင်းများကို ဝရမ်းမှုစစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ဈ) ပုဒ်မခွဲ (ဇ) ပါ မှုခင်းမျိုးမှတစ်ပါး အခြားကလေးသူငယ်မှုခင်းများကို သမ္မန်မှု စစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ည) ကလေးသူငယ်မှုခင်းတွင် ရှေ့နေငှားရမ်းထားစေကာမူ ကလေးသူငယ်က ပြစ်မှုကျူးလွန်ခြင်း မရှိကြောင်း မိမိကိုယ်ကို ကာကွယ်ပြောကြားရာတွင် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး သို့မဟုတ် တာဝန်ရှိလူမှုဝန်ထမ်းအရာရှိ တစ်ဦးဦးအား ကလေးသူငယ်ကို အကူအညီပေးရန် ခွင့်ပြုနိုင်သည်။

(ဋ) စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု ရှိ မရှိ စစ်ဆေးရန် လိုအပ်ပါက စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူဆရာဝန်နှင့် စစ်ဆေးပြီး လိုအပ်သလို ဆက်လက် ဆောင်ရွက်နိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈၁။ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ် မှုခင်းများကို ကြားနာစစ်ဆေးရာတွင် -

(က) သီးခြားတရားရုံး သို့မဟုတ် သီးခြားအဆောက်အအုံတွင် ကြားနာစစ်ဆေးရမည်။ သီးခြားတရားရုံး သို့မဟုတ် အဆောက်အအုံမရှိပါက တရားရုံးပုံမှန် ဖွင့်လှစ်၍ ကြားနာစစ်ဆေးသည့် နေရာမဟုတ်သော အဆောက်အအုံ သို့မဟုတ် အခန်းတွင် ပြုလုပ်ရမည်။

(ခ) မိဘများ၊ အုပ်ထိန်းသူများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေ အရာရှိများ၊ တူညီဝတ်စုံ ဝတ်ဆင်ထားခြင်းမရှိသော တာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းနှင့် သက်ဆိုင်သူများနှင့် ကလေးသူငယ်တရားရုံးက ခွင့်ပြုချက်ပေးထားသောသူများမှအပ အခြားမည်သူမျှ ကြားနာစစ်ဆေးသောနေရာတွင် မရှိစေရ။

(ဂ) ကလေးသူငယ်အတွက် ခုခံကာကွယ်ရန် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် အခြားသင့်လျော်သူတစ်ဦးဦးအား ကလေးသူငယ်ကိုယ်စား စစ်မေးခြင်း၊ လျှောက်ထားခြင်းနှင့် လျှောက်လဲခြင်းတို့ ပြုနိုင်ရန် ခွင့်ပြုရမည်။

(ဃ) ရဲအရေးပိုင်သောပြစ်မှု ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူ ကလေးသူငယ်အတွက် တရားလိုဘက်မှ ဥပဒေအရာရှိက လိုက်ပါဆောင်ရွက်ပေးရန် သက်ဆိုင်ရာဥပဒေရုံးသို့ အကြောင်းကြားရမည်။

(င) ကလေးသူငယ်နှင့် သက်သေများအတွက် လိုအပ်ပါက စကားပြန်ထားရှိနိုင်ရန် စီစဉ်ပေးရမည်။

(စ) ကလေးသူငယ် မှုခင်းကို ဆောလျင်စွာ ကြားနာစစ်ဆေးပေးရမည်။

(ဆ) သက်သေများ စစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းပြုရာ၌ တရားခွင်ရှိ တရားသူကြီး၊ ဥပဒေအရာရှိ၊ လူမှုဝန်ထမ်းအရာရှိ၊ ရဲအရာရှိ၊ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် သက်သေများ မြင်နိုင်၊ ကြားနိုင်၊ မေးမြန်းနိုင်၊ ဖြေကြားနိုင်၊ မှတ်တမ်းတင်နိုင်သည့် ဗီဒီယိုရုပ်မြင်သံကြား မြင်ကွင်းစနစ်ဖြင့် ပြုလုပ်နိုင်သည်။

၈၂။ ကလေးသူငယ်မှုခင်းကို ကြားနာစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးသည် -

(က) စစ်ဆေးဆဲအမှု မည်သည့်အခြေအနေသို့ ရောက်ရှိနေစေကာမူ စွပ်စွဲခံရသူ ကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ လာရောက်ရန် မလိုဟုယူဆလျှင် ရုံးရှေ့သို့ မလာရောက်စေဘဲ ယင်း၏မျက်ကွယ်တွင် အမှုကို ဆက်လက်စစ်ဆေးနိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖြစ်ထွန်းနိုင်သည့်ကိစ္စတွင် သတင်းအချက်အလက်ရယူခွင့်ပေးခြင်းမှအပ ကလေးသူငယ်မှုခင်း သတင်းအချက်အလက်များကို သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြား တစ်ခုခုတွင် ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်း မပြုနိုင်ရန်နှင့် သတင်းမီဒီယာသမားအား တရားခွင်အတွင်း ဝင်ရောက်ခြင်း ခွင့်မပြုရ။

(ဂ) ကလေးသူငယ်ကြီးကြပ်သူအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရန် သက်ဆိုင်ရာလူမှုဝန်ထမ်းရုံးသို့ အကြောင်းကြားရမည်။

၈၃။ ကလေးသူငယ် တရားရုံးသည် ရဲတပ်ဖွဲ့က စုံစမ်းနေစဉ်အတွင်း ဖြစ်စေ၊ ကလေးသူငယ် တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်းဖြစ်စေ ထွက်ပြေးတိမ်းရှောင်နေသော ကလေးသူငယ်ကို ဖမ်းဆီးမိပြီး သက်ဆိုင်ရာတရားရုံးသို့ စွဲဆိုတင်ပို့သည့်အချိန်တွင် အသက် (၁၈) နှစ် ပြည့်သွားသော ကလေးသူငယ်မှုခင်းနှင့် စပ်လျဉ်း၍ -

(က) အသက် (၁၈) နှစ် ပြည့်ပြီး အသက် (၂၀) နှစ် မပြည့်သေးလျှင် ကလေးသူငယ် ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ခ) အသက်(၂၀) နှစ် ပြည့်ပြီးဖြစ်လျှင် အရွယ်ရောက်သူကို စစ်ဆေးစီရင်သည့် နည်းလမ်းအတိုင်း ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ သို့ရာတွင် ပြစ်ဒဏ်ကို ကလေးသူငယ်ဖြစ်သည့်အလား ဤဥပဒေနှင့်အညီ ချမှတ်ရမည်။ ထိုသို့ ချမှတ်သည့်အခါ ကလေးသူငယ်ကဲ့သို့ မိဘအုပ်ထိန်းသူထံ အပ်နှံခြင်း၊ ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် သင်တန်းကျောင်း တစ်ခုခုသို့ ပို့အပ်ခြင်း မပြုနိုင်။

၈၄။ ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသော ကလေးသူငယ်အား အမိန့်ချမှတ်ခြင်းမပြုမီ အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားလျက် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ ဖြစ်ထွန်းစေပြီး စာရိတ္တပြုပြင်ပြောင်းလဲစေနိုင်မည့် အမိန့်ကို ချမှတ်ရမည်-

(က) ကလေးသူငယ်၏ အသက်အရွယ်နှင့် အကျင့်စာရိတ္တ၊

(ခ) ကလေးသူငယ်၏ ပတ်ဝန်းကျင်အခြေအနေ၊

(ဂ) ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်း၊

(ဃ) ကလေးသူငယ်ကြီးကြပ်သူက တင်သွင်းသော အစီရင်ခံစာ၊

(င) ကလေးသူငယ်အား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ကလေးသူငယ်၏ လွတ်လပ်ခွင့်ကို ထိခိုက်စေခြင်းမရှိဘဲ ဖြစ်နိုင်ပါက အခြားနည်းလမ်းဖြင့်လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဦးစားပေးခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သော အခြားအချက်များ။

၈၅။ ကလေးသူငယ်တရားရုံးသည် -

(က) ကလေးသူငယ်ကို သာမန်အားဖြင့် ထောင်ဒဏ်ချမှတ်ခြင်းမပြုရ။ ထောင်ဒဏ်ကို အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ မရှိမှသာ နောက်ဆုံးနည်းလမ်းအဖြစ် သဘောထားပြီး ပြစ်ဒဏ်ချမှတ်ရမည်။

(ခ) တည်ဆဲ မည်သည့်ဥပဒေတစ်ရပ်ရပ်တွင်မဆို မည်သို့ပင်ပါရှိစေကာမူ ကလေးသူငယ်အား ပြစ်မှုထင်ရှားစီရင်သည့်အခါ သေဒဏ်၊ ထောင်ဒဏ် တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ မချမှတ်ရ။

(ဂ) ကလေးသူငယ် ကျူးလွန်သည့်ပြစ်မှုမှာ အောက်ပါ အချက်သုံးရပ်နှင့် အကျုံးဝင်သည်ဟု ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ် ချမှတ်ရမည်။ ထိုသို့ ထောင်ဒဏ်ချမှတ်ရာတွင် ထိုကလေးသူငယ်မှာ အသက် (၁၆) နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် (၇)နှစ်ထက် ပို၍လည်းကောင်း၊ အသက် (၁၆) နှစ် ပြည့်ပြီး အသက် (၁၈) နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် (၁၀) နှစ်ထက် ပို၍လည်းကောင်း မချမှတ်ရ -

(၁) သေဒဏ်၊ ထောင်ဒဏ် တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှု ဖြစ်ခြင်း၊

(၂) ပုဒ်မခွဲငယ် (၁) ပါ ပြစ်မှုများကို ထပ်မံကျူးလွန်နိုင်သည့် ကလေးသူငယ်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားများ တွေ့ရှိခြင်း၊

(၃) ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်သော အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်မည့်အနေအထား မတွေ့ရှိရခြင်း။

(ဃ) ငွေဒဏ် တပ်ရိုက်ရန်ရှိလျှင် အသက် (၁၄) နှစ်ပြည့်ပြီး ဝင်ငွေရှိသည့် ကလေးသူငယ်ကို ငွေဒဏ်တပ်ရိုက်နိုင်သည်။ ငွေဒဏ်မဆောင်သည့် ထိုကလေးသူငယ်အား ထောင်ဒဏ်မချမှတ်ရ။ ထိုကလေးသူငယ်က ငွေဒဏ်မဆောင်လျှင် ကလေးသူငယ်၏ မိဘကိုလည်းကောင်း၊ မိဘ မရှိလျှင် အုပ်ထိန်းသူကို လည်းကောင်း ငွေဒဏ် တပ်ရိုက်ရမည်။

၈၆။ ကလေးသူငယ်တရားရုံးသည် ပုဒ်မ ၈၅၊ ပုဒ်မခွဲ (ဂ) ပါ အချက်သုံးရပ်နှင့် မငြိစွန်းသဖြင့် ထောင်ဒဏ်မချမှတ်သင့်သော ကလေးသူငယ်နှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဆိုဆုံးမ၍ လွှတ်နိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် ပြစ်မှုကိုနောက်ထပ် မကျူးလွန်စေရေးအတွက် ဟန့်တားရန်အလို့ငှာ ထိုကလေးသူငယ်ကို ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေမည်ဖြစ်ကြောင်း ခံဝန်ချုပ်ချုပ်ဆိုပြီး (၃)နှစ်ထက်မကျော်လွန်သော ကာလအတွက် စည်းကမ်းချက်များ သတ်မှတ်၍ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်လွှဲအပ်ပေးနိုင်သည်။

(ဃ) (၃)နှစ်ထက်မပိုသောကာလအတွင်း ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေနိုင်သည်။

(င) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် အကျင့်စာရိတ္တ ပျက်ပြားနေသူဖြစ်လျှင်သော် လည်းကောင်း၊ အကျင့်စာရိတ္တ ပျက်ပြားခြင်း မရှိသေးသော်လည်း မိဘ အုပ်ထိန်းသူမရှိသည့် ကလေးသူငယ်ဖြစ်လျှင်သော် လည်းကောင်း၊ မိဘအုပ်ထိန်းသူ ရှိသော်လည်း ကလေးသူငယ်အား ဆိုဆုံးမခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေမရှိလျှင်သော် လည်းကောင်း ထိုကလေးသူငယ်ကို အနည်းဆုံး ၂ နှစ် အထိ ဖြစ်စေ၊ အသက် (၁၈) နှစ် သို့မဟုတ် အသက် (၂၀) နှစ် ပြည့်သည့်အထိ ဖြစ်စေ သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်နိုင်သည်။

(စ) ကလေးသူငယ်တရားသူကြီး၏ ဆင်ခြင်တုံတရားအရ သင့်တင့်လျောက်ပတ်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းချက်များ သတ်မှတ်၍ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတွင် သတ်မှတ်သည့်အချိန်ကာလတစ်ရပ်ထိ နေထိုင်စေရန် ဆိုင်းငံ့ပြစ်ဒဏ် ချမှတ်နိုင်သည်။ ဆိုင်းငံ့ကာလပြည့်သည့်အခါ ပုဒ်မခွဲ (က) မှ (င) အထိပါရှိသည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

၈၇။ ကလေးသူငယ်တရားရုံးသည် -

(က) ကလေးသူငယ်အပေါ် ပုဒ်မ ၈၅ အရ ချမှတ်သော ထောင်ဒဏ်အပြင် ကလေးသူငယ်၏ပြုလုပ်မှုကြောင့် တစ်စုံတစ်ယောက်သောသူတွင် ထိခိုက်နစ်နာမှု သို့မဟုတ် ဆုံးရှုံးမှုရှိလျှင် ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူက ပြစ်မှုကျူးလွန်ခြင်းခံရသော ထိခိုက်နစ်နာသူ သို့မဟုတ် ဆုံးရှုံးသူသို့ သင့်လျော်သောလျော်ကြေးပေးဆောင်စေရန်လည်း အမိန့်ချမှတ်နိုင်သည်။

(ခ) အောက်ဖော်ပြပါ အချက်များနှင့် ညီညွတ်လျှင် ပုဒ်မ ၈၆၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) အရချမှတ်ခဲ့သော အမိန့်ကို လိုက်နာပြီးသော ကလေးသူငယ်အား သက်ဆိုင်ရာ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့် ဖြစ်စေ၊ ခံဝန်ချုပ် မပြုလုပ်ဘဲဖြစ်စေ ပြန်လည်အပ်နှံရန် မည်သည့်အချိန်တွင်မဆို ပြင်ဆင်၍ အမိန့်ချမှတ်နိုင်သည် -

(၁) ကလေးသူငယ်၏ အကျင့်စာရိတ္တအခြေအနေ တိုးတက်ကောင်းမွန်မှု ရှိလာခြင်း၊

(၂) မိဘ သို့မဟုတ် အုပ်ထိန်းသူရှိသော ကလေးသူငယ်ဖြစ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) ပါ စီရင်ပိုင်ခွင့်ကို သက်ဆိုင်ရာ သင်တန်းကျောင်းအုပ်၊ ကလေးသူငယ် ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူ၏ လျှောက်ထားတင်ပြချက်အရ ကျင့်သုံးနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို လူထုဗဟိုပြုစီမံကိန်းများကြည့်ရှု

**ပခုက္ကူ ဇူလိုင် ၁၈**
မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ အောင်မိုးညိုသည် ဇူလိုင် ၁၇ ရက်နံနက် ၉ နာရီက ပေါက်မြို့ အောင်တံခွန်ရပ်ကွက်ရှိ ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲ တက်ရောက်ပြီးနောက် လူထုဗဟိုပြုစီမံကိန်းကျေးရွာသုံးရွာသို့ကွင်းဆင်းကြည့်ရှုသည်။

ဝန်ကြီးချုပ်သည် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးတာ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးကျော်ဆွေနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ထန်းတပင်အုပ်စု သရက်တောကျေးရွာ၊ ထန်းတပင်ကျေးရွာနှင့် တင်ငုတ်ပြင်ကျေးရွာအုပ်စု ညောင်ပင်တိုက်ကျေးရွာများတွင် ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းဖြစ်သည့် ကျေးရွာတွင်းလမ်းများကို ကြည့်ရှုသည်။ ထို့နောက်ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပေါက်မြို့နယ်တွင် ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ကျေးရွာပေါင်း ၂၅၇ ရွာအတွက် ငွေကျပ်သန်းပေါင်း ၂၃၀၆ သန်းဖြင့် လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကိုဇော်(ခတု)**



# ပြည်ကြီးမဏ္ဍိုင်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကော့သောင်း-မြိတ်ကားလမ်းပေါ် ရေကျော်မှုဖြစ်ပွား

**ပြည်ကြီးမဏ္ဍိုင် ဇူလိုင် ၁၈**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့တွင် ဇူလိုင် ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကော့သောင်း-မြိတ် ကားလမ်းပေါ်ရေကျော်၍ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါနေ့ နံနက်ပိုင်းက ပြည်ကြီးမဏ္ဍိုင်မြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မနိုးရုံးကျေးရွာအုပ်စု မနိုးရုံးကျေးရွာနှင့်ရွာသာယာကျေးရွာကျန်ကျောင်းကွင်းဒေသ မြိတ်-ကော့သောင်းကားလမ်းမကြီးမိုင်တိုင်(၉၂/၄) နှင့် (၉၂/၅)ကြားတွင် ကားလမ်းမအရှည်ပေ ၆၀၀ ခန့် ရေအနက် ၄ ပေခွဲခန့်၊ အလားတူ မိုင်တိုင်(၉၃/၁-၂)ကြား ထောင်ယားချောင်း အရှည်ပေ ၂၀၀၊ ရေအနက် ၃ ပေခန့်နှင့် ခဲချောင်းကျေးရွာအနီး မိုင်တိုင်(၉၆/၆-၇)ကြား အရှည်ပေ ၁၀၀ ရေအနက် ၂ ပေခွဲခန့်တို့ သုံးနေရာ ရေကျော်ခဲ့ရာ မော်တော်ယာဉ်၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိဘဲ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

ရေကျော် လမ်းပိတ်ဆို့မှုဖြစ်ပွားသည့်နေရာများသို့ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ ၊ ကျေးရွာတာဝန်ရှိအဖွဲ့အစည်းများအကူအညီဖြင့် ယာယီဖြတ်သန်းသွားလာမှုပြုနိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ပြည်ကြီးမဏ္ဍိုင်(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်တွင် ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**မင်းဘူး ဇူလိုင် ၁၈**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့နေထိုင်သည့် ရေဘေးသင့် အိမ်ထောင်စုများအား မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနမှ အိမ်ထောင်စု ၅၈၃ စုအတွက် လူဦးရေ ၂၁၅၉ ဦးအား လူတစ်ဦးလျှင် ဆန် ၇ ရက်စာဖိုး ၂၁၀၀ နှုန်းဖြင့် ငွေကျပ် ၄၅၃၃၉၀၀ အား ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီက ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာများ လိုက်ပါကာ ရေဘေးသင့်ကူညီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မင်းဘူးမြို့အမှတ်(၁)/(၃)ရပ်ကွက်၊ မန်းကျိုး၊ ထုံးမကြီး၊ ရွာသစ်ကုန်း၊ ဆည်ရွာ၊ ဖလံရုံ၊ ငွေသောင် နိဗ္ဗာန်ကျွန်းနှင့် တပင်ကျေးရွာများတွင် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အိမ်ထောင်စုများနှင့် တိရစ္ဆာန်များကို ကူညီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ပြောင်းရွှေ့နေရာချထားပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးပြည့်**

# တောင်သမန်အင်းအတွင်းမြစ်ရေမြင့်တက်၊ ဦးပိန်တံတားသို့ လာရောက်သူများပြား

**မန္တလေး ဇူလိုင် ၁၈**
၂၀၁၇ ခုနှစ် ဇူလိုင်ဒုတိယပတ်မှ စတင်ပြီး မြန်မာပြည်အထက်ပိုင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာသွန်းခဲ့မှုကြောင့် မန္တလေးမြို့ ဧရာဝတီမြစ်ဂေါ်ဝန်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်း၊ ကျွဲစွန်း ဆိပ်ကမ်းနယ်မြေတို့တွင် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၇ ရက် ညနေ ၅ နာရီအထိ ၁၁၈၈ စင်တီမီတာ မြင့်တက်လာခဲ့သည်။ မန္တလေးမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၂၆၀ စင်တီမီတာဖြစ်သည်။



ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကုန်တင်ရေယာဉ်ကြီးများ၊ ပုဂံညောင်ဦး၊ ဗန်းမော်၊ ကသာပြေးဆွဲသောခရီးသည်တင်ရေယာဉ်များ၊ ဂေါ်ဝန်ဆိပ်ကမ်းသို့ ရေစုပြည့်နေသဖြင့် လွယ်ကူစွာဆိုက်ကပ်နိုင်သည်။ ဝါးဖောင်များ၊ ထင်းတင်ရေယာဉ်ငယ်များလည်း ကျွဲစွန်းဆိပ်ကမ်းသို့ ဆိုက်ကပ်ကာ ကုန်တင်ကုန်ချပြုလုပ်လာနိုင်သည်။

ရေနည်းချိန်ကုန်တင်ရေယာဉ်ကြီးများ ရတနာပုံတံတားအနီးရွှေကြက်ယက်ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချပြုလုပ်ရပြီး မန္တလေးမြို့တွင်းသို့ခေါက်တိုယာဉ်များဖြင့် သယ်ဆောင်ရသောကြောင့် ကုန်ကျစရိတ်များခဲ့သည်။ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ခရီးသည်တင် သင်္ဘောကြီးများ ဂေါ်ဝန်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်းတို့မှ ထွက်ခွာရပ်နားနိုင်သဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာသည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မန္တလေးခရိုင်အတွင်း ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ် အနိမ့်ပိုင်းကျေးရွာ အုပ်စုများ၊ ရပ်ကွက်များတွင် ရေများ စတင်ဝင်ရောက်လျက်ရှိသည်။ ဧရာဝတီမြစ်ရေဝင်ရေလဲဧရိယာ တောင်သမန်အင်းအတွင်း ရေများဝင်ရောက်ပြီး တောင်သမန်ကျေးရွာဝန်းကျင် မြစ်ရေမြင့်တက်နေမှုကြောင့် ဦးပိန်တံတားသို့ လာရောက်၍ မြစ်ရေကြည့်သူများ၊ လှေသမ္ဗန်အပျော်စီးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# လူထုဗဟိုပြုစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ကျောက်တန်း ဇူလိုင် ၁၈**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရွှေမော်ဝန်းခန်းမ၌ ဇူလိုင် ၁၈ ရက်နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှစ်ပတ်လည်လူထုဗဟိုပြုစီမံကိန်း မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဇော်နောင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး(ရုံးချုပ်) ဦးဝင်းမင်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လူထုဗဟိုပြုစီမံကိန်းနည်းပညာအကြံပေးအဖွဲ့မှ ပထမနှစ်စီမံကိန်းဆောင်ရွက်ပြီးစီးမှုကို တင်ပြပြီး အပြန်အလှန်ဆွေးနွေးကြကာ ဆုရရှိသူများကို ဆုချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်အောင်သန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(၆၈၉)**



# မြို့တွင်းတင်ကျန်နေသောရွှံ့ညွှန်များရှင်းလင်း

**ကလေး၀ ဇူလိုင် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ၁၇၃၉ စင်တီမီတာ သို့ရောက်ရှိခဲ့ပြီး မြို့တွင်းနေအိမ်အချို့နှင့် လမ်းမကြီးများအား ရေဝင်နစ်မြုပ်ခဲ့ရာ ဇူလိုင် ၁၇ ရက်တွင် ချင်းတွင်းမြစ်ရေသည် ၁၆၂၈ စင်တီမီတာသို့ လျော့နည်းကျဆင်းသွားပြီး မြို့တွင်းလမ်းမကြီးများပေါ်တွင် ရွှံ့ညွှန်နှင့် အမှိုက်များတင်ကျန်နေသဖြင့် ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူလေးများ သွားလာမှုအဆင်ပြေစေရန် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်နှင့်မြို့နေလူထုတို့ပူးပေါင်း၍ ရွှံ့ညွှန်နှင့်အမှိုက်များကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်ဟန်(ကလေး၀)**

# အာဇာနည်နေ့အကြောင်း စာပေဟောပြော

**ရန်ကုန် ဇူလိုင် ၁၈**
နှစ်(၇၀)ပြည့် အာဇာနည်နေ့ အကြိုစာပေဟောပြောပွဲကို ဇူလိုင် ၁၅ ရက် ည ၇ နာရီတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ရှိ သာသနဇောတိကာရုံကျောင်းတိုက် (ကွင်းကျောင်း) ဓမ္မာရုံ၌ ကျင်းပသည်။

စာရေးဆရာ ရန်မိုးအောင်(အင်းစိန်) မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မနုဿကျော်ဝင်းနှင့် ရုပ်ရှင်အကယ်ဒမီဒါရိုက်တာ ကြည်စိုးထွန်းတို့က အာဇာနည်နေ့အကြောင်း ဟောပြောခဲ့ကြရာ စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးကြသူများ၊ ရပ်ကွက်ပြည်သူများ စိတ်ပါဝင်စားစွာ တက်ရောက်အားပေးကြပြီး တာဝန်ရှိသူတို့က ဟောပြောသည့် စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြကြောင်းသိရသည်။

**ညဏ်လင်း**



# မတူညီတဲ့ အမြင်ကြားက ဆန်းချက်ဇ်

အာဆင်နယ်အသင်းခေါင်းဆောင် မာတီဆက်ကာက အာဆင်နယ်ကနေ ပရီမီယာလိဂ်ကို ပြောင်းရွှေ့မယ်လို့ သတင်းကြီးနေတဲ့ တိုက်စစ်မှူး ဆန်းချက်ဇ်ကို အာဆင်နယ်အတွက် ဆက်နေရေးဘာလို့ မစည်းရုံးတာလဲဆိုတဲ့ အကြောင်းကို ဖွင့်ဟလိုက်ပါပြီ။ မာတီဆက်ကာက ဩစတြေးလျနိုင်ငံကိုရောက်ရှိနေတဲ့ ကာလအတွင်း ဆန်းချက်ဇ်ကို အာဆင်နယ်မှာဆက်နေဖို့ အသင်းခေါင်းဆောင်တစ်ဦးအနေနဲ့ စည်းရုံးခြင်းမရှိတဲ့အပေါ် "သူ အနားယူဖို့ လိုအပ်နေပါတယ်။ သူက ကျွန်တော်တို့အတွက် အများကြီး လုပ်ပေးခဲ့ပါတယ်။သူဟာ ပြီးခဲ့တဲ့ ရာသီက ပွဲတိုင်းလိုလို ဝင်ရောက်ကစားခဲ့ရသလို ကွန်ဖက်ဒရေးရှင်းဖလားကိုလည်းနွှဲထားရပါသေးတယ်" လို့ ဆိုခဲ့ပါတယ်။

ဒါပေမယ့် ဝင်းဂါးကတော့ ဆန်းချက်ဇ် အာဆင်နယ်မှာ ဆက်နေဖို့ စာနဲ့ တစ်ဖုံ၊ ဖုန်းနဲ့ တစ်သွယ် ဆက်သွယ်စည်းရုံးခဲ့ပြီး ဝင်းဂါးရဲ့ ကြိုးပမ်းမှု အတိုင်းအတာတစ်ခုထိ အောင်မြင်တယ်လို့ သိရပါတယ်။ နောက်ဆုံးသိရတဲ့ အချက်အရဆိုရင် ဝင်းဂါးရဲ့စည်းရုံးမှု အောင်မြင်ခဲ့ပြီး ဒီနှစ်နွေ ဆန်းချက်ဇ် အသင်းပြောင်းမှာ မဟုတ်ဘူးလို့ သိရပါတယ်။ ဝင်းဂါးကတော့ တိုက်စစ်မှူး လာကာဇက်ကို ဝယ်ယူနိုင်ခဲ့ပြီး တောင်ပံ တိုက်စစ်မှူး လီမာကို ချိတ်ဆက်နေပေမယ့် ဆန်းချက်ဇ်ကိုတော့ လက်လွှတ်ခံချင်ပုံ မရပါဘူး။ အထူးသဖြင့် ပြိုင်ဘက်မန်စီးတီးအသင်းသို့ ရောက်ရှိမသွားရေးကို သူ့ရဲ့ မူလရည်မှန်းချက်လို အကောင်အထည်ဖော်နေပြီး တောက်လျှောက် ဆက်သွယ်နေခဲ့တာဖြစ်ပါတယ်။ ဝင်းဂါးကတော့ ဆန်းချက်ဇ်ကို လွတ်လွတ်လပ်လပ် စဉ်းစားခိုင်းဖို့ထက် ဆက်သွယ်စည်းရုံးနေကာမှ ဆန်းချက်ဇ်ကို လက်လွှတ်မခံရမှာလို့ ယုံကြည်ပုံပေါ်ပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်း ခေါင်းဆောင် မာတီဆက်ကာနဲ့ နည်းပြဝင်းဂါးတို့အကြား လူတစ်ဦးတစ်ယောက်ချင်းအပေါ် ချဉ်းကပ်မှုတွေ မတူညီကြဘူးဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ မာတီဆက်ကာပြောသလို အနားယူပြီး လွတ်လွတ်လပ်လပ်စဉ်းစားကာ အနာဂတ်ကို အကောင်းဆုံး ဆုံးဖြတ်နိုင်မလား(ဒါမှမဟုတ်) ဝင်းဂါးလို အဆက်အသွယ်အပြတ်မခံဘဲ ချိတ်ဆက်မှု ပြုလုပ်နေမှ ကစားသမားကို လက်လွှတ်မခံရမှာလား ဆိုတာလည်း စဉ်းစားဖို့လိုပါတယ်။

# မန်ယူကို စီရိုနယ်လ်ဒို ပြန်ရောက်ဖို့ မဖြစ်နိုင်တော့ဘူးတဲ့လား

မန်ယူနည်းပြ မော်ရင်ဟိုက စီရိုနယ်လ်ဒိုလို ရီးယဲလ်က ထုတ်မရောင်းမယ့် ကစားသမားတစ်ဦးအတွက် သူ့အနေနဲ့ အချိန်ကုန်ခံကြိုးပမ်းမှာ မဟုတ်ဘူးဆိုတဲ့ စကားနဲ့ မန်ယူကို စီရိုနယ်လ်ဒို ရောက်ရှိဖို့ မရှိဘူးဆိုတာကို အတည်ပြုခဲ့ပါတယ်။ စီရိုနယ်လ်ဒိုက အခွန်ရှောင်တယ်လို့ စွပ်စွဲခံရပြီးနောက်မှာ ရီးယဲလ်ကနေ ထွက်ခွာပြီး မန်ယူနဲ့ ပြန်လည်ပူးပေါင်းဖို့သာ စိတ်အားထက်သန်နေတယ်လို့ ပြီးခဲ့တဲ့ မေလနှောင်းပိုင်းနဲ့ ဇွန်လတစ်လလုံးလိုလို သတင်းတွေထွက်ခဲ့ပေမယ့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲပြီးကတည်းက ဒီသတင်းတွေ ငြိမ်သက်သွားတာကတော့ အမှန်ပဲဖြစ်ပါတယ်။

ဒီကိစ္စရပ်ရဲ့ နောက်ကွယ်မှာ မော်ရင်ဟိုရီးယဲလ်ကို ကိုင်တွယ်စဉ်က စီရိုနယ်လ်ဒိုနဲ့ ဆက်ဆံရေး မပြေလည်ခဲ့တာ၊ ရီးယဲလ်နဲ့ စီရိုနယ်လ်ဒိုတို့ နောက်ဆုံးချုပ်ဆိုခဲ့တဲ့ စာချုပ်အရ လျော်ကြေးငွေပမာဏက ယူရို တစ်ဘီလီယံလို့ ပါရှိတာစတဲ့ အကြောင်းတွေလည်း ရှိနေနိုင်ပါတယ်။ မော်ရင်ဟိုကတော့ စီရိုနယ်လ်ဒိုဟာ ရီးယဲလ်အသင်းရဲ့ အရေးကြီးတဲ့ ကစားသမားဖြစ်ပြီး အသင်းတစ်သင်းက ထုတ်ရောင်းနိုင်ခြေမရှိတဲ့ ကစားသမားတစ်ဦးကို ချိတ်ဆက်တာက အလဟဿ အချိန်ဖြုန်းရာရောက်တာကြောင့် စီရိုနယ်လ်ဒိုကိုရရှိဖို့ ကြိုးပမ်းမှာမဟုတ်ဘူးလို့ အမေရိကန်သတင်းထောက်တွေရဲ့ မေးမြန်းချက်ကို ဖြေကြားခဲ့ပါတယ်။ ဒ့ါအပြင် ရီးယဲလ်တိုက်စစ်မှူးဟောင်း မိုရီယန်တက်စ်က စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မှာ ပျော်ရွှင်နေပြီး ဒီကိစ္စရပ်နဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ မပြောတာကြောင့် ရီးယဲလ်မှာပဲ ဆက်ရှိမှာ သေချာတယ်လို့ ဆိုခဲ့ပါတယ်။

# အလှည့်ကျမန္တဲ့ ကြစတမ်းပေါ့




ဖလွိုက်မေဝယ်သာနဲ့ မက်ဂရီဂေါ်တို့ဟာ လာမယ့် ဩဂုတ် ၂၆ရက် အမေရိကန်ပြည်ထောင်စု လက်စ်ဗီးဂတ်စ်မြို့မှာ လက်ဝှေ့စည်းမျဉ်းနဲ့အညီ ၁၂ ချီပြည့် ယှဉ်ပြိုင်ထိုးသတ်တော့မှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ကမ္ဘာ့တန်ဖိုးအကြီးဆုံးပွဲစဉ်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းပရိသတ်တွေလည်း အတော်စိတ်ဝင်စားမှုရှိတဲ့ပွဲပါ။ မေဝယ်သာဟာ ကစားသမားဘဝက အနားယူပြီးနှစ်နှစ်နီးပါးအကြာမှ မက်ဂရီဂေါ်နဲ့ ထိုးသတ်ဖို့ လက်ဝှေ့ကြိုးဝိုင်းထဲ ပြန်ဝင်လာတာဖြစ်ပါတယ်။ ဘက်စုံကိုယ်ခံပညာရှင် မက်ဂရီဂေါ်နဲ့ ၄၉ ပွဲရှုံးပွဲမရှိ စံချိန်ရှင် ကမ္ဘာ့အကောင်းဆုံးလက်ဝှေ့ကျော် မေဝယ်သာတို့ရဲ့ တွေ့ဆုံမှုဟာ လိုင်းမတူတဲ့ ကစားသမားနှစ်ဦး ငွေကြေးအခြေတည် ထိုးသတ်တဲ့ ပွဲဖြစ်တာကြောင့် နည်းစနစ်ပိုင်းအရ သိပ်ကြည့်ကောင်းမယ့် ပွဲတော့ မဖြစ်နိုင်ဘူးလို့ ယူဆသူတွေလည်းအများကြီး ရှိနေပါတယ်။ မေဝယ်သာက မက်ဂရီဂေါ်ဟာ လူမျိုးရေး ခွဲခြားသူဖြစ်ပြီး ဝင်ဘလေကွင်းမှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ လူမည်းတွေကို " မျောက်"တွေလို့ သုံးနှုန်းခဲ့သေးသလို ယခုအချိန်ထိ လူမျိုးရေးခွဲခြားမှုတွေ အမြစ်တွယ်နေဆဲဖြစ်တယ်လို့ဆိုပါတယ်။ ဒ့ါအပြင် မေဝယ်သာက ဂရီဂေါ်ဟာ လူမည်းအမျိုးသမီးတွေကို မလေးစားတဲ့သူဖြစ်ကာ ဒါဟာ သူ့မိခင်၊ သူ့နှမသားချင်း၊ သူ့ သမီးတွေကို လေးစားမှု မရှိခြင်းပဲ ဖြစ်တယ်လို့ စွပ်စွဲလိုက်ပါတယ်။

ဒါပေမယ့် ဂရီဂေါ်ကတော့သူဟာ လူအချင်းချင်းဆက်ဆံရာမှာ အပေါ်ယံအရေပြားအရောင်ကို မြင်တတ်သူမဟုတ်ဘူးဆိုတဲ့ စကားနဲ့ ခပ်ယဲ့ယဲ့ တုံ့ပြန်ခဲ့ပါတယ်။ ဂရီဂေါ်ရဲ့ လူမျိုးရေးခွဲခြားခံရတဲ့ စကားလုံးတွေကြောင့် မေဝယ်သာ ဒေါသဖြစ်မယ်ဆို ဒါဟာလွန်ခဲ့တဲ့ ခုနစ်နှစ်တာကာလက ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယောင်းကို တွစ်တာနဲ့ ယူစ္စတွင်းတွေပေါ်က လူမျိုးရေးခွဲခြားသုံးနှုန်းခဲ့တဲ့အတွက် သံသရာတစ်ပတ်လည်ခြင်းလို့ သတ်မှတ်ရတော့မှာပါ။

အဲဒီအချိန်တုန်းက မေဝယ်သာက"ပက်ကွီယောင်းဟာ သုံးပွဲရှုံး၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ် ထားတဲ့သူပါ။ သူက နောက်ဆုံးထိုးသတ်ခဲ့တဲ့ပွဲမှာ ဆုကြေး အမေရိကန်ဒေါ်လာ ခြောက်သန်းသာ ရရှိထားပေမယ့် ကျွန်တော်က နောက်ဆုံး ထိုးသတ်တဲ့ပွဲမှာ ဒေါ်လာ ၆၅ သန်း ထိုးသတ်ကြေး ရယူထားနိုင်သူပါ။ သုံးပွဲရှုံး၊ နှစ်ပွဲသရေရထားတဲ့ ကစားသမားနဲ့ ထိုးသတ်ရမယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ ကျွန်တော်က ရှုံးပွဲမဲ့ အမေရိကန်လေဗျာ"လို့ သုံးနှုန်းခဲ့တာပါ။ ဒါပေမယ့် ဒီလိုပြောပြီး ငါးနှစ်အကြာ ၂၀၁၅ ခုနှစ်အတွင်း မေဝယ်သာနဲ့ ပက်ကွီယောင်းတို့ အမေရိကန် ပြည်ထောင်စု လက်စ်ဗီးဂက်စ်မှာပဲ ယှဉ်ပြိုင်ထိုးသတ်ပြီး မေဝယ်သာက ဒီပွဲဟာ သူ့ရဲ့နောက်ဆုံးပွဲလို့ ကြေညာခဲ့ပေမယ့်နှစ်နှစ်အကြာမှတော့ ဂရီဂေါ်နဲ့ ပြန်လည်ထိုးသတ်ဖို့ အကြောင်းဖန် လာတာဖြစ်ပါတယ်။

# ဆံပင်အရောင်ကအစ နီခဲ့ပေမယ့်




ရီးယဲလ်တိုက်စစ်မှူး မိုရာတာဟာ မန်ယူအသင်းနဲ့ အပြောင်းအရွှေ့ကိစ္စ ပျက်ပြယ်မသွားခင်က သူ့ရဲ့ ဆံပင်အရောင်ကိုပါ သံချေးနီရောင်ဆိုးခဲ့ပြီး "နီ" ပြခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ဇူလိုင် ၄ ရက်မှာ လူကာကူကို မန်ယူအသင်းက အောင်အောင်မြင်မြင် ခေါ်ယူနိုင်ခဲ့ပြီးနောက်မှာတော့ မိုရာတာရဲ့ အနီရောင်အိပ်မက်ကြီးလည်း ဆိတ်သုဉ်းသွားခဲ့ရပါတယ်။ စပိန်နာမည်ကြီး စာစောင် မာကာကတော့ မိုရာတာဟာ သူ့ကိုယ်သူ မန်ယူကို သေချာပေါက်ရောက်တော့မယ်လို့ တွေးထားပြီး ဆံပင်အရောင်ကအစ နီပြခဲ့ပေမယ့် ရီးယဲလ်ရဲ့ အဆမတန်ဈေးခေါ်မှုဟာ မန်ယူအသင်းကို နောက်ကြောင်းပြန်လှည့်သွားစေခဲ့တဲ့ အဓိကအကြောင်းရင်းလို့ ဖောက်သည်ချခဲ့ပါတယ်။

ရီးယဲလ်ဟာ မိုရာတာကို မန်ယူက ကမ်းလှမ်းလာခဲ့ချိန်မှာ ပေါင်သန်း ၈၀ အထိ ဈေးခေါ်ခဲ့တာကြောင့် မန်ယူက မိုရာတာအတွက် မှန်းထားတဲ့ ဈေးနှုန်းထက် ပေါင်သန်း ၂၀ နီးပါးတောင် များနေတာကြောင့် လက်လျှော့ခဲ့တာဖြစ်တယ်လို့ နည်းပြ မော်ရင်ဟို ကိုယ်တိုင်က ဖွင့်ဟခဲ့ပါတယ်။

အခြားသတင်းရင်းမြစ်တွေကတော့ ရီးယဲလ်ဟာ ဘက်ခမ်း၊ စီရိုနယ်လ်ဒိုတို့ အပြောင်းအရွှေ့ကြားကာလမှာ မန်ယူဘက်က သူတို့ကစားသမားတွေကို ရီးယဲလ်ရဲ့ပြိုင်ဘက် ဘာစီလိုနာအသင်းထံသာ ရောင်းချဖို့ ကြိုးပမ်းခဲ့တာ၊ ဒီဂီယာ ကိစ္စရပ်မှာ စာရွက်စာတမ်းအပြီးမသတ်နိုင်လို့ ပျက်ပြယ်ခဲ့တာ စတာတွေကြောင့် မိုရာတာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ကို မန်ယူက ချိတ်ဆက်လာချိန်မှာ ပြန်လည်တုံ့ပြန်ခဲ့တာဖြစ်နိုင်တယ်လို့ ယူဆတာဖြစ်ပါတယ်။ ရီးယဲလ်နဲ့ မန်ယူအသင်းတို့ လာမယ့်ဇူလိုင် ၂၃ရက်မှာ ရာသီကြိုခြေစမ်းပွဲအဖြစ် တွေ့ဆုံယှဉ်ပြိုင်ကြမှာဖြစ်သလို ဩဂုတ်လဆန်းပိုင်းမှာလည်း ယူအီးအက်ဖ်အေစူပါဖလားပွဲစဉ်အဖြစ် ရင်ဆိုင်ဗိုလ်လုကြဦးမှာပါ။ မိုရာတာကို ပရီမီယာလိဂ်အသင်း ချယ်လ်ဆီးကလည်း ချိတ်ဆက်နေပြီး ရီးယဲလ်ကတော့ ဟာဇက်ကိုရဖို့ မိုရာတာကို အသုံးပြုလိမ့်မယ်လို့ မှန်းဆနေကြပါတယ်။ ဘာပဲဖြစ်ဖြစ် အနီရောင် လွှမ်းချင်နေတဲ့ မိုရာတာကို လာမယ့်ရာသီ ပရီမီယာလိဂ်ကစားသမားအဖြစ် မြင်တွေ့နိုင်သေးတယ်လို့ အချို့သော မီဒီယာတွေက အကြို အဖြေထုတ်နေကြတာဖြစ်ပါတယ်။

# လောင်းရိပ်မိခဲ့တဲ့ မာရှယ်လ်



မန်ယူနောက်ခံလူဟောင်းဆီဗက်စတားက တိုက်စစ်မှူး အီဗရာဟီမိုဗစ်ရဲ့ အရှိန်အဝါ အားကြီးမှုက တိုက်စစ်မှူးမာရှယ်လ် ခြေစွမ်းပျောက်ဆုံးသွားခြင်းရဲ့ အကြောင်းတစ်ချက်လို့ ရှုမြင်ကြောင်းဆိုပါတယ်။ မာရှယ်လ်ဟာ အီဗရာဟီမိုဗစ် မရောက်ရှိလာခင်ကာလတုန်းက မန်ယူအသင်းအတွက် ခြေစွမ်းပြ ဂိုးတွေ သွင်းယူနိုင်ခဲ့ပေမယ့် အီဗရာဟီမိုဗစ်လို နာမည်ကျော် တိုက်စစ်မှူး ရောက်ရှိလာခြင်းနဲ့အတူ သူ့ရဲ့ကျောနံပါတ် (၉)ဂျာစီကို မိုဗစ်ကို လွှဲပြောင်းပေးခဲ့ရပြီး တိုက်စစ်ပိုင်းတစ်နေရာပါ ဆုံးရှုံးသွားခဲ့ပါတယ်။ နောက်ဆက်တွဲအနေနဲ့ ဝင်ရောက်ကစားချိန်မှာ ယုံကြည်မှုမရှိတဲ့ ပုံစံနဲ့ ခြေစွမ်းပိုင်းကျဆင်းနေပြီး နည်းပြ မော်ရင်ဟိုကလည်း မာရှယ်လ်ကို နေရာမပေးခဲ့တာကြောင့် အသင်းပြောင်းမယ့် ကစားသမားတစ်ဦးအဖြစ် နာမည်ထွက်ခဲ့သူပါ။ ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေမှာ အီဗရာဟီမိုဗစ်ဒဏ်ရာရရှိသွားပြီးနောက် မာရှယ်လ်ကိုလည်း မော်ရင်ဟိုက ထည့်သွင်းအသုံးပြုခဲ့ပေမယ့် သွင်းဂိုးယူမှုအပိုင်းနဲ့ ဂိုးဖန်တီးမှု အပိုင်းမှာပါ လောက်လောက်လားလားမတွေ့ခဲ့ရပါဘူး။ ဒါပေမယ့် ဆီဗက်စတာကတော့ မာရှယ်လ်ဟာ အရည်အသွေး၊ လုပ်အားနှုန်း၊ ဂိုးလာဘ် မြင်မှု စတာတွေမှာ ဥရောပအသင်းကြီးတွေ အပြိုင်အဆိုင်အလိုရှိနေတဲ့ မက်ပီနဲ့ အရည်အသွေးချင်းတူညီပေမယ့် အီဗရာဟီမိုဗစ်ရဲ့ အားကြီးတဲ့ လွှမ်းမိုးမှုအောက်မှာ မာရှယ်လ်ရဲ့ ခြေစွမ်းတိုးတက်မှုနှုန်းကို ရပ်တန့်စေခဲ့တယ်လို့ မှတ်ချက်ပြုပါတယ်။

အီဗရာဟီမိုဗစ်ဟာ ထိပ်တန်းခြေစွမ်းရှိတဲ့ ကစားသမားဆိုတာ မှန်ပေမယ့် မာရှယ်လ်ဟာ မန်ယူကို စတင် ရောက်လာချိန်မှာ ဝိန်းရွန်းနီလို ကစားသမားနဲ့တောင်တွဲဖက်ကစားခဲ့သူဖြစ်ပြီး သူ့အသက်အရွယ်မှာတော့ ကောင်းမွန်တဲ့ စွမ်းဆောင်နိုင်မှုမျိုးကို ပြသနိုင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ အီဗရာဟီမိုဗစ်က လွှမ်းမိုးမှုအားကြီးတဲ့သူဆိုရင် ရွန်းနီကလည်း မန်ယူအတွက် ဩဇာအကြီးဆုံး ကစားသမားပါ။ မာရှယ်လ်အတွက်အဓိကပြဿနာက ပုံမှန်ပွဲထွက်ခွင့် မရခြင်းသာဖြစ်ပြီး အရန်ခုံပေါ်မှာ အချိန်ကုန်နေခြင်းက သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာကိုပါ ထိခိုက်မှုရှိခဲ့တာကြောင့် မန်ယူကို စတင်ရောက်ရှိတဲ့ ဘောလုံးရာသီကထက် သွင်းဂိုးနှုန်း ထက်ဝက် လျော့ကျ သွားတာဖြစ်ပါတယ်။ မာရှယ်လ်ဟာ မန်ယူကို စတင်ရောက်ရှိတဲ့ ၂၀၁၅-၁၆ဘောလုံးရာသီမှာ ၄၉ ပွဲကစားပြီး ၁၇ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ ဘောလုံးရာသီက ၄၂ ပွဲမှာ ရှစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာပါ။ ဒါကြောင့် မာရှယ်လ်ရဲ့ လောင်းရိပ်ဆိုတာက အီဗရာဟီမိုဗစ်ဆိုတာထက် ပိုထွက်ချိန်နည်းပါးမှုက သူ့ကိုယ်သူ ယုံကြည်မှု ပျောက်သွားခြင်းရဲ့ အဓိကလောင်းရိပ်လို့သာ သတ်မှတ်ရပါတော့မယ်။

မေလဲ့သင်း-ရေးသားသည်။

# ၁၉၆၂ ခုနှစ် သမိုင်းဝင်ပုဂ္ဂိုလ်များ အထိမ်းအမှတ်မော်ကွန်းဥပဒေ ဘာလဲ ဘယ်လဲ

## ဝင်းပ

ယခုအစိုးရသစ်လက်ထက် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတွေကို မြို့နယ်အသီးသီးတွင် ဂုဏ်ပြုစိုက်ထူလျက်ရှိကြသည်ကိုတွေ့ရ၍ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါသည်။ ယခုအခါ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအပြင် မော်ကွန်းဝင်ပုဂ္ဂိုလ်များ။ ဥပမာ စစ်ကိုင်းနန်းတည် အသင်္ခယာစောယွန်းရုပ်တု၊ ဗန္ဓုလရုပ်တု၊ ဘုရင့်နောင်ရုပ်တု၊ ကျန်စစ်သားရုပ်တု၊ အလောင်းဘုရားရုပ်တု၊ ဦးသန့်ရုပ်တု၊ ဒီးဒုတ်ဦးဘချိုရုပ်တု၊ ဗိုလ်ဗထူးရုပ်တု၊ ယုတ်စွအဆုံး ပုဂံသီရိပစ္စယာရွာထိပ်တွင် ဇီးကွက်စိန်ရုပ်တုစသည်များ အမှတ်တရစိုက်ထူလျက်ရှိကြပါသည်။

ဖော်ပြပါရုပ်တုများ အချိုးအစားကျသည် မကျသည်၊ အနုပညာမြောက်သည် မမြောက်သည်၊ သမိုင်းအချက်အလက်မှန်သည်၊ မမှန်သည် စသည့်အချက်အလက်များကို မည်သည့်အဖွဲ့အစည်း မည်သည့်သမိုင်း ပညာရှင်၊ မည်သည့်အနုပညာရှင်တွေက စိစစ်ခြင်း၊ အကြံပေးခြင်း၊ ခွင့်ပြုခြင်းလုပ်နေကြသည်မသိ။ ဟိုတုန်းကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် သမိုင်းဝင်ပုဂ္ဂိုလ်များ အထိမ်းအမှတ်မော်ကွန်း စိစစ်ရေးအဖွဲ့ကြီးရှိသည်။ ၁၉၆၂ ခုနှစ် သမိုင်းဝင်ပုဂ္ဂိုလ်များ အထိမ်းအမှတ်မော်ကွန်းဥပဒေလည်းရှိခဲ့ပါသည်။

ယဉ်ကျေးမှုဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထိုသမိုင်းဝင်ပုဂ္ဂိုလ်များ အထိမ်းအမှတ် မော်ကွန်းစိစစ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ပန်းချီ၊ ပန်းပုဝါရင့်ပညာရှင်နှင့် သမိုင်းပညာရှင်ကြီးများ စက်မှုတက္ကသိုလ်မှ ဗိသုကာပညာရှင်များ ပါဝင်ဖွဲ့စည်းထားပါသည်။ သမိုင်းဝင်မော်ကွန်းကျောက်တိုင်သော်လည်းကောင်း၊ မော်ကွန်းဝင်ရုပ်တုသော်လည်းကောင်း စိုက်ထူလိုလျှင် ယဉ်ကျေးမှုဌာနသို့တင်ပြရသည်။ တင်ပြလာသောရုပ်တု၊ ကျောက်တိုင်ထားရှိမည့်မြေနေရာ အနေအထား၊ ရုပ်တု၏လက်ရာအရည်အသွေး၊ သမိုင်းအချက်အလက်မှန်၊ မမှန်စသည်တို့ကို စိစစ်ပြီးခွင့်ပြုချက်ရမှ စိုက်ထူခဲ့ကြသော အစဉ်အလာရှိသည်။

ပြည်မြို့တွင် ယခုတွေ့မြင်နေရသော ဂုဏ်ယူဖွယ်ရာဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်တု စိုက်ထူစဉ်က ထုတ်ဝေခဲ့သော မှတ်တမ်းစာအုပ်ကလေးကျွန်တော့်တွင်ရှိသည်။ ပြည်မြို့ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုဖြစ်မြောက်ရေးကော်မတီက စနစ်တကျဆောင်ရွက်ခဲ့ပုံများကို အသေးစိတ်တွေ့ရပါသည်။

တစ်ချိန်တုန်းက ၁၉၆၂ ခုနှစ် သမိုင်းဝင်ပုဂ္ဂိုလ်များ အထိမ်းအမှတ် မော်ကွန်းဥပဒေ ပုဒ်မ (၃)(၁)ပြဋ္ဌာန်းထားပြီးဖြစ်ရာ ရုပ်တုစိုက်ထူနိုင်ရေးအတွက် နိုင်ငံတော်အစိုးရသာလျှင် ခွင့်ပြုချက်ကိုထုတ်ပေးနိုင်သည်။

ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်တုထုလုပ်ခွင့်အတွက် ပြည်မြို့ကော်မတီကို ယဉ်ကျေးမှုဌာနမှ ၁၉၆၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် စည်းကမ်း ၄ ချက်နှင့်အညီ ဗိုလ်ချုပ်ကြေးရုပ်တည်ဆောက်ရေးအမိန့်ကို ချပေးခဲ့ကြောင်း ပါရှိပါသည်။

ယင်းစည်းကမ်းချက် (၄)ချက်မှာ

**၁။ ကြေးရုပ်သွန်းလောင်းရာတွင် ပန်းချီဓာတ်ပုံများဖြင့်သာ ပုံစံရွေးချယ်ခြင်းမပြုဘဲ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ် ပကတိရုပ်ပုံကြီး၏ စကေးကိုက်အချိုးအစားအလိုက်ပုံစံငယ်ကို ဖယောင်း(သို့မဟုတ်) ပလာစတာများဖြင့် ဦးစွာတင်ပြရန်**

**၂။ ကြေးရုပ်တည်ထားမည့် ပတ်ဝန်းကျင်အနေအထားနှင့် ကြေးရုပ်အောက်ခံကို ကြိုတင်ပြုလုပ်ထားရန်**

**၃။ ယင်းသို့ ကြေးရုပ်တည်ထားမည့် အောက်ခံနှင့် ပတ်ဝန်းကျင်အနေအထားကိုပြင်ဆင်ရာတွင် ပန်းချီဆရာကြီး ဦးအမ်တင်အေးကို ဗိုလ်ချုပ်ကြေးရုပ်တုတည်ဆောက်ရေးကော်မတီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ကိုယ်စားလှယ်အဖြစ်လက်ခံထည့်သွင်းပေးရန် (ထိုစဉ်က ပန်းချီဆရာကြီး ဦးအမ်တင်အေးမှာ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းနည်းပြဆရာဖြစ်ပါသည်)**

**၄။ ကြေးရုပ်သွန်းလုပ်ပြီးလျှင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် အဖွဲ့ငယ်ဖွဲ့ပြီး ၁၉၆၂ ခုနှစ် သမိုင်းဝင်ပုဂ္ဂိုလ်များအထိမ်းအမှတ် မော်ကွန်းဥပဒေပုဒ်မ (၃) (၄)အရ အရေးယူနိုင်ရန် ယဉ်ကျေးမှုဌာနသို့ ပေးပို့ရမည်ဟူသော အချက်အလက်များပါဝင်ပါသည်။ ဖော်ပြပါစည်းကမ်းများကိုလိုက်နာ၍ တစ်ချိန်က ပြည်မြို့ ဗိုလ်ချုပ်မြင်းစီးရုပ်တုကော်မတီက ဆောင်ရွက်ခဲ့သော အရေးယူစရာ၊ နမူနာယူစရာမှတ်တမ်းကို ဖော်ပြလိုသောဆန္ဒဖြင့် အမှတ်တရတင်ပြသွားပါမည်။**

ဖော်ပြပါ အမိန့်စည်းကမ်းချက်များနှင့်အညီ ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တု တည်ဆောက်ရေး အနုပညာကော်မတီတစ်ရပ်ကို ယဉ်ကျေးမှုဌာနမှ အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ထိုအဖွဲ့တွင် ထိုစဉ်က ယဉ်ကျေးမှုဝန်ကြီးဌာနကို အတွင်းဝန်ဒုဗိုလ်မှူးကြီးအေးကျော်က ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုကောင်စီမှ ဦးဖေသန်း(စာရေးဆရာတိုက်မောင်း)က အတွင်းရေးမှူး၊ ဒုတိယအတွင်းဝန် ဦးသိန်းတန်၊ ပန်းချီပညာရှင် ဝဏ္ဏကျော်ထင် ဦးစံဝင်း၊ ဆလကဗိသုကာပညာရှင် ဦးအောင်မြင့်၊ ပန်းပုပညာရှင်ဆရာကြီးဦးဟန်တင်တို့က အဖွဲ့ဝင်များအဖြစ် ပါဝင်ကြပါသည်။

ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်တုအတွက် ပညာရှင်ရှာဖွေရာ ဓနုဖြူမြို့ရှိ ဗန္ဓုလမြင်းစီးရုပ်တုကိုထုလုပ်ခဲ့သူ ဦးမြသောင်းကို ရွေးချယ်ကြသည်။ ဦးမြသောင်းတင်ပြသော ဖယောင်းပုံစံငယ်ကို ပဏာမစိစစ်ရေးအဖွဲ့က သတ်မှတ်ချက်များနှင့် မကိုက်ညီ၍ပယ်ချခဲ့ရသည်။ အတိုချုံးပြောပြရပါက တင်ပြလာသော ဖယောင်းပုံစံငယ်ကို အဖွဲ့ကသုံးကြိမ်တိုင်တိုင်ပယ်ချခဲ့ရပြီး ကော်မတီက အခြားပန်းပုပညာရှင်တစ်ဦးကိုရှာရန် ဆုံးဖြတ်ခဲ့ကြရပါသည်။

ယဉ်ကျေးမှုဌာနက အကြံပေးချက်အရ ပန်းပုဆရာကြီး ဦးဟန်တင်ထံ အပ်နှံခဲ့ကြသည်။ ဆရာကြီးဦးဟန်တင် တင်ပြသောပုံစံငယ်ကိုလည်း သုံးကြိမ်တိုင်ကော်မတီကစိစစ်ပြီးမှ အတည်ပြုချက်ရယူခဲ့သည်။ ပုံစံငယ်ကိုအတည်ပြုပြီးနောက် ထိုစဉ်က ဆောက်လုပ်ရေးဝန်ကြီး ဦးစိန်ဝင်း၏ အကြံပြုချက်အရ ကြေးရုပ်အစား ကွန်ကရစ်ကျောက်ရုပ်တု ထုလုပ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုစဉ်က ကန်တော်ကြီးတွင် ကရဝိက်နန်းတော်ကြီးကို တည်ဆောက်နေချိန် ကွန်ကရစ်ဗိသုကာလုပ်ငန်းအတွေ့အကြုံရှိသော ဆရာကြီးဦးဟန်တင်အတွက် ပိုမိုအဆင်ပြေသွားရုံမျှမက ကြေးကုန်ကြမ်းထက် ကွန်ကရစ်ကျောက်ရုပ်ကုန်ကြမ်းရရန် ပိုမိုလွယ်ကူသွားခဲ့ပါသည်။

ဆရာကြီးဦးဟန်တင်၏ ပလာစတာဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တုပုံစံငယ်ကို ကော်မတီက အကြိမ်ကြိမ်စိစစ်အတည်ပြုပြီးနောက် လုပ်ငန်းစတင်ခဲ့ရာ ၁၉၇၈ ခုနှစ် ဇွန် ၂၃ ရက်တွင် အချောသပ်လုပ်ငန်းများနှင့် ခြယ်မှုန်းခြင်းလုပ်ငန်းများအားလုံး ပြီးစီးသွားခဲ့သည်။ ပန်းပုဆရာကြီးတစ်နှစ်နီးပါး ကြိုးပမ်းအားထုတ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်တုကို သမိုင်းဝင်ပုဂ္ဂိုလ်များအထိမ်းအမှတ် မော်ကွန်းကျောက်ရုပ်စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ထိုစဉ်က အနုပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်ညွန့်နှင့်အဖွဲ့က အကြိမ်ကြိမ်စစ်ဆေးခြင်း၊ အကြံပြုခြင်းများလုပ်ပေးခဲ့ပြီးနောက် ၁၉၇၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် အတည်ပြုချက်ရခဲ့သည်။ ၁၉၇၈ ခုနှစ် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့မတိုင်မီ ဇူလိုင် ၁၆ ရက်နေ့ နံနက် ၈ နာရီတွင် ပြည်မြို့နယ်တစ်ခွင်လုံး ပြည်သူလူထုပေါင်းသိန်းနှင့်ချီ၍ အင်တိုက်အားတိုက် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီး ကျောက်ရုပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြသည်။

ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုကြီးမှာ ယနေ့မြင်ကြရသည့်အတိုင်း ကြီးမားခန့်ညားလှသည်။ အလျား ၁၂ ပေ ၉ လက်မ၊ အနံ ၅ ပေ၊ အမြင့် ၁၂ ပေ ၆ လက်မရှိကာ အောက်ခံကွန်ကရစ်အုတ်ခုံပေါ်တွင် အရပ်အမြင့် ၁၄ ပေ ၆ လက်မရှိသော ကျောက်ရုပ်ကိုတည်ထားခြင်းဖြစ်၏။ အောက်ခံကျောက်ခုံမှာ ဗိုလ်ချုပ်ခေါင်းအထိ ၂၇ ပေမြင့်သည်။ ကျောက်ရုပ်အချိုးအစားမှာ ပကတိလူ၏နှစ်ဆခွဲကြီးထားခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရုံးရည် နှလုံးရည်နှစ်ရပ်စလုံးပေါ်လွင်အောင် ထုလုပ်ထားကြောင်း၊ ဗိုလ်ချုပ်၏မျက်နှာအမူအရာဟန်ပန်သည် ဒေါသ၊ မာန်မာန တင်းမာလွန်းခြင်းမျိုးမရှိဘဲ အမိနိုင်ငံတော်အတွက်၊ တိုင်းရင်းသားပြည်သူလူထုအတွက် တစ်စုံတစ်ခုသောအောင်ပန်းကို ဆွတ်ခူးရယူခဲ့သော အမူအရာပေါ်လွင်စေရန် နှလုံးသွေးနှင့်ရင်းပြီး အစွမ်းကုန်လက်စွမ်းပြခဲ့သည်ဟု ဆရာကြီးဦးဟန်တင်မကွယ်လွန်မီက ကျွန်တော့်ကို ပြောပြဖူးပါသည်။

မြင်းရုပ်နှင့် လူရုပ်ပေါင်းစပ်ဆက်သွယ်ရာတွင် မြင်းသည် မြင်းကောင်းမျိုးသန့် မြင်းကြီးအမျိုးအစားဖြစ်ပြီး လူမှာမြန်မာအရပ်အမောင်းဖြစ်သဖြင့် လူကိုအနည်းငယ်သေး၍ ထုလုပ်ထားသည်ဟု ဆိုပါသည်။ မြင်း၏ ဦးခေါင်းသည် လည်တိုင်မော့ကာ ရှန်းကန်နေခြင်းမဟုတ်ဘဲ ဦးခေါင်းကိုနှိမ်ချထားခြင်းဖြစ်သဖြင့် ဗိုလ်ချုပ်၏ ကိုယ်လုံးနှင့် ဟန်ပန်ကိုခန့်ညားပေါ်လွင်စေရန် တွေးခေါ်စဉ်းစားခဲ့ရသည်ဟုလည်း ပြောပါသည်။

၁၉၇၄ ခုနှစ်က ပါရီပန်းချီပွဲတွင် ကျွန်တော် ပညာဆည်းပူးနေစဉ် ဆရာကြီးဦးဟန်တင်သည် လန်ဒန် ဘီအိုစီကုမ္ပဏီအတွက် ခြင်္သေ့ရုပ်တုကြီးနှစ်ရုပ် လာရောက်တပ်ဆင်ပြီး အပြန်တွင် ပြင်သစ်နိုင်ငံ ပါရီသို့ ဝင်ရောက်လာခဲ့ပါသည်။ ထိုစဉ်က မြန်မာသံအမတ်ကြီး ဦးအောင်ရွှေက ဆရာဦးဟန်တင်ကို ပြတိုက်များသို့လိုက်ပို့ရန် တာဝန်ပေးစဉ် ဆရာဦးဟန်တင်သည် နပိုလီယံခေတ် မြင်းစီး ရုပ်တု ဟန်အမျိုးမျိုးကို လေ့လာမှတ်တမ်းဓာတ်ပုံများရိုက်ယူသွားခဲ့သည်။ ထိုအတွေ့ အကြုံများက ပြည်မြို့ ဗိုလ်ချုပ်မြင်းစီးရုပ်တုကြီးထုလုပ်ရာတွင် များစွာအထောက်အကူ ရခဲ့ကြောင်း ကျွန်တော့်ကိုပြောပြသွားခဲ့ပါသည်။

ပြည်မြို့ ဗိုလ်ချုပ်မြင်းစီးရုပ်တုကို အရှေ့ဘက်သို့မျက်နှာမူထားသည်။ ထိုသို့မျက်နှာမူခြင်းအားဖြင့် ပြည်မြို့၏အထွတ်အထိပ်ဖြစ်သော ရွှေဆံတော်စေတီတော်မြတ်ဆီ ဦးတည်ထားခြင်းဖြစ်ပြီး ဗိုလ်ချုပ်၏မွေးရပ်မြေ နတ်မောက်မြို့သို့သွားရာ ကားလမ်းအနီးကိုလည်း ဦးတည်ထားခြင်းဖြစ်သည်ဟုလည်းဆိုပါသည်။

ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ် တည်ဆောက်ရေးကော်မတီသည် ဖွဲ့ကောင်းလှပါ၏။ စည်းလုံးညီညွတ်လှပါ၏။ ကော်မတီပေါင်း ခြောက်ဖွဲ့ ပြောင်းစေခဲ့ရပြီး ၁၄ နှစ်တိုင်တိုင် မလျှော့သောဇွဲလုံ့လဖြင့် တည်ဆောက်ခဲ့ကြသည့် သမိုင်းဝင်ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ရပါသည်။ မြန်မာနိုင်ငံ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တုသမိုင်းတွင် ဆရာကြီးဦးဟန်တင်၏ ပြည်မြို့ကျောက်ရုပ်တုမှာ ရသမြောက် လက်ရာအလှဆုံးဟု ပြောစမှတ်ပြုကြရသည်။

တစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုခွင့်မရခဲ့သဖြင့် ယနေ့အခါ အတိုးချပြီး မြို့နယ်အသီးသီးတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုမျိုးစုံ အပြိုင်အဆိုင်ထုလုပ်စိုက်ထူနေကြသည်ကို တွေ့ခွင့်ရ၍ ဝမ်းမြောက်ဂုဏ်ယူစရာကောင်းသလို စိတ်မချမ်းမြေ့ဖွယ် သတင်းမျိုးစုံလည်းကြားနေရသည်။ လားရှိုးမြို့က ဗိုလ်ချုပ်အောင်ဆန်းရုပ်တုထုလုပ်ပြီးကာမှ ဗိုလ်ချုပ်အောင်ဆန်းရုပ်နှင့်တူ၊ မတူ မဲခွဲဆုံးဖြတ်ရသည့်အခြေအနေရောက်ခဲ့သည်။ မတူဘူးဆိုသူ မဲကများခဲ့သည်ဟုဆိုသည်။ ရုပ်မြင်သံကြားသတင်းတစ်ခုတွင် မန္တလေးမှထုလုပ်ပြီး သယ်လာသော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသတင်းကိုကြည့်ပြီးနောက် အနုပညာနားမလည်သေးသော ကျွန်တော့်မြေးလေးက ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကလည်း အဘိုးကြီးနဲ့တူနေသလိုပဲ။ ဗိုလ်ချုပ်ကျဆုံးတော့ အသက်(၃၂)နှစ်အရွယ် ငယ်ငယ်လေးမဟုတ်လား အဘိုးဟု ကျွန်တော့်ကိုမေးခွန်းထုတ်ပါသည်။ အချို့မြို့နယ်က ရုပ်တုအချို့ကိုလည်း လူပြိန်းတစ်ဦးက အရုပ်ကြီးကလည်း တောင့်တောင့်ကြီး၊ ဘယ်လိုနေမှန်းမသိဘူးဟု ဝေဖန်သံကြားရဖူးသည်။ အချိုးအစားဟန်ပန်လက်ရာ မမြောက်သောစကားကို သူနားလည်ခံစားရသလို သုံးသပ်ခြင်းဖြစ်သည်ဟု ယူဆပါသည်။

ပုသိမ်ကံသုံးဆင့်ရှိ ဗိုလ်ချုပ်အောင်ဆန်းဓားထောက်ရုပ်တုအနီး လွန်ခဲ့သည့်တစ်နှစ်က ပန်းချီ အောက်ဒိုးထွက်စဉ်က ဗိုလ်ချုပ်ရုပ်ကလည်း လူမိုက်ရုပ်ပေါက်နေတယ်ဟု ပုသိမ်သားတစ်ဦးဝေဖန်သံကို ကြားရတော့ စိတ်မသက်မသာဖြစ်ရသည်။ ထိုရုပ်တုဖွင့်ပွဲအမီဖွင့်ပွဲလုပ်ချင်သော ထိုစဉ်က တိုင်းမှူး ဗိုလ်ချုပ်မြင့်အောင်က အနုပညာဦးစီးညွှန်ကြားရေးမှူးချုပ် သူ့သူငယ်ချင်း ဗိုလ်မှူးကြီးသိန်းစိန်ကို လှမ်းအကူအညီတောင်း၍ ထိုစဉ်က သမိုင်းဝင်ပုဂ္ဂိုလ်များ အထိမ်းအမှတ်မော်ကွန်းစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းစိန်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့ဖူးသည်။ ကျွန်တော်ကတော့ ထိုနေ့က ထိုပုသိမ်သားစကားကြားရတော့ လိပ်ပြာမသန့်တော့ပါ။




ထိုစဉ်က ဆရာကြီးဦးဟန်တင်၏ တပည့်အမည်ခံ ပန်းပုဆရာတစ်ဦး ထုလုပ်သော်လည်း ခေါင်းပိုင်းမတူ၍ နှစ်ခါသုံးခါလောက် ရိုင်ပတ်ကြီးကာပြီး လည်ပင်းကနေ သုံးခါလောက် ဖြတ်ပြီးအကြိမ်ကြိမ် ပြင်ဆင်ခဲ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းဓားထောက်ရုပ်တုကြီးဖြစ်သည်။ ထိုရုပ်တု ခဏခဏလည်ပင်းကဖြတ်ပြီး ထုလုပ်နေချိန် ဒေါ်အောင်ဆန်းစုကြည် ဧရာဝတီတိုင်းစည်းရုံးရေးခရီးရောက်စဉ် ကြည့်သွားခဲ့ရပြီး “မတူသေးရင် ကျွန်မဖေဖေနဲ့တူတဲ့ ကျွန်မမျက်နှာကိုကြည့်ထုပါလား”ဟု ပြောသွားဖူးသည်ဟု ထိုစဉ်က လုံခြုံရေးတာဝန်ဖြင့် အနားတွင်ရှိခဲ့သော သတင်းထောက်ပုသိမ်လှကြည်က ပြောပြဖူးကြောင်း ပုသိမ်က ပန်းချီဆရာဦးသန်းမြင့်က ကျွန်တော်တို့ကို ပြောပြပါသည်။

ထို့ကြောင့် တစ်နှစ်က ပုသိမ်ကံသုံးဆင့်တွင် အောက်ဒိုးဆွဲနေစဉ်ကြားခဲ့ရသော ပုသိမ်သားတစ်ဦး၏စကားကြောင့် ထိုစဉ်က ပုသိမ်ကအပြန် သင်္ဘောပေါ်တွင် တိုင်းမှူးကြီးကတင်ပေးလိုက်သော ငါးခြောက် သုံးပိဿာထုပ်ကြီးကို ပြန်လည်မြင်ယောင်သွားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ရုပ်တုကြီး စိစစ်ဖို့သွားခဲ့သော ကျွန်တော်တို့ငါးဦးအဖွဲ့က စိတ်တိုင်းမကျ၊ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗိသုကာပညာရှင် ဒေါက်တာမောင်ကျော်ကိုယ်တိုင် သဘောမတူသော်လည်း အဖွဲ့ဥက္ကဋ္ဌဗိုလ်မှူးကြီး သိန်းစိန်က သူ့သူငယ်ချင်းတိုင်းမှူး၏ အချိန်မီဖွင့်ရန် လက်မှတ်ထိုးခဲ့ရသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်ကတော့ ကံသုံးဆင့်ဗိုလ်ချုပ်အောင်ဆန်း ဓားထောက်ရုပ်ကြီးကို ငါးခြောက်သုံးပိဿာနှင့်လဲခဲ့ရသော ရုပ်တုအဖြစ်သတိရတိုင်း လိပ်ပြာမလုံခဲ့ပါ။ ကျွန်တော်တို့အဖွဲ့ ပုသိမ်ကိုသွားတုန်းကတော့ ဆရာကြီးဦးဟန်တင်တပ်မတော်အတွက် ထုပေးစဉ်က အနုပညာဦးစီးပိုင် လက်ရာမြောက်လှသော ဗိုလ်ချုပ်ဓားထောက်ရုပ် ကြေးရုပ်တုပုံစံငယ်မူရင်း သုံးပေအရွယ်ရုပ်တုကလေးနှင့် တိုက်ကြည့်ရန် သေတ္တာကလေးနှင့်သယ်သွားခဲ့ပါသည်။ ထိုသေတ္တာကလေးကို ဖွင့်တောင်မကြည့်ခဲ့ရပါပဲ ပြန်သယ်လာပြီးနောက် ဗိုလ်မှူးကြီးသိန်းစိန် ပြန်ကြားရေးဌာနသို့ပြောင်းသည့်နေ့တွင် သူထိန်းသိမ်းထားချင်သည်ဆို၍ ကျွန်တော်ကိုယ်တိုင် သူ့မာဇဒါဂျစ်ပေါ်သို့ တင်ပေးလိုက်ရသည်ကိုလည်း နှမြောတသစွာ သတိရသွားပါသည်။

ထိုခေတ်က သမိုင်းဝင်ပုဂ္ဂိုလ်မော်ကွန်းစိစစ်ရေးအဖွဲ့ရှိစဉ်ကပင် ငါးခြောက်သုံးပိဿာနှင့်လဲခဲ့ရသော ရုပ်တုမျိုးရှိမှတော့ မျက်မှောက်ခေတ် ဘယ်အဖွဲ့၊ ဘယ်သူတွေ စစ်ဆေးခဲ့ကြသလဲ မသိနိုင်သောအချိန်မျိုးတွင် ရုပ်တုတွေ တူ၊ မတူ အချိုးကျ၊ မကျ စသောပြဿနာများရှိနေသည်မှာ ဘာမှမဆန်းတော့ပါ။

ယခုနောက်ဆုံးကြားရသောသတင်းကတော့ တောင်ဥက္ကလာပမြို့နယ် ပန်းခြံထဲက ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှစ်ခု အပြိုင်စိုက်ထူမည့်သတင်းထူးဖြစ်ပါသည်။ ကိုယ့်ရုပ်တုက တူတယ်။ သူ့ရုပ်တုက ဘာကြီးနဲ့ တူတယ်။ ညာကြီးနဲ့တူတယ် အငြင်းပွားကြသည်။

ထို့ကြောင့် ကျွန်တော်သာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပါက ယခင်က ရှိခဲ့သော ၁၉၆၂ ခုနှစ် သမိုင်းဝင်ပုဂ္ဂိုလ်များအထိမ်းအမှတ်မော်ကွန်းဥပဒေကြီး ယခုအသက်ဝင်ခြင်းရှိ၊ မရှိ၊ ယဉ်ကျေးမှုဌာနတွင် သမိုင်းဝင်ပုဂ္ဂိုလ် အထိမ်းအမှတ်မော်ကွန်းစိစစ်ရေးအဖွဲ့ အသက်ဝင်ခြင်းရှိ၊ မရှိနှင့် ဥပဒေလည်းအသက်ဝင်ခြင်းမရှိ။ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ထိုအဖွဲ့ကြီးလည်းမရှိဆိုပါက ၁၉၆၂ ခုနှစ် သမိုင်းဝင်အထိမ်းအမှတ်မော်ကွန်း ဥပဒေကြီးကြီး ပြန်လည်အသက်သွင်းရန်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် သမိုင်းဝင်ပုဂ္ဂိုလ်အထိမ်းအမှတ် မော်ကွန်းစိစစ်ရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းမည်ဖြစ်ပါကြောင်း။ ။


bella
BE A STAR
ရေစိုခံကူရှင်ပုတ်ရင်း ကားစီးမယ်
သိန်း ၃၀၀၀ ကျော်
ဆုမဲပေါင်း တစ်သိန်းခွဲကျော်
bella
ALL in ONE
Dream Matte Powder Cushion
Oil Control
SPF 50 PA +++
NISSAN
SUPER STAR LUCKY DRAW
18TH JULY ~ 30TH OCT | 2017
Like Us On
https://www.facebook.com/BellaBeAStar/

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး
ဝဏ္ဏကျော်ထင်၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ တိပိဋက နိကာယ သာသနာပြုအဖွဲ့ပင်မဥက္ကဋ္ဌကြီး၊ အရေပြားနှင့်ကာလသားရောဂါအထူးကုဆရာဝန်ကြီး
**ဦးသာလှ(မင်းလှမြို့)**
**အသက် (၉၃) နှစ်**

၅-၇-၂၀၁၇ ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ကျေးဇူးရှင်ဖခင်ကြီး ဆရာဝန်ကြီးဦးသာလှ နာမကျန်းဖြစ်စဉ်ကာလအတွင်း အထူးဂရုစိုက်ပြုစုကုသပေးခဲ့ကြသော ဆရာဝန်ကြီးများနှင့် သူနာပြုများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက် မပို့ဆောင်နိုင်သော်လည်း တယ်လီဖုန်း၊ Email၊ Online များမှ တစ်ဆင့် ဆက်သွယ်အားပေးကူညီပေးကြပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးသည့်နေ့အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ စာသင်ကျောင်းဒါယကာကြီး

## ဦးစိုးတင့်

## အသက် (၆၄) နှစ်

Hitachi Soe Electric & Machinery Co., Ltd (Chairman)၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်းနှင့် အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာ(တည်ထောင်သူ)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ(ဥက္ကဋ္ဌ) ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Hitachi Soe Electric & Machinery Co., Ltd
BOD အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ စာသင်ကျောင်း ဒါယကာကြီး

## ဦးစိုးတင့်

## အသက်(၆၄)နှစ်

## Hitachi Soe Electric & Machinery Co.,Ltd (Chairman)

Hitachi Soe Electric & Machinery Co.,Ltd(Chairman) ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Soe & Brothers Co.,Ltd မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ စာသင်ကျောင်း ဒါယကာကြီး**

### ဦးစိုးတင့်

**အသက်(၆၄)နှစ်**

Hitachi Soe Electric & Machinery Co.,Ltd (Chairman) စိုးလျှပ်စစ်ဖောင်ဒေးရှင်းနှင့် အေးငြိမ်းချမ်းသာဂိလာန ဘိုးဘွားရိပ်သာ (တည်ထောင်ခဲ့သူ) ဥက္ကဋ္ဌ ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သမဝါယမဘဏ်လီမိတက်၊ နေပြည်တော်ဘဏ်ခွဲ မိသားစုများမှ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**CB BANK နေပြည်တော်ဘဏ်ခွဲ မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ စာသင်ကျောင်း ဒါယကာကြီး**

### ဦးစိုးတင့်

**Hitachi Soe Electric & Machinery Co.,Ltd.(Chairman)**

**"စိုး"လျှပ်စစ်ဖောင်ဒေးရှင်းနှင့် အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာ(တည်ထောင်သူ)**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**

**အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ဥက္ကဋ္ဌ)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ်-၅၈ နေ (ဦးဘိုးကြွယ်-ဒေါ်အမာ)တို့၏သား၊ ဒေါ်ခင်တုပ်၏တူ၊ ဒေါ်ရီရီမာ(ခ)ဒေါ်ရင်နု၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်းထွန်း-ဒေါ်မျိုးမျိုးခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်သုခစိုး၏ဘိုးဘိုးကြီးသည် ၁၆-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း**
**ပျဉ်းမနားမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးတင့်

**အသက် (၆၄) နှစ်**

Hitachi Soe Electric & Machinery Co., Ltd (Chairman)၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်းနှင့် အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာ တည်ထောင်သူ ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့)တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Hitachi Elevator (Myanmar) Co., Ltd**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဟန်ကြည်(ဇီးကုန်း)

**အသက်(၉၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ (ဦးမြစိန်-ဒေါ်သိန်း)တို့၏သမီး၊ အမှတ်(၉၈)၊ (၁၂၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးကိုကိုကြီး-ဒေါ်နှင်း)တို့၏ညီမ၊ (ဦးအုန်းလှ)-ဒေါ်နီနီစိန်တို့၏အစ်မ၊ ဦးအောင်ထွန်းဦး (ကျန်စစ်သားဖူဆယ်ဘောလုံးကွင်း၊ မန္တလေး) (လက်ထောက် ညွှန်ကြားရေးမှူးဟောင်း၊ အကောက်ခွန်ဦးစီးဌာန)၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ဟန်ကြည်သည် ၁၇-၇-၂၀၁၇ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စောရီ

**အသက်(၇၇)နှစ်**

**(ရွှေခေါင်းလောင်းကဖီး)**

အမှတ်(၈၃-၈၅)၊ အခန်း(၃)၊ လမ်း(၃၀)နေ (ဦးခင်မောင်)၏ဇနီး၊ ဦးမျိုးမြင့်၊ ဦးငွေထွန်း-ဒေါ်ကြည်ကြည်သန်း၊ ဦးလှထွန်း-ဒေါ်ခင်ဝင်း(USA)၊ ဦးကျော်ထွန်း-ဒေါ်ခင်ခင်ဝင်း၊ ဦးအောင်ကျော်-ဒေါ်ဝင်းရှိန်(USA)တို့၏ မွေးသမိခင်၊ မောင်ဘုန်းမြင့်ဇော်၊ မောင်သိန်းမြင့်ဇော်၊ မက္ကခြွေမျိုးမြင့်၊ မောင်လွင်မျိုး၊ (မအိမွန်မွန်ထွန်း)၊ မအေးငြိမ်းဦး၊ မလမင်းဝင်းပြည့် Sharon Maung (USA)၊ Ryan Chang (USA)၊ Austin Maung(USA)တို့၏အဘွားသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇း၂၀ ၏နာရီတွင် SAKUAR ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၇ (စနေ နေ့) နံနက် ၈ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ဝင်းမြင့်

**အသက် (၈၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇ(၁)လမ်း၊ အမှတ်(၂၅/B)နေ (ဦးခင်မောင်-ဒေါ်မြရင်)တို့၏သမီး၊ [ဗိုလ်ချုပ်ကြီးသူရကျော်ထင်(ငြိမ်း)]၏ဇနီး ဒေါ်ခင်ဝင်းမြင့်သည် ၆-၇-၂၀၁၇ ရက်နေ့ ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အစ်မ-ဒေါ်ခင်ရီ (ပျဉ်းမနား)**
**တူ/တူမများ**
**ဒေါ်လှမြသွေး (ပျဉ်းမနား သကြားစက်-ငြိမ်း)**
**ဦးမင်းသူရ (B.Ag 73-74)**
**ဒေါ်ခင်ထားရီ (Dip-Ag) (ငြိမ်း)**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**ပြည်မြို့**
**ဦးဆန်းယုထွေး (ပျဉ်းမနားမြို့)**
**ဗိုလ်ကြီးဒေါ်မြသက်နှင်း(ငြိမ်း)**
**မင်္ဂလာဒုံစစ်ဆေးရုံ**
**ဒေါ်ယဉ်ရီပြုံး (အမှတ်-၂၂၊ အကြီးစား၊ စက်ရုံ ဘီးလင်း)**
**ဒေါက်တာဒေါ်စက်ဆက် (ဆေး-၂၊ ၈၈-၈၉)**
**USA (San Francisco)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ စာသင်ကျောင်း ဒါယကာကြီး**

### ဦးစိုးတင့်

**Hitachi Soe Electric & Machinery Co.,Ltd. (Chairman)**

**စိုးလျှပ်စစ်ဖောင်ဒေးရှင်းနှင့် အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာ(တည်ထောင်သူ)**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ (ဥက္ကဋ္ဌ)**

**အသက် (၆၄)နှစ်**

အထက(၂)ဗဟန်း(နန်ယန်) ကျောင်းသားဟောင်း ဦးကျော်မင်းထွန်း(၁၉၉၅-၁၉၉၆)၏ ချစ်လှစွာသောဖခင်ကြီး ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၂) ဗဟန်း(နန်ယန်) ကျောင်းသား/သူဟောင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ထွေးစိန်(ထားဝယ်)

**အသက်(၉၈)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ ညောင်ပင်ကြီးလမ်း၊ အမှတ်(၉၅)နေ ဦးယုလွင်-ဒေါ်နုနုဝေ(အမှုဆောင်-ထားဝယ်အသင်း)၏ မိခင် ဒေါ်ထွေးစိန်သည် ၁၆-၇-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်ကော်မတီဝင်များ**
**ထားဝယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရင်မြင့် (၉၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ တိုက်(၈)၊ အခန်း(၁၀၁)၊ နေကြာသာယာကုန်းလမ်းနေ (ဦးအောင်မြင့်)၏ဇနီး၊ ဒေါက်တာချိုချိုမြင့် (ကထိက-ငြိမ်း၊ ဆေးဝါးဗေဒဌာန၊ ဆေး-၁)၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာမြတ်မွန်သူဇာ (လက်ထောက်ကထိက-ငြိမ်း၊ ဆေးဝါးဗေဒဌာန၊ ဆေး-၁)၏ ချစ်လှစွာသောအဘွားသည် ၁၀-၇-၂၀၁၇ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ဆရာ၊ ဆရာမများနှင့်**
**ဝန်ထမ်းများ၊ ဆေးဝါးဗေဒဌာန၊**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးအုန်းမြင့် (၇၈)နှစ်

**ဒုတိယဝန်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးအုန်းမြင့်သည် ၁၄-၇-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၂)**
**ဆည်မြောင်းနှင့်ရေအအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးအုန်းမြင့် (၇၈)နှစ်

**ဒုတိယဝန်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးအုန်းမြင့်သည် ၁၄-၇-၂၀၁၇ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၉)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

### ဦးအုန်းမြင့် (၇၈)နှစ်

**ဒုတိယဝန်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

ရန်ကုန်မြို့၊ အမှတ်(၃၈၅)၊ အင်ကြင်းမြိုင်လမ်းသွယ်(၄)၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်သက်ဝါ (အထပြ-ငြိမ်း)၏ခင်ပွန်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ဦးအုန်းမြင့်သည် ၁၄-၇-၂၀၁၇ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊**
**အငြိမ်းစားနှင့်ဝန်ထမ်းဟောင်းများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသောင်းလှိုင်

**အသက် (၇၄) နှစ်**

ဆေးတက္ကသိုလ် (၁)၊ ဇီဝဓာတုဗေဒဌာနမှ တွဲဖက်ပါမောက္ခ Dr.ဇော်လင်း-ဒေါ်ဇာခြည်ထွန်းတို့၏ဖခင် ဦးသောင်းလှိုင် အသက်(၇၄)နှစ်သည် ၁၆-၇-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီဝဓာတုဗေဒဌာနမိသားစု၊ ဆေးတက္ကသိုလ်(၁)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ စာသင်ကျောင်းဒါယကာကြီး**

### ဦးစိုးတင့်

**အသက် (၆၄) နှစ်**

Hitachi Soe Electric & Machinery Co., Ltd (Chairman)၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်းနှင့် နေပြည်တော် အေးငြိမ်းချမ်းသာဂိလာန ဘိုးဘွားရိပ်သာ(တည်ထောင်သူ)၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ဥက္ကဋ္ဌ) ဦးစိုးတင့်သည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးသန်းဝင်း

**အသက်(၆၄)နှစ်**

**ရေနံဓာတု(ငြိမ်း) စွမ်းအင်ဝန်ကြီးဌာန**

စွမ်းအင်ဝန်ကြီးဌာန၊ ရေနံဓာတု(ငြိမ်း) ဦးသန်းဝင်းသည် ၁၅-၇-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေလင်းယုံ ကုသိုလ်ဖြစ်ဆေးအလှူတော်အဖွဲ့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး**

### ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန်(မြိတ်မြို့) (၉၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၀၀၃)နေ (ဦးဘွန်ကျက်-ဒေါ်ကင်း၊ ဒေါ်ငုတ်)တို့၏ သမီး၊ (ဦးရွှေဘူး)၏ဇနီး၊ ဦးကျော်စိုး-ဒေါ်လှကြူ (ဒေါ်တင်တင်ကြူ)၊ မြိတ်မြို့နေ ဦးထိန်ဝင်း-ဒေါ်လှိုင်လှိုင်ကြူ၊ ဒေါ်စန်းစန်းကြူ၊ Dr.စိုးလွင်-ဒေါ်အေးအေးကြူ၊ ဒေါ်မြင့်မြင့်ကြူ၊ ဦးကျော်အောင်လင်း-ဒေါ်သီသီမွန်၊ ဦးမိုးအောင်လင်း-ဒေါ်နွယ်နွယ်ဦးတို့၏မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန်သည် ၁၇-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး**

### ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန်(မြိတ်မြို့) (၉၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၀၀၃)နေ (ဦးဘွန်ကျက်-ဒေါ်ကင်း၊ ဒေါ်ငုတ်)တို့၏ သမီး၊ (ဦးရွှေဘူး)၏ဇနီး၊ မထိုက်သဉ္ဇာဝင်း၊ မောင်ဖြိုးမင်းစိုး-မနွယ်နွယ်ဝင်း၊ Dr.ဖြိုးငွေစိုး၊ Dr.သန့်ဇင်အောင်၊ မောင်ကျော်နိုင်ဝင်း၊ မောင်လင်းပြည့်ထွန်း၊ မောင်ခိုင်လင်းဦး၊ မဖူးပွင့်ခိုင်၊ မခိုင်သဇင်စိုး၊ မမြတ်သီအောင်၊ မခိုင်ဇာလင်းတို့၏ အဘွား၊ မောင်သန့်ဇင်ကို၏ဘွားဘွားကြီး ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန်သည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

### MATILDA SEIN(ခ)ဒေါ်ငွေငွေ (၇၈)နှစ်

**ပုသိမ် စိန့်ဂျိုးဇက် ကွန်ဗင့်ကျောင်းသူဟောင်း**

**B.A, B,Ed အထက်တန်းပြဆရာမ(ငြိမ်း)**

**အထက-၃၊ အထက(၆)၊ ပုသိမ်**

ပုသိမ်မြို့နေ (ဦးကျန်စိန်-ဒေါ်ချစ်လေး)တို့၏ သမီးထွေး၊ (ဦးမန်းဘီစိန်)-ဒေါ်ခင်ကြည်၊ (ဦးသာနီ-ဒေါ်ဂျေနိုဗီစိန်)တို့၏ ညီမ၊ (ဦးကာဆိုင်)၏ ဇနီး၊ Dr.စတီဗင်-Dr.သိဂီဆိုင်၊ ဒေါ်စန္ဒာဆိုင် (FAO)၊ ဦးမောင်ဟိန်း(Myanmar Paper & Stationery Mart Ltd.)-ဒေါ်ကေသီဆိုင် (IOM)၊ ဒေါ်ရတနာဆိုင်၊ ဦးကျော်ဇင်လင်းဆိုင် (IFDC)-Dr.ခင်သီတာလင်း (International HIV/AIDS Alliance)၊ Capt.ထိန်လင်းအောင် (Master Mariner)-Dr.ကျော့ကျော့ဆိုင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင် Simon မင်းဆိုင်၊ မသီရိလင်းဆိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၂း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ပုသိမ်မြို့စိန့်ပီတယ် ကက်သီဒရယ်၌ ဝတ်ပြုဆုတောင်းပြီး သဲနီကုန်းကက်သလစ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ တပည့်များနှင့် မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးတင်စိုး အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ်(၁)နေ (ဦးမောင်ချစ်-ဒေါ်သိန်းဟန်)၊ ဒေါ်မြချစ်တို့၏သား၊ (ဦးမောင်ကြွယ်-ဒေါ်ဆော့မေ)တို့၏သားသမက်၊ ဦးမင်းသိန်း-ဒေါ်အေးအေးသင်း၊ ဦးအောင်လေး-ဒေါ်အေးအေးစိုး၊ ဦးမျိုးလေး-ဒေါ်လှဆန်းမော်၊ ဦးစန်းဝင်း-ဒေါ်ကလျာစိုး၊ ဒေါ်ချောစုထွေး၊ ဦးမင်းမင်းကျော်၊ ဒေါ်အေးနန္ဒာစိုးတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်ဝင်းကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးတင်စိုးသည် ၁၆-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စိန်ညွှန့် အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၈၅)၊ ကျုံးကြီးလမ်းနေ(ဦးကျင်မောင်ကြီး)၏ဇနီး ဒေါ်စိန်ညွှန့်သည် ၁၀-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့် အတွက် မိသားစုများနှင့်ထပ်တူများစွာ ဝမ်းနည်းကြေကွဲရပါကြောင်း။ အမေကြီး ဒေါ်စိန်ညွှန့် ကောင်းရာဘုံဘဝတွင် ထာဝရအေးချမ်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်ပါ။

**ဦးလှရွှေ**
**AYH ဆောက်လုပ်ရေးပစ္စည်းမျိုးစုံရောင်းဝယ်ရေး**
**စော်ဘွားကြီးကုန်းပွဲရုံ၊ အင်းစိန်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကေသီဝင်း(ခ)အိနို

**အသက်(၄၆)နှစ်**

ဦးတင်သိန်းကျော်၏ ချစ်လှစွာသောဇနီး၊ မအေးကေသီကျော်၏ ချစ်လှစွာသောမွေးသမိခင်၊ (Angel Fashion Group Co., Ltd) ဦးမောင်မောင်အေး-ဒေါ်တင်တင်ဝင်း၏ ချစ်လှစွာသော ညီမဖြစ်သူ ဒေါ်ကေသီဝင်း(ခ)အိနိုသည် ၁၄-၇-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်အေး-ဒေါ်တင်တင်ဝင်း**
**အိန်ဂျယ်လ်ဖက်ရှင်အုပ်စုကုမ္ပဏီလီမိတက်-ဝန်ထမ်းများ**

# ကြော်ငြာ

## ဦးဘိုဘိုရင်(ဗိုလ်မှူးကြီး-ငြိမ်း) (O.T.S-66) (၅၇)နှစ်

**ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ အမှတ်(၂/၃၁/၁၃၀)၊ မလိခလမ်းနေ (ဦးချစ်ရင်)-ဒေါ်ခင်စောတို့၏သား၊ ဒေါ်ဝါဝါဖေ (တွဲဖက်ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန)၏ချစ်လှစွာသောခင်ပွန်း၊ [ဒေါ်ငွေငွေယဉ် (မြန်မာ့အာမခံ-ငြိမ်း)]၊ ဦးကျော်မွန်-ဒေါ်မြင့်မြင့်ယဉ်(အာမခံ-ငြိမ်း)၊ ဦးဇော်မင်းရင်-ဒေါက်တာ ဒေါ်ခင်ဝင်းနွယ်၊ ဦးမောင်မောင်သောင်း-ဒေါ်သီတာယဉ်၊ ဦးနေလင်းရင်-ဒေါ်မေသွယ်စိုးတို့၏ချစ်လှစွာသော ညီ/မောင်/အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ ချစ်လှစွာသောဦးလေး ဦးဘိုဘိုရင်သည် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၇ (တနင်္လာနေ့)တွင် နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘိုဘိုရင်(ဗိုလ်မှူးကြီး-ငြိမ်း) (O.T.S-66) (၅၇)နှစ်

**ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ အမှတ်(၂/၃၁/၁၃၀)၊ မလိခလမ်းနေ (ဦးချစ်ရင်)-ဒေါ်ခင်စောတို့၏သား၊ (ဦးလှဖေ-ဒေါ်မြင့်မြင့်)တို့၏သားသမက်၊ ဒေါ်ဝါဝါဖေ (တွဲဖက်ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဖေမြင့်ဦး(Dynamic Digital Photo Works)၊ ဒေါ်သီဂီအောင် (လက်ထောက်အထွေထွေမန်နေဂျာ၊ ပြည်ပရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးဖေအောင်လတ်-ဒေါ်မျိုးသန္တာတို့၏ညီ/မောင်၊ ဦးမျိုးအောင်ကျော်ညွှန့်-ဒေါ်ဥမ္မာဖေ၊ ဦးကျော်သူဖေ-ဒေါ်ဥမ္မာဇင်တို့၏အစ်ကို၊ မအိန္ဒြာဘိုဘို (Customer Service Executive UCL Co., Ltd)၊ မောင်ခန့်မြတ်ဘိုဘို၊ မဇွန်ပွင့်ဘိုဘို(ပထမနှစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လှိုင်နယ်မြေ၊ COE)တို့၏ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေး ဦးဘိုဘိုရင်သည် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒုတိယရဲမှူးကြီး မျိုးဇော်ဦး (၄၉)နှစ်

**(ရဲ-၃၇၄၈)၊ D.S.A (32)**

**တပ်ဖွဲ့ခွဲမှူး၊ အမှတ် (၃) ရထားရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)**

ဇီးကုန်းမြို့နေ ဦးဝင်း-(ဒေါ်တင်ရွှေ)၊ (ဦးအောင်ကျင်)-ဒေါ်မြင့်စိန်တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန် (၄) လမ်း၊ တိုက်(၃)၊ ပ-ထပ်(ဘယ်)နေ ဗိုလ်မှူးကြီးမြငြိမ်း(ငြိမ်း)-(ဗိုလ်ကြီးဒေါ်စန်းမြင့်-ငြိမ်း)တို့၏ သားသမက်၊ ဒေါ်နီလာရွှေစင်၏ချစ်လှစွာသောခင်ပွန်း၊ မရွှေစင်ရတနာမျိုး (Grade-9-J, TTC)၊ မောင်စွမ်း ပြည့်ဟိန်းဇော်(Grade-5-K, TTC)တို့၏ ချစ်လှစွာသောဖခင်၊ ဦးကျော်မိုးလွင် (ဦးစီးအရာရှိ၊ ပန်းတောင်းမြို့နယ်စည်ပင်)၊ ဒေါ်သင်းစုအောင် (တာဝန်ခံ၊ ကြို့ပင်ကောက် CB ဘဏ်)တို့၏ အစ်ကိုသည် ၁၈-၇-၂၀၁၇(အင်္ဂါနေ့) နံနက် ၅နာရီတွင် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ၊ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသန်းထွန်းချိန်(စစ်ကိုင်း) (၈၈)နှစ်

**ကန်တော့ခံဆရာကြီး**

**ဒု-ညွှန်ကြားရေးမှူး(ဘ. ခ. ရ)ငြိမ်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်းနေ ဒေါ်တင်တင်၏ခင်ပွန်း၊ ဦးတင်အောင်ထွန်း-ဒေါ်ခင်ကလျာအောင်တို့၏ မွေးသဖခင်သည် ၁၄-၇-၂၀၁၇(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးထွန်း**

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယရဲမှူးကြီး မျိုးဇော်ဦး

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)**

**အသက်(၄၉)နှစ်**

**ရန်ကုန်မြို့**

ဒေါ်နီလာရွှေစင် ၏ ခင်ပွန်းဖြစ်သူ သူငယ်ချင်း ဒုတိယရဲမှူးကြီးမျိုးဇော်ဦးသည် ၁၈-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ သူငယ်ချင်းမိသားစုများ**

## ကိုဇာနည်အောင် (၄၃)နှစ်

**အထက(၅) တာမွေကျောင်းသားဟောင်း ကျောက်မြောင်း**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ် (၃)၊ ခိုင်သဇင်လမ်းသွယ် (၁)၊ ခြံအမှတ်(၃၂၃/၃၂၅)နေ ဦးအောင်ရီ-ဒေါ်အေးအေးသွင်တို့၏သား၊ (ဦးထွန်းနိုင်)-ဒေါ်သရဖီအောင်၊ ဦးကျော်စွာအောင်-ဒေါ်ပြုံးပြုံးဝင်းတို့၏ ညီ/မောင်၊ ကိုရာဇာဟိန်း-ဒေါ်ငြိမ်းအိဖြူတို့၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မွေ့ရာရုံဒါယိကာမကြီး**

## ဒေါ်သောင်းညွန့်(သံတွဲ)(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၁၄-A)နေ (ဦးဖဲ-ဒေါ်စိန်ခင်)တို့၏သမီး၊ (ဦးဝင်းရှိန်)၏ချစ်လှစွာသောဇနီး၊ (ဦးစောလှ)-ဒေါ်မေရီသန်းတင်၊ (ဦးစောပု-ဒေါ်မယ်သိန်း)၊ (ဒေါ်စောညွန့်)၊ ဦးခင်မောင်-(ဒေါ်စောတင်)၊ ဒေါ်သန်းညွန့်တို့၏ညီမ/အစ်မ၊ ဒေါ်သောင်းညွန့်သည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဘိုဘိုရင် (ဗိုလ်မှူးကြီး-ငြိမ်း)

**အသက်(၅၇)နှစ်**

**ညွှန်ကြားရေးမှူးချုပ်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုရင်သည် ၁၈-၇-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၅း၀၆ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## ဒု-ဗိုလ်မှူးကြီးမြင့်ဝေ(ငြိမ်း) အသက်(၉၀)

**ကြည်း-၆၂၄၅၊ O.T.S(7)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ (၁၀/တောင်)ရပ်ကွက်၊ အမှတ်(၅၄)၊ ဘဏ္ဍာလမ်းနေ (ဦးတင်-ဒေါ်ခင်ဦး)တို့၏သားကြီး၊ (ဦးစံချို-ဒေါ်ငြိမ်းမေ)တို့၏ သားသမက်၊ ဒေါ်တင်ကြည်၏ ခင်ပွန်း၊ ဦးသီဟ-ဒေါ်သီသီမန်း၊ ဒေါ်သီဂီ၊ ဦးသူရ (ဦးဇေယျ)-ဒေါ်ခင်ဝင်းမြိုင်၊ (ဦးဇော်ဝင်း)-ဒေါ်စုစုဝေတို့၏ကျေးဇူးရှင်ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၇-၇-၂၀၁၇ရက် ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကျည်စုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာ မောင်မောင်လေး အသက်(၉၀)

**ရန်ကုန်အရှေ့ပိုင်းဆေးရုံအုပ်ကြီး(ငြိမ်း)**

အမေရိကန်ပြည်ထောင်စု Florida ပြည်နယ်၊ Gainesville မြို့နေ ဦးဗျား-ဒေါ်ဘွင့်တို့၏သား၊ ဒေါက်တာစုစု၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဆုမွန်၊ ဒေါက်တာအောင်ချွန်-ဒေါက်တာမိုးထွဋ်မာလာ၊ ဒေါက်တာစိုးပိုင်-မနှင်းယုအေးတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ ရည်သွေးချွန်၊ လွန်ထူးချွန်၊ Barbie Miffy Melody၊ ဧကရီတို့၏ ချစ်လှစွာသောဘိုးဘိုး ဒေါက်တာမောင်မောင်လေးသည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၀၀း၄၀နာရီတွင် SHANDS Regional Hospital, Gainesville,Florida ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးညွန့်ရင်(သန်လျင်) (၇၉)နှစ်

**မြန်မာ့ရေနံ(ငြိမ်း)**

သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ်(၇၀)နေ ဦးချစ်စိန်-ဒေါ်ကျော့ရင်တို့၏သား၊ (ဒေါ်စီစီမြင့်)၊ ဒေါ်မာမာမြင့် (အထက-၂၊ သန်လျင်)၊ ဦးအောင်ကျော်မိုး(Star City)-ဒေါ်ရီရီခိုင်၊ ဦးဟန်ဝင်းဇော်(ရေနံချက်စက်ရုံ)-ဒေါ်ကြူကြူမြင့်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၇-၇-၂၀၁၇(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းတင် အသက်(၇၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ မိချောင်းအိုင်ကျေးရွာနေ (ဦးလှညို-ဒေါ်သိန်းလှ)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးဟီးလင်း-ဒေါ်သန်းနွဲ့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ဝန်ထမ်းကြီးများရိပ်သာ၊ မြို့ပတ်လမ်း၊ အမှတ်(၂၉/၃၈၅)နေ ဒေါ်ငွေငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာတင်တင်ရီ (လ/ထ ကထိက၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်)၊ ဦးကျော်ကိုကိုမင်း(Bank of Tokyo Mitsubishi UFJ Ltd.)-ဒေါ်လှလှရီ (First National Insusance Public Co., Ltd.)၊ (ဦးပြည့်စုံအောင်)-ဒေါ်မာမာသင်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းဝေယံ၏ ချစ်လှစွာသောအဘိုးသည် ၁၈-၇-၂၀၁၇ရက် နံနက် ၇ နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ချိုမီ(ခ)ဒေါ်ချိုချိုထွန်း အသက်(၆၀)

**ဆင်ဖြူကျွန်း**

ရန်ကုန်မြို့၊ အမှတ် (၁၄)၊ ပ-ထပ်၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်ရ-ဒေါ်ရီမြင့်)တို့၏သမီးထွေး၊ ဦးအောင်ချမ်းဇော်(မကွေး)၊ ဦးငွေအောင်-ဒေါ်မာမာ(ရန်ကုန်)၊ ဦးခင်မောင်သန်း-ဒေါ်ဆွေဆွေဝင့်(U.S.A)တို့၏ညီမ၊ အင်္ဂလန်နိုင်ငံနေ ဦးစိုးဝင်း၏ချစ်လှစွာသောဇနီး၊ မောင်စိုးသီဟဦး၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၆-၇-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Mrs. Laurie Huot Hlaing (ခ) မလောရီဟွတ်လှိုင် အသက် (၃၅) နှစ်

အမေရိကန်နိုင်ငံနေ ဦးလှိုင်ဖေသက်၏ ချစ်လှစွာသောဇနီး၊ Madison Khin Hlaingနှင့် Bradley Huot Hlaing တို့၏ချစ်လှစွာသောမိခင်၊ ကပ္ပတိန်လှိုင်သက်နိုင်-ဒေါ်စန္ဒာညွှန့်တင်တို့၏ချစ်လှစွာသောသမီးချွေးမ၊ Mr.Richard Huot၊ Mrs.Christina Huot တို့၏ချစ်လှစွာသောသမီး၊ ဦးလှိုင်မျိုးဟန်-ဒေါ်နီမာညွှန့်တင်၊ (ဦးစိုးသိန်း-ဒေါ်သီတာညွှန့်တင်)၊ ဦးဘိုနီ-ဒေါ်ခင်မာလာညွှန့်တင်တို့၏ ချစ်လှစွာသောတူမ/သမီး၊ ဦးလှိုင်ဖြိုးဟန်-ဒေါ်ဖြိုးယမုံနာခင်တို့၏ညီမ၊ ဦးလှိုင်သက်ထွေး-ဒေါက်တာဝေမာလင်း၊ မခင်စပယ်ဘို၊ မခင်စည်သူဝင်း၊ မခင်စန္ဒီဘို၊ မနှင်းအိန္ဒြေတို့၏ ချစ်လှစွာသောအစ်မ Mrs. Laurie Huot Hlaing သည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) အမေရိကန်နိုင်ငံ၊ ဒေသစံတော်ချိန် နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အမေရိကန်နိုင်ငံ၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(20-M)၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

## မြိတ်မြို့နယ်အသင်း(ရန်ကုန်) ဒေါ်တင်တင်ဝင်း(ခ)ဒေါ်အင်လန် (မြိတ်)

**အသက်(၉၂)နှစ်**

**အသင်းဝင်အမှတ် (၁၄၂)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ တိုက် (၃)၊ အခန်း (၀၀၃)နေ (ဦးရွှေဘူး)၏ဇနီးသည် ၁၇-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးထွန်းနိုင်(ခ)ဦးထွန်းအေး အသက် (၈၆)နှစ်

ညောင်ရွှေမြို့နယ်၊ မိုင်းသောက်ကျေးရွာအုပ်စု၊ မျောင်ကောက်ရွာနေ (ဦးမောင်ကြီး-ဒေါ်ပု)တို့၏ သားကြီး၊ မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်နေ (ဦးထွန်းလှိုင်-ဒေါ်တင်တင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ဘောဂလမ်း၊ အမှတ်(၁၄/အေ)နေ ဒေါ်တင်တင်လှိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဇော်မင်းဦး(ငြိမ်း)၊ ဒေါ်အေးမြကိုကို၊ ဦးညီညီလွင်၊ ဒေါ်ဝင်းဝင်း(Singapore)၊ မန္တလေးမြို့နေ ဦးကျော်ကျော်ဦး၊ ဒေါ်နီလာမိုးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဖြိုးခန့်ကျော်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်သီဟကျော်၊ မောင်ဒီပါဇော်၊ မအိအိန္ဒြေဇော်တို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၇-၇-၂၀၁၇ရက် နံနက် ၁၁း၃၀ နာရီတွင် Grand Hanthar International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ညွှန့် (၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃၅၁)၊ (ငွေမိသားစုသံဆိုင်)၊ ကျိုက္ကဆံဘုရားရှေ့နေ (ဦးဘစံ-ဒေါ်သိန်းဒွေး)တို့၏သား၊ (ဦးတိုးမောင်-ဒေါ်မြသန်း)တို့၏သားသမက်၊ ဒေါ်တင်မြင့်၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်ရီရီ၊ ဦးသိန်းထွန်း-ဒေါ်ခင်အုန်း၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်သက်မွန်၊ ဦးလှဝင်း-ဒေါ်မြင့်မြင့်မော်၊ ဦးငွေလွင်-ဒေါ်ကြည်ကြည်မော်၊ (ဦးမျိုးမြင့်အောင်)-ဒေါ်မြင့်မြင့်ချိုတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသောင်းတင်သန်း(ခ)ကိုချို အသက် (၆၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အေးသာယာလမ်း၊ အမှတ်(7/A-1)နေ (ဦးသန်းမောင်)-ဒေါ်မြင့်မြင့်အေးတို့၏ သားလတ်၊ (ဦးသန်းမြင့်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းမြင့်(လေကြောင်းဦးစီး-ငြိမ်း)၏ခင်ပွန်း၊ (ဦးခင်လှိုင်)-ဒေါ်ခင်ခင်ဝင်း၊ ဦးဘုန်းမြင့်-ဒေါ်ကြည်ကြည်သန်းတို့၏မောင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေး ဦးသောင်းတင်သန်းသည် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ပဏ္ဍိတ

**သာသနဓဇဓမ္မာစရိယ၊ (LL.B)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မင်္ဂလာပရိယတ္တိစာသင်တိုက်**

**ကချင်ပြည်နယ်၊ ရွှေကူမြို့**

## သိက္ခာတော်(၄၆)ဝါ၊ သက်တော်(၆၆)နှစ်

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့၊ အမှတ်(၃)၊ မင်းကုန်းရပ်ကွက်၊ မင်္ဂလာပရိယတ္တိစာသင်တိုက်ကြီး၏ပဓာနနာယက၊ ဇေယျာဘုမ္မိရွှေပေါ်ကျွန်းစေတီတော်မြတ်ကြီး၊ ဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ ပါဠိပထမပြန်ဆွမ်းကျွေးအသင်း၏ ဩဝါဒါစရိယ၊ ဘဒ္ဒန္တပဏ္ဍိတ [သာသနဓဇဓမ္မာစရိယ၊ (LL.B) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်] ဆရာတော်သည် (၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ရက်) ကြာသပတေးနေ့ နံနက် ၉း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိဈာပန သာခုကိစ္စနှင့် သဘင် ဆင်ယင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကျင်းရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ထွေး (၉၁)နှစ်

**ခင်ဝင်းကြည်စတိုး၊ ဗိုလ်ချုပ်ဈေး၊ ကျောက်ဖြူ မာန်အောင်မြို့၊ ရမ်းဗြဲ**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၉၅)၊ ပထမထပ်၊ (၂၈)လမ်း၊ အထက်လမ်းနေ (ဦးဆိတ်ကောင်း-ဒေါ်အေးမြ)တို့၏သမီး၊ (ဦးငွေသင်-ဒေါ်မြသင်)တို့၏ သမီးချွေးမ၊ ဦးစံထွန်း၏ချစ်လှစွာသောဇနီး၊ ဦးထွန်းဝင်း-ဒေါ်အေးအေးမြတ်၊ ဒေါ်ခင်ဝင်းကြည်(ခ)ALice၊ (ဦးမြင့်ဦး)-ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်နှင်းရီ၊ ဦးဝင်းနိုင်-ဒေါက်တာဒေါ်ခင်ခင်စိုး (GNC Myanmar Comp.,Ltd)၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်ထွေးရီတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ချစ်လှစွာသောအဘွားသည် ၁၇-၇-၂၀၁၇ ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ညွှန့်(ဖျာပုံ) (၈၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာ(၁၂)လမ်း၊ အမှတ်(၆၂၂)နေ (ဦးထွန်းလူ-ဒေါ်သန်း)တို့၏သမီး၊ (ဦးထွန်းဝင်း-ဒေါ်ပု)တို့၏သမီးချွေးမ၊ [ဦးကျော်သန်း(ခ)ဦးမောင်ဝ]၏ဇနီး ဒေါ်ရင်ငွေ-ဦးသန့်ဆင်၊ (ဗိုလ်ကြီးလှငွေ)၊ ဦးအောင်ငွေ-ဒေါ်မော်မော်သိန်း၊ ဦးတင်ထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၆၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်သိန်းသိန်းနွဲ့၊ (ဒေါ်လှကေသီ)၊ အရာခံဗိုလ် သန်းထိုက်(ဆအရ-ခွဲ-၉၆၆)-ဒေါ်အေးသီတာအောင်(အလက-၅၊ မြောက်ဥက္ကလာပ)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်ခင်ညွှန့်သည် ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစံသင်းလှ (၆၉)နှစ်

**လ/ထ ကထိက(ငြိမ်း)၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ ဗိုလ်သူရလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးလှ-ဒေါ်သန်းကြည်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၄၂)၊ (D/1)၊ စိမ်းလဲ့ရိပ်သာတက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ကိုအောင်သီဟ-မအေးအေးမြင့်၊ ဗိုလ်ကြီးအောင်မျိုးသူ (ရောဂါဗေဒဌာနမှူး၊ ၆/၁၀၀ ဆေးရုံပြည်မြို့)-မလှမျိုးသဥ္ဇာနွယ်၊ ကိုရဲသီဟ-မလဲ့လဲ့မျိုးမော်၊ ကိုစိုးသီဟတို့၏ ဖခင်ကြီး၊ မောင်လင်းဘုန်းပြည့်၊ မခင်ဘုန်းပြည့်၊ မရွှေဝတ်မှုန်ဦး၊ မသွန်းဘရဏီနွယ်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၇-၂၀၁၇ (တနင်္လာနေ့) ညနေ ၄း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (တက္ကသိုလ်ရိပ်သာလမ်းသစ်နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ဗိုလ်သူရလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်မြင့်(ကြို့ပင်ကောက်) (၆၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၂၄-အေ)နေ (ဦးခန့်-ဒေါ်တင်မြ)တို့၏သား၊ ဒေါ်လှလှ၊ ဦးမောင်မောင်-ဒေါ်ဘေဘီသန်းမောင်တို့၏ ညီ/မောင်၊ ဦးအေးငွေ-ဒေါ်မိုးမိုးအေး၊ ဦးသောင်းတင်တို့၏အစ်ကိုသည် ၁၇-၇-၂၀၁၇(တနင်္လာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်မြင့် (ထားဝယ်) (၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးစံဝှက်-ဒေါ်နှင်းမြိုင်)တို့၏သား၊ (ဦးအေး-ဒေါ်အမာ)တို့၏ သားသမက်၊ (ဦးခင်မောင်ကြည်)-ဒေါ်စုစုလွင်၊ ဦးခင်မောင်လွင်-ဒေါ်မိုးမိုးတို့၏ညီ၊ ဦးစိန်သစ်-ဒေါ်သန်းသန်းအေးတို့၏ အစ်ကို၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊သမိုင်းမုဒိတာအိမ်ရာ (D/70)၊ (ခြောက်လွှာ)နေ ဒေါ်ငွေငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်ဖြိုးမောင်(JDS Co., Ltd.)-ဒေါ်မိုးသူဇာထွန်း (New Link)၊ ကိုဇာနည်မောင်(Wa Minn Co., Ltd.)၊ မဇူလိုင်မောင်(MRTV-4) တို့၏ ချစ်လှစွာသောဖခင်၊ မမေဖူးပွင့်မောင်၏အဘိုး ဦးခင်မောင်မြင့်သည် ၁၈-၇-၂၀၁၇(အင်္ဂါနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)အသင်းဝင်**

## ဒေါ်ချိုမီ(ခ)ဒေါ်ချိုချိုထွန်း အသက်(၆၀)

ရန်ကုန်မြို့၊ အမှတ် (၁၄)၊ ပ-ထပ်၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်ရ-ဒေါ်ရီမြင့်)တို့၏သမီးထွေး၊ ဦးအောင်ချမ်းဇော်(မကွေး)၊ ဦးငွေအောင်-ဒေါ်မာမာ(ရန်ကုန်)၊ ဦးခင်မောင်သန်း-ဒေါ်ဆွေဆွေဝင့်(U.S.A)တို့၏ညီမ၊ အင်္ဂလန်နိုင်ငံနေ ဦးစိုးဝင်း၏ချစ်လှစွာသောဇနီး၊ မောင်စိုးသီဟဦး၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၆-၇-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ဆက်လက်ထွက်ခွာ

စာမျက်နှာ - ၃

## အာရှယူ - ၂၃ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၀၁၈) အာရှယူ-၂၃ ခြေစစ်ပွဲ အုပ်စု (F) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏဘောလုံးကွင်း၌ ဇူလိုင် ၁၉ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု (F) တွင် အိမ်ရှင်မြန်မာအသင်းသည် စင်ကာပူ၊ ဘရူနိုင်းနှင့် ဩစတြေးလျအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး ပြိုင်ပွဲများကို ဇူလိုင် ၁၉၊ ၂၁ နှင့်

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့**

## အန္တုအညွှတ်တောင်းပန်ခြင်း

မြန်မာ့ရုပ်မြင်သံကြား(MRTV)မှ ၁၈-၇-၂၀၁၇ ရက် ည ၈ နာရီ ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ချိန်တွင် သတင်းအရုပ်တည်းဖြတ်ထုတ်လွှင့်သည့် ကွန်ပျူတာ Server မှာ ရုတ်တရက် ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပါသဖြင့် သတင်းနှင့်ဆက်စပ်သည့် အရုပ်၊ အသံများကို ထည့်သွင်းထုတ်လွှင့်နိုင်မှုမရှိခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များကို အန္တုအညွှတ်တောင်းပန်အပ်ပါသည်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**



နိုင်ငံတော်အစိုးရ၏ လက်ရှိဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ရှင်းလင်းပြောကြားစဉ်။

## မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု နောက်ဆုံးအခြေအနေများနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ရှင်းလင်းပြောကြား

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center-NRPC) ၌ ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုနောက်ဆုံးအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



တာဝန်ရှိသူများက Black Box မှ အချက်အလက်များအား ဖော်ထုတ်၍ စိစစ်သုံးသပ်ခြင်းများ ဆောင်ရွက်ကြစဉ်။

## Y-8 တပ်မတော်ပို့ဆောင်ရေးလေယာဉ် ပျက်ကျခြင်းမှာ ဆိုးရွားသောရာသီဥတုနှင့် ကြုံတွေ့ခဲ့ရခြင်းကြောင့်ဖြစ်

**နေပြည်တော် ဇူလိုင် ၁၈**

တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8 F 200 W) ဇွန် ၇ ရက်က ပျက်ကျခဲ့မှုနှင့်ပတ်သက်၍ Flight Data Recorder(FDR) နှင့် Cockpit Voice Recorder (CVR) တို့ကို ပူးပေါင်းစုံစမ်းဖော်ထုတ်ရေးအဖွဲ့ဖြင့် အသေးစိတ် စိစစ်သုံးသပ်ဖော်ထုတ်ရာ လေယာဉ်ပျက်ကျခြင်းသည် ဆိုးရွားသော ရာသီဥတုနှင့် ကြုံတွေ့ခဲ့ရပြီး lost control ဖြစ်ပေါ်ခဲ့၍ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့ သတင်းထုတ်ပြန်လိုက်သည်။

တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8 F 200 W) အမျိုးအစား လေယာဉ် အမှတ်-၅၈၂၀)သည် ဇွန် ၇ ရက်တွင် မြိတ်မှ ရန်ကုန်သို့ ပျံသန်းစဉ် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ထားဝယ်မြို့၏ အနောက်တောင်ဘက် ၄၃ မိုင်ခန့်အရောက် ထားဝယ်လေဆိပ်နှင့် အဆက်အသွယ်ရရှိပြီးနောက်ပိုင်း ဆက်သွယ်မှုပြတ်တောက်သွားခဲ့ကာ ပျောက်ဆုံးသွားသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီမှစတင်၍ တပ်မတော်(လေ)မှ လေယာဉ်များ၊ တပ်မတော်(ရေ) မှ စစ်ရေယာဉ်များ၊ မြေပြင်တပ်များ၊ ဒေသခံငါးဖမ်းစက်လှေများနှင့် ပြည်သူများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်တိုက်လုပ်ဆောင်ခဲ့ရာ ဇွန် ၁၅ ရက်တွင် Black Box ဟုခေါ်သော FDR- Flight Data Recorder နှင့် CVR-Cockpit Voice Recorder တို့ပါရှိသည့် လေယာဉ်အမြီးပိုင်းကို ရှာဖွေတွေ့ရှိခဲ့ကာ ယင်းလေယာဉ်အမြီးပိုင်းအား ဇွန် ၁၈ ရက် ညနေ ၃ နာရီခွဲတွင်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**


